The **Commerce** Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 17, NO . 3 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 16 , 2017

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို လွှတ်တော်သို့တင်ပြထား၊ ဥပဒေပြဋ္ဌာန်းပြီးပါက အွန်လိုင်းမှပင် မှတ်ပုံတင်နိုင်တော့မည်

စာမျက်နှာ - ၂၁ ➢

## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်လှစ်မည်

စာမျက်နှာ - ၂၃ ➢



## အမေရိကန်အရွေးကောက်ခံသမ္မတနှင့် တရုတ်အလီဘာဘာကုမ္ပဏီလုပ်ငန်းရှင်တို့ အလုပ်အကိုင်ဖန်တီးရေး ဆွေးနွေး

စာမျက်နှာ - ၈ ➢



# မြန်မာ့ရေထွက်ကုန်တွေကို အမေရိကန်နိုင်ငံသို့ တင်ပို့မယ်ဆိုရင်

အမေရိကန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အစစအရာရာမှာ တခြားသော ကမ္ဘာပေါ်ရှိ နိုင်ငံများထက် သာလွန်ကောင်းမွန်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ သူ့နိုင်ငံက ထွက်ရှိတဲ့ကုန်ပစ္စည်းများကို စံချိန်စံညွှန်း အရည်အသွေးတွေအပြင် ထုပ်ပိုးပစ္စည်းများရဲ့ အရည်အသွေးကိုပါ ထည့်သွင်းတွက်ချက်ပြီးမှ တခြားသော ပြည်ပနိုင်ငံများကိုပါ တင်ပို့ခွင့်ပြုနေတဲ့နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။

စာမျက်နှာ - ၁၂ ➢

Berakah Peneil

PENEIL ERP SOFTWARE SOLUTION

Email: contact@bkpeneil.com
Phone: +95-9-795 3979 18, +95-9-2626 16645, Address: Room(609), 6th Floor, A1, Shwegone Thu Condo, Kyeemyindaing Tsp, Yangon, Myanmar

Enterprise Resource Planning (ERP)
Everything Under One Roof!
1. Trading and Distribution Management
2. Manufacturing Management
3. Point of Sales/Retail Management
4. Education Management
5. Construction Management
6. Real Estate Management
7. Fleet Management
8. Restaurant Management
9. Financial Management
10. Human Resource Management
11. Customer Relationship Management

PC/ Web/ Mobile

Financial Management System
1. Advanced and Advanced Clearance System
2. Compute depreciation and post double entries automatically
3. Cash, Credit & Consignment process can be used in Sales/Purchase
4. Tax, duty and other freight charges can be recomputed on orignal cost by using landed costs.
5. FIFO, Average Price, Standard Price can be supported in our ERP software.
6. A lot of Financial Reports.

Education Management System
EMS ဆိုသည်မှာ ကျောင်းသားများနှင့် ဆရာများကို စီမံခန့်ခွဲသော စနစ်ဖြစ်၍ ကျောင်းသားများနှင့် ဆရာများ၏ ကိုယ်ရေးအချက်အလက်များကို အလွယ်တကူသိမ်းဆည်း၊ ရှာဖွေနိုင်ပါသည်။ ကျောင်းသားနှင့်ဆရာများအတွက် အချိန်ဇယား (Timetable) ကို ရေးဆွဲပေးခြင်းအပြင် ကျောင်းသားများ၏ အမှတ်စာရင်းကို အလွယ်တကူကြည့်ရှုစစ်ဆေးနိုင်ရန် ဆောင်ရွက်နိုင်သည်။ ဆရာ၊ ဆရာမ များ၏ လခများကို စီစဉ်တွက်ချက်ပေးနိုင်သည့်အပြင် ကျောင်းသားများပေးသွင်းသည့် ကျောင်းလခနှင့်ကျောင်းကားခ စသည်တို့ကိုလည်း သတ်မှတ်တွက်ချက်ပေးနိုင်သည်အထိ ရေးဆွဲထားပါသည်။

Human Resource Management System
ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို လိုအပ်သလို ရှာဖွေသိမ်းဆည်းနိုင်ပြီး ဝန်ထမ်းများ၏ Attendance၊ ခွင့်ရက်များ၊ အလုပ်ခန့်အပ်ခြင်းစနစ်၊ Project များနှင့် Assign များချပေးခြင်း၊ Overtime နှင့် Payroll စနစ်များကို စီစဉ်ဆောင်ရွက်ပေးနိုင်ပါသည်။ Payroll စနစ်တွင် လူကြီးမင်းတို့၏ Payroll စနစ်ပေါ်မူတည်၍ Company Policy ပေါ်မူတည်ပြီး အသုံးပြုသူမှ ပြောင်းလဲနိုင်သည့်အပြင် HR စနစ်တွင် လိုအပ်သော Report များကို ထည့်သွင်းထားပြီး ဖြစ်ပါသည်။

For more information, please visit www.berakahpeneil.com

# SEIN WUT HMON
CO., LTD.










Yangon Head Office : No(24), Phan Chat Won U Shwe Ohh Street, Industrial Zone (2), Hlaing Thar Yar Township, Yangon.
Tel : + 951-684842, 684862, 0973126116, Fax : + 951-684715
Mandalay Office : 75th Street, Between 34th & 35th Street, Mandalay.
Tel : + 952-34767, 34861 Fax : + 952-39446
Email : seinwuthmon@gmail.com Website : https://swh.com.mm



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ မြန်မာ- ဗီယက်နမ် ကုန်သွယ်မှုမြှင့်တင်ရေးခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊UMFCCI အသင်းချုပ်မှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-ဗီယက်နမ် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးရန် ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

ဇန်နဝါရီ ၉ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Tran Tuan An ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေလျှော့ထားရှိမှုများ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့် အခွင့်အလမ်းများနှင့် ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအား ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီသို့ သွားရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို လေ့လာ၍ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ချစ်ကြည်ရင်းနှီးပွင့်လင်းစွာဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် - စင်ကာပူ စက်မှုဇုန်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ရာ ဇုန်တာဝန်ခံ Mr. Nguyen Phu Thinh က စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် Trung Nguyen Group ၏ ကော်ဖီစက်ရုံသို့လည်းကောင်း၊ညနေပိုင်းတွင် Vietnam Food Association သို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိပါသည်။ **MOC (IR)**

# ပဲခူးမြို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး စတင်ဖွင့်လှစ်



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရုံးကို ဇန်နဝါရီ ၁၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့တွင်လည်း လာမည့် မတ်လအတွင်း ဖွင့်လှစ်မည်ဖြစ်ပြီး ကျန်ရှိနေသေးသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ချင်း ပြည်နယ်တို့တွင်လည်း လာမည့်ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ရုံးခွဲများဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ရုံးခွဲများဖွင့်လှစ်ခြင်းအားဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပင် ရင်းနှီးမြှုပ်နှံခွင့်များလျှောက်ထားရယူနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၂၄ ခုကို ခွင့်ပြုပေးခဲ့

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ဇန်နဝါရီလ ၆ ရက်က ကျင်းပခဲ့သည့် အစည်းအဝေး အမှတ်စဉ် (၁/ ၂၀၁၇)အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၁ ကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ၈၂၆ ဒသမ ၁၁၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်ပေါင်း ၁၄၈၁၅ ခုကိုဖန်တီးပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါခွင့်ပြုခဲ့သည့် လုပ်ငန်း ၂၁ ခုတွင် စက်မှုလုပ်ငန်း ၁၄ ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း တစ်ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်း နှစ်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ လုပ်ငန်း နှစ်ခု၊ အိမ်ရာ အဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း တစ်ခု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတစ်ခု တို့ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှု ၂၁ ခု အနက် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံများမှာ အီတလီနိုင်ငံမှ ငါးခု၊ တရုတ်နိုင်ငံမှ လေးခု၊ အိန္ဒိယနိုင်ငံမှ သုံးခု၊ ဩစတြေးလျ၊ ပြင်သစ်၊ ကနေဒါ၊ ဂျပန်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အိုင်ယာလန်၊ ဟောင်ကောင်နှင့် တရုတ် (တိုင်ပေ)တို့ဖြစ်ကြသည်။

အဆိုပါအစည်းအဝေးမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ၉၄၀ သန်းအပါအဝင် ကျပ်သန်း ၄၆၂၄၃၄ ဒသမ ၅၆၀ ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်ပေါင်း ၃၃၉ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

အဆိုပါခွင့်ပြုလုပ်ငန်းသုံးခုမှာ အိမ်ရာအဆောက်အအုံတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍလုပ်ငန်း တစ်ခု၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍလုပ်ငန်းတစ်ခုနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာကိုယ်စားလှယ်**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီလ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၂၂ သန်းတန်ဖိုးရှိ ဆန်၁၈၂၆၆တန်တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန်တန် ၃၀၀၊ ဧည့်မထဆန် ၁၃၁၁၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထ ဆန် ၁၅၂၈တန်နဲ့လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှငစိန်ဆန်၃၃၂၄ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ဆန်တင်ပို့မှုမှာ တန်ချိန် ၃၀၆၁၂ ဖြစ်တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၁၂၃၄၆ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာဆန်သာမက ဆန်ကွဲပါတင်ပို့မှု လျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၃၄၀ တန်ကို တင်ပို့ခဲ့ရာ စခန်းအလိုက်ကြည့်ပါက မူဆယ် (၁၀၅)မိုင်မှ ဆန်ကွဲ ၁၁၂၆ တန်နဲ့ လွယ်ဂျယ်မှ ၂၁၄တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ၈၆၅၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၃၁၂တန် လျော့နည်းခဲ့ပါတယ်။ ဆန်တင်ပို့မှု လျော့နည်းရခြင်းမှာ တစ်ဖက်နိုင်ငံမှာ အဖမ်းအဆီးအနည်းငယ်ရှိတာရယ်၊ ကွတ်ခိုင်နဲ့နမ့်ဖတ်ကာကြားမှာ ကားလမ်းပိတ်လို့ ကားခတွေဈေးတက်တာရယ်ကြောင့်လို့ မူဆယ်ဆန်ဈေးကွက်မှသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၁ ရက်မှ ၇ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၇ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန်တန် ၃၃၆၀ တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ ငစိန်ဆန်တန် ၅၀၊ ဧည့်မထဆန်တန် ၁၀၀၀၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန်တန် ၃၀၀နဲ့ ငစိန်ဆန်တန် ၇၀၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန်တန် ၈၆၀ နဲ့ ပေါင်းဆန်တန် ၄၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန် ၂၀၇၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂၈၅ တန် ပိုမိုတင်ပို့နိုင်ပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်သာမကဆန်ကွဲလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၆ သန်းတန်ဖိုးရှိ ဆန်ကွဲ တန် ၄၉၅၀ ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ယခင်တစ် ပတ်က ၃၇၇၅တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၇၅တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးကောက်စောစပါးသစ်များ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ်အေးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးကောက်စောစပါးသစ်ဈေးမှာ မြို့နယ်စုံတွင် ၄၆ပေါင်တင်း ၁၀၀ကို ပျမ်းမျှလက်ရှိဈေးမှာ ကျပ်၄၂၀၀၀၀၊ ကျပ်၄၃၀၀၀၀မှ ကျပ် ၄၆၀၀၀၀၊ ကျပ် ၄၇၀၀၀၀ အတွင်းနှင့် ဆန်ဈေးမှာ ၁၀၈ ပေါင် တစ်အိတ်ကို ကျပ်၁၆၀၀၀မှ ကျပ်၁၈၀၀၀အတွင်းရှိပြီး ယခင်နှစ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါတယ်။

ယခင်နှစ်ကာလတူမြို့နယ်စုံရဲ့ ၄၆ ပေါင် တင်း၁၀၀ ဈေးမှာ ကျပ် ၄၈၀၀၀၀၊ ကျပ် ၄၉၀၀၀၀ မှ အမြင့်ဆုံးကျပ် ၅၆၀၀၀၀၊ ကျပ်၅၇၀၀၀၀ဈေးတွင် ဆန်တစ်အိတ်ကိုကျပ်၂၀၀၀၀၊ ကျပ် ၂၂၀၀၀ အထိရှိကြောင်း၊ ယခင်နှစ်ထက် ယခုနှစ်စပါးဈေးမှာ ၄၆ပေါင်တင်း ၁၀၀ကို ပျမ်းမျှ ကျပ် ၆၀၀၀၀ မှ သိန်း ဂဏန်း ဝန်းကျင်ဈေးနှုန်းကျဆင်းလျက်ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀ မှ ကျပ် ၄၀၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း၊ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှထွက်ရှိလာသော စပါးများမှာအရည်အသွေးနှင့်ဈေးကွက်ဝယ်လိုအား အခြေအနေပေါ် မူတည်ပြီး ဈေးနှုန်းများကွာခြားရခြင်းဖြစ်၍ယခုလက်ရှိအခြေအနေမှာလည်း တိုင်းအတွင်း မြို့နယ်စုံဆန်စပါးအရောင်းအဝယ်အေးလျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ဆန်အဝင်ပါးပေမယ့် ဈေးငြိမ်

ယခုတစ်ပတ်မှာ ဆန်ချော၊ ဆန်ကြမ်းအဟောင်းရောအသစ်ပါဈေးငြိမ်နေသလို အရောင်းအဝယ်လည်းငြိမ်နေတယ်လို့ ရန်ကုန်မြို့ရဲ့ ဝါးတန်းဆန်ဈေးကွက်မှ သတင်းရရှိပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းတွေအရ ဆန်ဈေးများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ်၃၈၀၀၀၊လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ပုသိမ်၊မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၄၀၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်း ဆန်ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ် ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၃၀၀၀ မှ ၄၄၅၀၀ကျပ်၊ ပေါ်ဆန်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၂၅၀၀၀မှ ကျပ် ၂၉၀၀၀ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ဧည့်မထဆန်ထိပ်စတစ်အိတ် ၁၉၅၀၀ကျပ်၊ လတ်စတစ်အိတ် ၁၈၅၀၀ ကျပ်၊ နွေသီးထပ်(ရှယ်) တစ်အိတ်ကျပ် ၁၉၀၀၀မှကျပ် ၂၀၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ် ၁၉၅၀၀ ကျပ်မှ ကျပ် ၂၁၀၀၀၊ မနောသုခတစ်အိတ်ကျပ် ၂၄၀၀၀မှ ကျပ်၂၅၀၀၀၊ အိတ်စပို့ ၂၅ မှတ် တစ်အိတ် ကျပ် ၁၅၀၀၀မှ ကျပ်၁၆၀၀၀၊ ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်ကျပ်၁၇၀၀၀မှကျပ် ၁၇၅၀၀နဲ့ဈေးအတက် အကျမရှိငြိမ်နေပါတယ်။

ကုန်စည်ဒိုင်ကို ဆန်အဝင်ပါးပေမယ့် ဈေးမမြင့်ဘဲ အရောင်းအဝယ်လည်း ငြိမ်နေတယ်လို့သိရပါတယ်။ ဆန်အဝင်ပါးရသည့် အကြောင်းရင်းမှာ ဆန်စက်လုပ်ငန်းရှင်တွေက ဈေးမကိုက်တဲ့အတွက် လိုသလောက်သာ ဝယ်ယူကြိတ်ခွဲကြပြီး ပစ္စည်းကောင်းရင်တော့ ဝယ်သူအကြိုက်ရှိတဲ့အတွက် ဈေးမာရတယ်လို့သိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅မှတ်ဆန်၊မျော်ဘီနဲ့ စူပါတစ်အိတ် ၁၂၆ ယွမ်မှ ၁၂၈ ယွမ်၊ဧည့်မထ ၁၀မှတ်ဆန်တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၅ ယွမ်၊ ဧည့်မထ၁၅ မှတ်ဆန်တစ်အိတ် ၁၁၈ယွမ်မှ ယွမ် ၁၂၀၊ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ် ၁၁၅ယွမ်မှ ၁၁၇ယွမ်၊ ဧည့်မထ ၃၅ မှတ်ဆန်တစ်အိတ် ၁၀၉ယွမ်မှ ယွမ်၁၁၀၊ ငစိန် ၅မှတ်ဆန် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ် ဆန်တစ်အိတ် ၁၁၈ ယွမ်မှ ၁၂၂ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၇ ယွမ်ရှိပြီး တစ်အိတ်ကိုတစ်ယွမ်ခန့် ဈေးကျကြောင်းသိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇန်နဝါရီ ၆ ရက်မှ ၁၂ရက်အထိ တန်ချိန်၃၁၁၄၆ရှိပါတယ်။ ဇန်နဝါရီ ၁၃ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၃ ဒသမ ၀၅ ကျပ်ဈေးပေါက်တယ်လို့ သိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၃-၁-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၁ | ၃၉၁ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၀ | ၃၇၇ | △ | ၃၅၀ | - | - | ၃၅၀ | ၃၅၅ | △ | ၃၄၅ | ၃၃၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၆၉ | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၅ | - | - | ၃၄၅ | - | - | - | - | - | - | ၃၃၅ | - |
| ဆန်ဖြူ ၂၅% | ၃၆၁ | ၃၆၈ | △ | ၃၃၅ | - | - | ၃၃၀ | ၃၄၀ | △ | ၃၁၅ | ၃၂၅ | △ |
| ပေါင်းဆန် | ၃၈၇ | ၃၉၁ | △ | - | - | - | ၃၅၅ | ၃၄၀ | ▽ | - | ၃၆၅ | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၁၃-၁-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၀၀ | ▽ | ၁၆၅၀၀ | ▽ | ၀၂၀၀ | □ | ၃၆၀၀၀ | □ |
| ပုသိမ် | ၄၆၀၀ | ▽ | ၂၁၅၀၀ | ▽ | ၆၀၃၀ | ▽ | ၂၀၀၀၀ | ▽ |
| ပဲခူး | ၄၁၀၀ | ▽ | ၁၀၀၀၀ | ▽ | ၆၀၀၀ | ▽ | ၂၇၀၀၀ | ▽ |
| ရွှေဘို | ၅၀၀၀ | △ | ၂၁၀၀၀ | △ | ၉၁၀၀ | ▽ | ၃၃၀၀၀ | ▽ |
| စစ်တွေ | ၃၀၀၀ | ▽ | ၁၆၀၀၀ | ▽ | ၇၂၀၀ | ▽ | ၂၉၀၀၀ | ▽ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၄၀၀ | ▽ | ၁၀၀၀၀ | ▽ | - | - | ၃၂၀၀၀ | ▽ |
| ရန်ကုန်(ဝါးတန်း) | ၄၁၀၀ | △ | ၁၀၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၆၇၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၀၀၀၀ | ▽ | ၂၃၅၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | ▽ | ၁၆၅၀၀ | △ | ၆၁၀၀ | ▽ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၁၀၀၀ | □ | - | - | ၁၆၀၀၀ | □ |
| ဘားအံ | ၄၀၀၀ | ▽ | ၁၀၀၀၀ | ▽ | - | - | ၃၃၀၀၀ | ▽ |
| တောင်ကြီး | - | - | ၂၁၅၀၀ | □ | - | - | ၄၁၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၉-၁-၂၀၁၇ မှ ၁၃-၁-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 654 | 34,572,874.339 |
| 2 | Form D | 57 | 2,547,910.310 |
| 3 | Form E | 112 | 2,191,050.290 |
| 4 | Korea GSP | 6 | 216,809.030 |
| 5 | Form AK | 115 | 4,782,553.550 |
| 6 | Form AJ | 11 | 551,207.602 |
| 7 | Form AI | 44 | 2,684,549.370 |
| 8 | Form AANZ | 8 | 162,359.750 |
| 9 | Form DFTP | - | - |
| Grand Total | | 1007 | 47,709,314.241 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၃-၁-၂၀၁၇ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၆/၁၁ | ၁၃/၁ | ပြောင်းလဲမှု | ၆/၁ | ၁၃/၁ | ပြောင်းလဲမှု | ၆/၁၁ | ၁၃/၁ | ပြောင်းလဲမှု | ၆/၁၁ | ၁၃/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၈၁၄ | ၁၇၁၆ | ▼ | ၁၉၁၇ | ၁၈၃၃ | ▼ | ၁၅၅၀ | ၁၅၀၀ | ▼ | ၁၇၅၀ | ၁၆၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၀၃ | ၁၂၄၁ | ▼ | - | - | - | - | ၁၂၃၅ | - | ၁၂၇၅ | ၁၂၃၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၂၃၀ | ၁၂၆၅ | ▲ | ၁၃၃၃ | ၁၇၂၄ | ▼ | ၁၃၆၀ | ၁၄၄၇ | ▲ | ၁၂၁၀ | ၁၂၄၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၃၆၀၀ | ၃၆၀၀ | ■ | - | - | - | - | ၂၄၇၄ | - | ၂၄၇၅ | ၂၄၂၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၈၀ | ▲ | ၁၄၈၃ | ၁၄၅၀ | ▼ | - | ၁၃၇၅ | - | ၁၂၉၀ | ၁၃၇၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | - | - | - | ၈၄၂ | - | ၇၆၀ | ၇၆၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၆-၁-၂၀၁၇ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၆/၁ | ၁၃/၁ | ပြောင်းလဲမှု | ၆/၁ | ၁၃/၁ | ပြောင်းလဲမှု | ၆/၁ | ၁၃/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၆၀ | ၈၀၀ | ▼ | ၉၂၉ | ၈၈၂ | ▼ | ၈၈၅ | ၈၈၂ | ▼ |
| ၂ | ပဲစင်းငုံ | ၆၂၀ | ၅၇၀ | ▼ | ၆၆၄ | ၆၄၇ | ▼ | ၆၉၃ | ၆၈၃ | ▼ |
| ၃ | ပဲတီစိမ်း | ၅၅၀ | ၅၅၀ | ■ | ၆၄၉ | ၆၃၂ | ▼ | ၆၇၉ | ၆၆၁ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၁၅၀ | ၁၁၅၀ | ■ | ၁၀၃၃ | ၉၄၈ | ▼ | ၁၀၃၃ | ၉၄၈ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၃၁.၁၂.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၇.၁.၁၇)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၇) မှ (၇.၁.၁၇) ထိ |
|---|---|---|---|
| မတ်ပဲ | ၄၉၅၉၀၆ | ၁၃၃၅၇ | ၁၃၃၅၇ |
| ပဲတီစိမ်း | ၁၈၁၉၂၁ | ၁၃၉၀ | ၁၃၉၀ |
| ပဲစင်းငုံ | ၂၀၇၅၅၁ | ၁၂၄၉ | ၁၂၄၉ |
| ကုလားပဲ | ၂၉၄၁၅ | ၁၄၂ | ၁၄၂ |
| ပဲလွန်းဖြူ | ၁၈၀၅၆ | - | - |
| မြေထောက်ပဲ | ၁၃၂၃၃ | - | - |



## ပြည်ဈေးကွက်သို့ နယ်စုံမှ ပဲလွန်းဖြူ ဝင်ရောက်လာပြီး လက်လီအရောင်းအဝယ်သွက်

ပြည်ပဲဈေးကွက်သို့ ပဲလွန်းဖြူသီးနှံသစ်များ ဆက်လက်ဝင်ရောက်နေခဲ့တာကိုတွေ့ရပါတယ်။ ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့သလိုသာယာဝတီခရိုင်၊ မိုးညှင်းနဲ့ဟသ်ာတ၊ အောင်လံမြို့နယ်များမှလည်း ပဲသစ်များနေ့စဉ်ဝင်ရောက်နေခြင်းဖြစ်ကာ လက်လီဝယ်လက်များ အဝယ်သွက်နေခဲ့တယ်လို့လည်းသိရပါတယ်။ ပဲဈေးနှုန်းမှာ ပဲအရည်အသွေးပေါ်လိုက်ပြီး ကွာခြားမှုရှိတာကြောင့် ပဲတစ်တင်းလျှင် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၇၀၀၀ အကြား ရရှိခဲ့လို့ ဈေးမြင့်တာလာခြင်းမျိုးမရှိဘဲ လဆန်းရက်ကဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ကလည်း နှစ်ဆန်းပိုင်းဈေးမှာ တစ်တင်း ကျပ် ၂၇၅၀၀ သာရရှိခဲ့လို့ ယခုနှစ်ဈေးကလည်း ကျပ် ၂၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့တဲ့အတွက် အခြားပဲများကဲ့သို့ ဈေးအတက်အကျသိပ်မဖြစ်ခဲ့ဘဲ ဈေးငြိမ်နေတယ်လို့ဆိုရမှာဖြစ်ပါတယ်။ **ခင်ဆွေဝင်း**

# ဇန်နဝါရီ ဒုတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်းနှင့် အချို့ပဲသစ်များ ဆက်လက်ဝင်ရောက်လျက်ရှိ



ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်းသို့ ဇန်နဝါရီလဆန်းပိုင်းအတွင်း ပဲသစ်အမယ်စုံ ဝင်ရောက်လျက်ရှိရာ မတ်ပဲ၊ ပဲတီစိမ်း၊ပဲစင်းငုံ၊ ပဲလွန်းဖြူ၊ ပဲပုပ်၊ ဘိုကိတ်ပဲသီးနှံများနေ့စဉ်ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ကုလားပဲ၊ ပဲကြီး၊ ထောပတ်ပဲ၊ ပဲနီပြားသီးနှံများအနေဖြင့် ပဲသစ်ဝင်ရောက်မှုမရှိသေးဘဲ ပဲဟောင်းလက်ကျန်များနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြတာကိုတွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ဒီဇင်ဘာလကုန်ပတ်မှစ၍ ပဲသစ်အချို့ဝင်ရောက်ခဲ့ကာ ယခုဇန်နဝါရီ ဒုတိယပတ်အတွင်းမှာ အိတ် ၁၀၀/၁၅၀ ကျော်ထိ ပန်းတောင်း၊ ကံမမြို့နယ်မှ ဝင်ရောက်သလို ရန်ကုန်ဝယ်လက်မှလည်း နေ့စဉ်အဝယ်ရှိခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ လဆန်းရက်က ပဲဈေးပြန်လှုပ်လာလို့ တစ်တင်းကျပ် ၃၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ယခုတစ်ပတ်မှာ ဈေးလျှော့သွားလို့ တစ်တင်းကျပ် ၃၄၀၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ၂၀၁၆ နှစ်ဆန်းပိုင်းကာလက ပဲသစ်များ ဝင်ရောက်မှုသိပ်မများဘဲ ပဲဈေးကတော့ တစ်တင်းကျပ် ၅၉၀၀၀ ဖြင့် ရောင်းဝယ်ကြပေမယ့် ယခုနှစ်မှာ ပဲဝင်ရောက်မှု များလာသော်လည်း ပဲဈေးက တစ်စတစ်စလျှော့နည်းနေခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ပဲဟောင်းလက်ကျန် လက်ဝယ်ရှိသူ ကုန်သည်အချို့နှင့် တောင်သူအချို့လည်း ပဲဟောင်းများ ဆက်ထားရကောင်းနိုး၊ ရောင်းရကောင်းနိုးနှင့် စဉ်းစားရကြပ်နေတယ်လို့ ပဲလှောင်သူအချို့ထံမှ ကြားသိရပါတယ်။

ပဲတီစိမ်းသီးနှံအနေဖြင့် ဒီဇင်ဘာမှ ဇန်နဝါရီ ပထမပတ်ထိ ပဲအဝင်သွက်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပဲဝင်ရောက်မှု အနည်းငယ်လျော့နည်းလာတာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ကံမမြို့နယ်နှင့် ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ပေမယ့် ဝင်ရောက်မှုလျော့သွားလို့ အိတ် ၂၀၀/၃၀၀ခန့်သာ ဝင်ရောက်ပြီး မန္တလေးလိုင်းသမားများ ဝင်သလောက် ဝယ်ယူလို့ နေ့စဉ်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၉၅၀၀ ဖြင့် အရည်အသွေးပေါ်မူတည်၍ ဈေးပေးဝယ်ယူတာကြောင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုလာခဲ့ပေမယ့် မတ်ပဲဈေးလောက်တော့ ဈေးမရခဲ့ဘူးလို့ သိရပါတယ်။ ယခင်နှစ် နှစ်ဆန်းပိုင်းမှာ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းဟာလည်း တစ်တင်းကျပ် ၃၈၀၀၀ ရရှိခဲ့လို့ ယခုနှစ်မှာတော့ ပြည်ပ ဝယ်လက်ပဲအားလုံးလိုလို ဈေးလျော့နေတာကြောင့် ပဲတီစိမ်းသီးနှံဟာလည်း ကျပ်သုံးသောင်းအောက်သာ ရရှိခဲ့ပါတယ်။

ပြည်တွင်းဝယ်လက်ပဲထဲမှာတော့ ကုလားပဲသီးနှံမှာ ယခင်နှစ်ကစပြီး ယခုနှစ်ဆန်းပိုင်းကာလအထိ ဈေးကွက်အတွင်း ဈေးကောင်းရလျက်ရှိတာကြောင့် ပြည်ပဝယ်လက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ သီးနှံထက်ပင် ဈေးပိုရကာတစ်တင်းကျပ်ငါးသောင်းကျော်အထိ ရရှိခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ ပဲဈေးအနည်းငယ်လျော့သွားခဲ့လို့ တစ်တင်းကျပ် ၄၉၀၀၀ဖြင့် လက်ကျန်ပဲများအား ဒေသအတွင်းရှိ ပဲခွဲစက်သမားများနေ့စဉ်ဝယ်ယူကြတယ်လို့လည်းသိရပါတယ်။ပဲကြီးသီးနှံမှာဈေးအတက်အကျသိပ်မဖြစ်ဘဲ (ရွှေကျွန်း)တစ်တင်းကျပ် ၂၉၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၇၀၀၀ ဖြင့် ပဲသစ်ဝင်ရောက်မှုမရှိသေးတဲ့အတွက် လက်ကျန်ပဲများအိတ် ၂၀၀/၂၅၀ကျော် ပဲကြော်ဖိုသမားများ ပုံမှန်ဝယ်ယူမှုရှိခဲ့ကြပါတယ်။

ဘိုကိတ်ပဲသစ်များလည်း အဝင်ဆက်ရှိကာ ရန်ကုန်-ပြည်ရထားလမ်းတစ်လျှောက်မြို့နယ်များမှ ဝယ်ယူကြတဲ့အတွက် တစ်ရက်အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးလျော့သွားလို့ တစ်တင်း ကျပ် ၂၆၀၀၀ ရရှိခဲ့သလို ထောပတ်ပဲ၊ ပဲနီပြားသီးနှံများလည်း ပဲဟောင်းလက်ကျန် အနည်းငယ်ဖြင့်လက်လီဝယ်ယူမှုများရှိခဲ့ကြပါတယ်။ဈေးနှုန်းအနေဖြင့် ဈေးအေးခဲ့တဲ့ပဲများဖြစ်တာကြောင့် ထောပတ်ပဲ တစ်တင်း ကျပ် ၁၄၅၀၀၊ ပဲနီပြားတစ်တင်း ကျပ် ၁၉၀၀၀ဖြင့် ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲပုပ် ပိုမိုဝင်ရောက်လာလို့ ဈေးလျော့ကျ

ပြည်ပဲဈေးကွက်အတွင်း ပဲသစ်မျိုးစုံ ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာလလယ်မှစ၍ ဈေးကွက်သို့ ပဲပုပ်သီးနှံများ စတင်ဝင်ရောက်ခဲ့ပါတယ်။ ယခု ဇန်နဝါရီလ ဒုတိယပတ်အတွင်းမှာ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ ပဲအဝင်များလာတဲ့အတွက် တစ်ရက်လျှင် အိတ် ၇၀/၈၀ မှ ၁၀၀ ကျော်အထိ ဝင်ရောက်လာတာကြောင့် ပဲဈေးနှုန်းမှာ တစ်တင်း ကျပ်၁၉၅၀၀ဖြင့် ဈေးနှုန်းအနည်းငယ် လျော့နည်းသွားခဲ့ပါတယ်။ ပဲသစ်အဖွင့်ဈေး စဖွင့်ချိန်က တစ်တင်းကျပ်၂၃၀၀၀ဖြင့် ပဲဟောင်းဈေးထက် အနည်းငယ်ပိုခဲ့ပေမယ့် ပဲဝင်ရောက်မှုများလာချိန်မှာတော့ ဈေးလျော့လာတဲ့အတွက် ပဲအထွက်လှိုင်လာချိန် ဝင်ရောက်မှု သိသိသာသာ ပိုလာချိန်မှာလည်း ဈေးအတက်အကျ အခြေအနေကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံ အဝင်ရှိသလောက် အဝယ်သွက်လျက်ရှိ

ဇန်နဝါရီ ဒုတိယပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများအနက် ပဲစင်းငုံသီးနှံပဲဝင်ရောက်မှုများလာသလိုအရောင်းအဝယ်လည်းသွက်နေခဲ့လို့ ပဲတီစိမ်းသီးနှံထက်ပင် ပိုအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ တစ်ရက်လျှင်အိတ်၃၀၀/၄၀၀ကျော်၊ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ အဓိကဝင်ရောက်ပြီး ရန်ကုန်ဝယ်လက်က နေ့တိုင်းဝယ်ယူလျက်ရှိတာကြောင့် အဝင်ရှိသလောက် အရောင်းသွက်ခဲ့တယ်လို့ဆိုပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၄၃၀၀ဖြင့် ယခင်တစ်ပတ်ကထက် ဈေးလျော့နည်းခဲ့ပါတယ်။ ယခင်တစ်ပတ် လဆန်းရက်က တစ်တင်း ကျပ်၂၆၅၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့လို့ဝင်ရောက်မှုများလာချိန်မှာအရည်အသွေးပေါ်မူတည်၍ ဈေးအတက်အကျရှိခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

# ၂၀၁၆ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တို့၏နှစ်စတွင် ဖြစ်ပေါ်ခဲ့တဲ့ ပြည်ဆီထွက်သီးနှံဈေးနှုန်း

ပြည်ဈေးကွက်ရှိ ဆီထွက်သီးနှံများဖြစ်သော နှမ်းနှင့် မြေပဲသီးနှံများကို ၂၀၁၆ နှစ်စနဲ့၂၀၁၇ နှစ်စကို နှိုင်းယှဉ် ကြည့်မယ်ဆိုလျှင် ၂၀၁၆နှစ်စတွင် နှမ်းနီဈေးမှာ တစ်တင်းလျှင် ကျပ်၂၆၀၀၀ရှိခဲ့ပါတယ်။ ၂၀၁၇နှစ်စတွင် နှမ်းနီ တစ်တင်းလျှင် ၂၆၆၀၀ကျပ်ဖြင့် မနှစ်ကထက်စာလျှင် ယခုနှစ်မှာ တစ်တင်းလျှင် ကျပ် ၆၀၀ ဈေးပိုလာတာ တွေ့ရပါတယ်။ မနှစ်ကထက်ဈေးပိုရခြင်းမှာ မကွေးဆီစက်သမားများက အဝယ်လိုက်လာသဖြင့် ဈေးမြင့်လာတာဖြစ်ပါတယ်။ ရိုးရိုးနှမ်းနက်ဈေးမှာ ၂၀၁၆နှစ်စတွင် တစ်တင်းလျှင် ကျပ် ၄၃၀၀၀ ဖြစ်ခဲ့ပြီး ၂၀၁၇ နှစ်စတွင် တစ်တင်းလျှင် ကျပ် ၂၈၃၀၀ ဖြင့် တစ်တင်းလျှင် ကျပ် ၁၄၇၀၀ခန့် မနှစ်ကဈေးအောက် ကျလာတာတွေ့ရပါတယ်။ မနှစ်က အထွက်နှုန်းလည်းနည်းပြီး အဝယ်လိုက်သဖြင့် ယခုနှစ်ထက်စာရင် ဈေးမြင့်ခဲ့တာဖြစ်ပါတယ်။ ထို့အတူ စမုံနက်နှမ်းဈေးမှာလည်း ၂၀၁၆ခုနှစ်က နှစ်စတွင် တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဈေးဖြစ်ခဲ့ပြီး ၂၀၁၇ခုနှစ်တွင် တစ်တင်းလျှင် ကျပ် ၄၃၀၀၀ ဖြင့် တစ်တင်းလျှင် ကျပ် ၁၇၀၀၀ ခန့်ဈေးကျလာတာ တွေ့ရပါတယ်။

ယခင်နှစ်က စမုံနက်နှမ်းဈေး ဈေးမြင့်ရခြင်းမှာ အရှည်အသွေးကောင်း၍ တရုတ်မှအဝယ်လိုက်လာလို့ဖြစ်ပြီး ယခုနှစ်တွင်မူ အဝယ်သိပ်မရှိသဖြင့် ဈေးကျလာတာဖြစ်ပါတယ်။ မြေပဲဆီဆန်ဈေးမှာမနှစ်က တစ်ပိဿာလျှင်၁၉၆၅ကျပ်ရှိခဲ့ပြီး ယခုနှစ်နှစ်စတွင် ဆီဆန် တစ်ပိဿာလျှင် ၁၇၅၀ကျပ်ရှိသဖြင့် မနှစ်ကဈေးထက်စာလျှင် ၂၁၅ကျပ် ဈေးကျလာတာ တွေ့ရပါတယ်။ ထို့အတူ လုံးဆန်ဈေးမှာလည်း မနှစ်ကနှစ်စတွင် တစ်ပိဿာလျှင် ၂၄၇၅ ကျပ်ခန့်ရှိခဲ့ပြီး ယခုနှစ်စတွင် တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ရှိသဖြင့် မနှစ်က ဈေးထက်စာလျှင် ၁၇၅ကျပ်ဈေးကျလာတာ တွေ့ရပါတယ်။ ယခုနှစ်တွင် မြေပဲအထွက်များပြီး အဝယ်အနည်း ငယ်သာရှိသဖြင့် မနှစ်ကဈေးကို မမီတာ တွေ့ရပါတယ်။ မနှစ်က မြေပဲဆီဆန်ဈေးပိုရခြင်းမှာ ရာသီဥတုဒဏ်ကြောင့် ပဲခင်းများ အပျက်အစီးများပြီး အထွက်နှုန်းနည်းကာ အဝယ်လိုက်သဖြင့်ဈေးပိုရခြင်းဖြစ်ပါတယ်။

**ဝေဝေမင်း**



# ဇန်နဝါရီဒုတိယပတ်အတွင်း မုံရွာကုန်စည်ဒိုင်သို့ ပဲအသစ်မျိုးစုံဝင်ရောက်

ဇန်နဝါရီဒုတိယပတ် မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံအသစ်များအဖြစ် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွန်းပြာ၊ ပဲလွန်းဖြူ ပဲယင်းစသည့် ပဲသစ်များဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများတွင် ပဲတီစိမ်းသီးနှံမှာ ဝင်ရောက်မှုအများဆုံးဖြစ်ပြီး အရောင်းအဝယ်အသွက်ဆုံးသီးနှံဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်ပဲတီစိမ်း(ကြီး) တစ်တင်းပေါက်ဈေးမှာ ကျပ် ၂၇၀၀၀၊ (သေး) ၂၅၂၀၀ ကျပ်ဖြစ်ပြီး၊ တစ်ရက်(ကြီး) အိတ်၇၀၀ ခန့် (သေး) ၅၀၀ခန့် အရောင်းအဝယ်သွက်နေကြောင်းသိရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံသီးနှံမှာလည်း အနည်းငယ် ဝင်ရောက်မှုရှိလာပြီး ရန်ကုန်ဝယ်လက်အဆွဲရှိနေလို့ နေ့စဉ် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ မတ်ပဲသီးနှံ(အထွက်တိုး) တစ်တင်း ၃၁၅၀၀ ကျပ်၊ (ကုန်း)၃၃၄၀၀ ကျပ်နဲ့ တစ်ရက်အိတ် ၇၀၀ ခန့်နှင့် ပဲစင်းငုံသစ် တစ်တင်း ၂၅၂၀၀ကျပ်၊ အဟောင်းကျပ် ၂၄၀၀၀နှုန်းပေါက်ပြီး အသစ်ရော အဟောင်းပါ တစ်ရက်အိတ် ၃၅၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ဒေသတွင်းသုံး ပဲများဖြစ်သော ပဲလွန်းဖြူတစ်တင်းပေါက်ဈေးမှာ ၂၇၅၀၀ ကျပ်နဲ့ အိတ် ၁၀၀ ခန့်၊ ပဲလွန်းပြာ ၂၄၅၀၀ကျပ်နှုန်းပေါက်ပြီး အိတ် ၁၅၀ခန့်၊ ပဲယင်းတစ်တင်းပေါက်ဈေးမှာ ကျပ် ၁၆၀၀၀ နှင့် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ကုလားပဲမျိုးစုံသီးနှံ တစ်တင်းပေါက်ဈေးမှာ ကုလားပဲဖြူလုံးကြီး V2 ကျပ် ၄၇၀၀၀၊ 929 ကျပ် ၄၆၀၀၀၊ ထိုင်ဝမ် ကျပ် ၄၆၀၀၀ အသီး သီးပေါက်ပြီး ပဲကြီးတစ်တင်းပေါက်ဈေးမှာ ၂၈၅၀၀ကျပ်ဖြစ်ကာ ဒေသတွင်း ဝယ်လက်အဆွဲရှိလို့ တစ်ရက်အိတ် ၂၀၀ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ စွန်တာနီ ပဲတစ်တင်း ၂၁၅၀၀ ကျပ်၊ မလွှန်းပို ပဲတစ်တင်း ကျပ် ၂၅၀၀၀၊ ထောပတ်ပဲတစ်တင်း ၁၃၅၀၀ကျပ်၊ မြေထောက်ပဲတစ်တင်း ကျပ် ၂၇၀၀၀၊ ပဲပုပ်စေ့ တစ်တင်း၁၅၅၀၀ကျပ်၊ ပုဂံပဲတစ်တင်းကျပ် ၃၀၀၀၀၊ ပဲဖြူလေး တစ်တင်းကျပ် ၂၂၀၀၀၊ စားတော်ပဲတစ်တင်း ကျပ် ၂၈၀၀၀ အသီးသီး ဈေးပေါက်ပြီး နေ့စဉ်လက်လီအနေနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ ချောင်းဦး၊ မြင်းမူမြို့နယ်များမှ မြေပဲလုံးဆန်အသစ်များ ဝင်ရောက်လာပြီး နေ့စဉ် မန္တလေးဝယ်လက်အဆွဲရှိလို့ အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် မြေပဲဆန် တစ်ပိဿာဈေးနှုန်းမှာ လုံးဆန်ဖြူ ၂၅၀၀ ကျပ်၊ ဆီဆန်ဖြူ ကျပ်၁၉၀၀၊ လုံးဆန်နီ ကျပ် ၂၄၀၀ အသီးသီး ဈေးပေါက်လျက်ရှိပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်ပိဿာ ၂၁၆၇ ကျပ်ဖြစ်ပြီး တစ်ရက် အိတ် ၃၀၀ခန့် နှမ်းနက် တစ်ပိဿာ ၂၇၃၃ ကျပ်နှုန်းနှင့် တစ်ရက်အိတ် ၁၀၀ ခန့် နှမ်းညိုတစ်ပိဿာ ၁၅၃၃ ကျပ် အသီးသီးအရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**



# ကသာခရိုင်ထွက်မြေထောက်ပဲများကို မန္တလေးဈေးကွက်သို့ အများဆုံးတင်ပို့

ကသာခရိုင် ထီးချိုင့်မြို့နယ်နဲ့ ကသာမြို့နယ်ရေဝတီမြေနုကျွန်းများမှာ ပဲမျိုးစုံစိုက်ပျိုးလျက်ရှိပြီး ဈေးကောင်းရတဲ့ မြေထောက်ပဲကို သီးထပ်၊ သီးညှပ် စိုက်ပျိုး ကြပါတယ်။ ယခုနှစ်တွင် မြေထောက်ပဲမှာ ရာသီဥတုအခြေအနေကောင်းမွန်မှုကြောင့် အထွက်ကောင်းတဲ့အပြင် တစ်တင်း ကျပ် ၂၅၀၀၀ကျော်နဲ့ ဈေးကောင်းရပြီး မန္တလေးဈေးကွက်ကို အများဆုံးတင်ပို့နေတယ်လို့ ဈေးကွက်မှ သိရပါတယ်။

မြေထောက်ပဲကို အောက်တိုဘာ၊ နိုဝင်ဘာလမှာ စိုက်ပျိုးပြီး ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလလောက်မှာ ရိတ်သိမ်းကြပါတယ်။ ဒေသတွင်းစားသုံးမှုအနေနဲ့ နှစ်ပေါက် လှော်ထားပြီး မိသားစု ဟင်းလျာအဖြစ် စားသုံးကြပါတယ်။ ယခင်နှစ်ကာလတုန်းက မြေထောက်ပဲ တစ်တင်း ကျပ် ၂၀၀၀၀ နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ယခုနှစ်မှာတစ်တင်း ကျပ် ၂၅၀၀၀ နဲ့ဈေးဖွင့်လို့ မြေထောက်ပဲစိုက်တောင်သူများဈေးကောင်းရနေတယ်လို့ မြေထောက်ပဲစိုက်တောင်သူများထံက သိရပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

# လက်လီပဲဈေးကွက်အတွင်း ပြည်စားတော်ပဲများ ဈေးကောင်းရ

ပြည်လက်လီဈေးကွက်အတွင်း ဈေးမြင့်တက်နေတဲ့ ပဲကတော့ စားတော်ပဲသီးနှံဖြစ်ပါတယ်။ တစ်တင်းလျှင် ကျပ် ၃၉၅၀၀မှ ကျပ် ၄၀၀၀၀ အထိ ဈေးကောင်းလာပြီး ပြည်ပဝယ်လက် မတ်ပဲ၊ ပဲတီစိမ်းသီးနှံများထက်ပင် ဈေးကောင်းရခဲ့ကာ ပဲသစ်များ ဝင်ရောက်မှုမရှိသေးသော်လည်း ပဲဟောင်း လက်ကျန်များနဲ့ လက်လီသမားများ နေ့စဉ်ဝယ်ယူလို့ အိတ်အနည်းငယ်ရောင်းဝယ်မှုဖြစ်ခဲ့ကြပါတယ်။ စားတော်ပဲသီးနှံဟာ နှစ်စဉ်လိုလိုဈေးကောင်းရခဲ့တာကြောင့် ယခင်နှစ်က နှစ်ဆန်းပိုင်းကလည်း တစ်တင်းကျပ်လေးသောင်းကျော်ရရှိခဲ့တာကိုတွေ့ရပါတယ်။ ဒါကြောင့် နှစ်စဉ်လိုလို ပြည်တွင်း လက်လီ ပဲဈေးကွက်မှာ စားတော်ပဲသီးနှံဟာ ဈေးကောင်းရလျက်ရှိတဲ့ ပဲဖြစ်ခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ဈေးကွက်မှာ နှမ်းနီနှင့်စမုံနက်နှမ်းဈေးကျပြီး နှမ်းနက်အသစ်ဈေး အနည်းငယ်ပြန်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီနဲ့ စမုံနက်နှမ်းဈေးကျနေပြီး ရိုးရိုးနှမ်းနက်အသစ်ဈေးမှာ အနည်းငယ်ပြန်တက်လာတာတွေ့ရပါတယ်။ နတ်တလင်းနဲ့ ပေါင်းတည်ဘက်မှ တစ်နေ့လျှင် နှမ်းအိတ် ၅၀၀ ခန့်သာ အဝယ်ရှိတော့တာ တွေ့ရပါတယ်။ နှမ်းနီဈေးကျရခြင်းမှာ စားသုံးသူများက နှမ်းဆီကိုမစားဘဲ စားအုန်းဆီကိုသာ အဓိကထားစားသုံးကြသဖြင့် နှမ်းဆီအဝယ်မရှိလို့ ဈေးကျလာတာဖြစ်တယ်လို့ သိရပါတယ်။ အဲဒါကြောင့် နှမ်းနီဈေးမှာ တစ်တင်းလျှင် ကျပ် ၂၅၀၀၀ နဲ့ ယခင်တစ်ပတ်ထက်စာလျှင် တစ်တင်းကို ၁၆၀၀ ကျပ်ခန့် ဈေးကျသွားတာ တွေ့ရပါတယ်။ နှမ်းနက်ဈေးမှာ တစ်တင်းလျှင် ၂၉၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ကျပ် ၇၀၀ ခန့်ဈေးမြင့်လာရခြင်းမှာ အောင်လံဘက်မှ ဝယ်လက်များက အဝယ်ရှိလို့ ဖြစ်ပါတယ်။ စမုံနက်နှမ်းဈေးမှာ တစ်တင်းလျှင် ၃၆၆၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် တစ်တင်းကို ၆၄၀၀ ကျပ်ခန့်ဈေးကျလာရခြင်းမှာ ဝယ်လက်ပျောက်နေတဲ့အတွက်ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

**ဝေဝေမင်း**

## ကြက်သွန်နီ

### နယ်စပ်ဒေသများမှ အဝယ်လိုက်လာသဖြင့် ပြည်ပွဲရုံများတွင် ကြက်သွန်နီသစ်များ ဈေးမြင့်တက်

ဇန်နဝါရီလ ဒုတိယပတ်ကပြည်ပွဲရုံများတွင် ကြက်သွန်နီအသစ်တွေဝင်ရောက်မှုရှိနေပေမယ့် ဈေးနှုန်းမြင့်တက်နေတာတွေ့ရပါတယ်။ ယခုဈေးကွက်မှာ ထွက်ပေါ်လာတဲ့ ကြက်သွန်နီအသစ်တွေက ပြီးခဲ့တဲ့မိုးစိုက်ကြက်သွန်နီများဖြစ်ပါတယ်။ ယခုမိုးကြက်သွန်နီအသစ်တွေက မိုးရာသီမှာ တစ်နိုင်ငံလုံးရေကြီးမှု၊ မိုးများမှုများကြောင့် အထွက်နှုန်းနည်းခဲ့ကြောင်းလည်းသိရပါတယ်။ နှစ်သစ်ရဲ့ပထမပတ်မှာပင် ကြက်သွန်နီစိုက်ပျိုးတဲ့ ဒေသအများစုမှာ မိုးများမှုကြောင့် ယခင်က တစ်ဧကကို ပိဿာ၃၀၀မှ ပိဿာချိန် ၁၇၀၀ အထိထွက်ရှိပေမယ့် ယခုနှစ်မှာတော့ တစ်ဧကကို ပိဿာချိန် ၁၀၀ ကျော်မှ ၁၆၀ လောက်သာ အများဆုံးထွက်ရှိပြီး ကြက်သွန်နီဥပျက်စီးမှုများတာကြောင့် ယခုလိုအထွက်နှုန်းအဆမတန်ကျလာတာလို့ ဒီဇင်ဘာ ၂၉ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားတာတွေ့ရပါတယ်။ ယခုတစ်ဖန်အထွက်နှုန်းနည်းနေတဲ့အပြင် ဒိုင်များသို့ ဝင်ရောက်လာသမျှ ကြက်သွန်နီများကို ထိုင်းနိုင်ငံဘက်မှ အဆွဲများတာကြောင့် အောက်လမ်းများမှ ကြက်သွန်နီအိတ်တွေအထွက်များနေတာကြောင့်နိုင်ငံအတွင်း ကြက်သွန်နီဈေးဟာ အဆမတန် တက်လာဖွယ်ရာရှိကြောင်း ပြည်(ပွဲရုံ)ပိုင်ရှင်များက ပြောကြားခဲ့ပါတယ်။

ယခုတစ်ပတ် ပြည်ကြက်သွန်နီ (ပွဲရုံ)များတွင် ကြက်သွန်နီ တစ်ပိဿာလျှင် (ကြီး)ကျပ် ၁၃၀၀၊ (လတ်) ၁၁၅၀ ကျပ်၊ (သေး) ကျပ် ၉၀၀ ဈေးတို့ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ဒေသတွင်းလက်လီဈေးများမှာတော့ (ကြီး)ကျပ် ၁၅၀၀၊ (လတ်)ကျပ် ၁၃၀၀နဲ့(သေး) ကျပ်၁၀၅၀တို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြပါတယ်။ ကြက်သွန်နီအစများကတော့ အောင်လံ၊ တောင်တွင်း၊ ရေနံချောင်း၊ ပခုက္ကူများမှ ဝင်ရောက်လျက်ရှိပြီး ဈေးမငြိမ်သက်မှုကြောင့် စားသုံးသူများရဲ့ ဝယ်လိုအားကျဆင်းလာပြီး (ပွဲရုံ)အရောင်းဈေးကွက်လည်းကျလာတယ်လို့သိရပါတယ်။ယခုအချိန် ကြက်သွန်နီ ဈေးကွက် ပုံမှန်ဈေးကျပ် ၅၀၀၊ ၆၀၀၊၇၀၀သာဖြစ်သင့်ကြောင်း ကြက်သွန်နီ (ပွဲရုံ)ပိုင်ရှင်များက ပြောကြားပါတယ်။

**ဝင်းလှဲ့ဝါ (ပြည်)**

### မုံရွာကြက်သွန်နီဈေးကွက်သို့ ကြက်သွန်နီသစ်များ ဝင်ရောက်

ဇန်နဝါရီဒုတိယပတ်မှာ မုံရွာပွဲရုံ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ကြက်သွန်နီသစ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်း သိရပါတယ်။ မုံရွာပွဲရုံသို့ ကြက်သွန်နီသစ်များကို မုံရွာ၊ ရွှေဘို၊ ရေစကြိုမြို့နယ်များမှ တစ်ရက်ပိဿာ တစ်သောင်းမှ နှစ်သောင်းအထိ ဝင်ရောက်လျက်ရှိပြီး ရန်ကုန်၊ မန္တလေး ဝယ်လက်အဆွဲရှိ၍ နေ့စဉ်ပိဿာ ၁၅၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်နီ ပွဲရုံဈေးနှုန်းမှာ တစ်ပိဿာ (ကြီး)ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၈၀၀ ရှိပြီး လက်လီဈေးနှုန်းကတော့ တစ်ပိဿာ(ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၂၀၀၊ (သေး) ကျပ် ၁၁၀၀ နှုန်းနှင့် ပိဿာတစ်သိန်းဝန်းကျင်ခန့် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးကွက်မှာ အရောင်းအဝယ် အနည်းငယ်အေးနေပြီး လက်လီအနေနဲ့သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ဈေးနှုန်းမှာ (ပွဲရုံ) လက်ကားဈေး (ဗမာ) တစ်ပိဿာ ကျပ် ၅၅၀၀၊ (ရှမ်း) ကျပ်၄၅၀၀၊ လက်လီဈေးနှုန်းမှာတစ်ပိဿာ(ဗမာ) ကျပ် ၆၀၀၀၊ (ရှမ်း) ကျပ်၅၀၀၀ ဖြစ်ပြီး လက်လီအနေနဲ့ တစ်ရက်အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

### မုံရွာကြက်သွန်နီ/ဖြူ ဈေးကွက် ဈေးအနည်းငယ်မြင့်တက်

ဇန်နဝါရီလဆန်းပတ်မှာ မုံရွာပွဲရုံစားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ကြက်သွန်နီများ ဈေးကွက်အတွင်းသို့ အဝင်နည်းသွား၍ ကြက်သွန်နီဈေးနှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း သိရပါတယ်။ ပွဲရုံသို့ကြက်သွန်နီဝင်ရောက်မှုမှာ တစ်ရက် လျှင်ပိဿာ ၅၀၀၀ ခန့်သာ အဝင်ရှိပြီး အရောင်းအဝယ်ဖြစ်မှုမှာလည်း ရန်ကုန်-မန္တလေးဝယ်လက် အဆွဲများအတွက် လုံလောက်မှုမရှိ၍ လက်လီသာ ရောင်းချလျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်နီဈေးနှုန်းမှာ ပွဲရုံဈေး(ကြီး)တစ်ပိဿာ ကျပ်၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၈၀၀၊ လက်လီဈေးနှုန်းမှာတစ်ပိဿာ(ကြီး)ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၁၁၀၀၊ (သေး) ကျပ်၁၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးမြင့်တက်ကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းမှာ ပွဲရုံဈေး တစ်ပိဿာ (ဗမာ) ကျပ်၅၅၀၀၊ (ရှမ်း) ကျပ် ၄၈၀၀၊ လက်လီကတော့ တစ်ပိဿာ(ဗမာ) ကျပ် ၆၀၀၀၊ (ရှမ်း) ကျပ် ၅၀၀၀ ဖြစ်ပြီး အတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိပြီး လက်လီအနေနဲ့နေ့စဉ်အိတ် ၅၀မှ၆၀ခန့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## နနွင်း

### မူဆယ်ရော မြဝတီမှပါ နနွင်းတက်တင်ပို့

၂၀၁၇ ဇန်နဝါရီ ပထမရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၃၇၁ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၁၇ တန်ကျော်ကို မူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၁ တန်နီးပါး တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ နနွင်းတန် ၃၀ ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ (ငွေလဲနှုန်းအရ) နနွင်းတက် တစ်တန်ကို မိမိဘက်ပေါက်ဈေး ၈၉၉၇၄၅ ကျပ်ခန့် ဈေးရှိတယ်လို့သိရပါတယ်။အလားတူ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၅၁၆၀ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၈တန်နီးပါးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ နနွင်းတင်ပို့မှုမရှိခဲ့ပါဘူး။

**မော်မော်အောင်**

### ရှမ်းနနွင်းအဟောင်း လက်ကျန်နဲ့သာ အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းကတော့ မူဆယ်ဝယ်လက်တွေသာ အဝယ်ရှိနေလို့ အရောင်းအဝယ်တော့ ငြိမ်နေပါတယ်။ ဖေဖော်ဝါရီလမှာချင်းနဲ့နနွင်းအသစ်တွေစပြီးဝင်လာမယ်လို့ထင်ထားပေမယ့် ချင်းသာ ဒီတစ်ပတ်မှာစပြီးဝင်လာခဲ့ပါတယ်။ နနွင်းကတော့ မဝင်လာသေးပါဘူး။ အဟောင်းလက်ကျန်တွေ ရှိနေသေးလို့ လက်ကျန်တွေနဲ့ အခုအထိ အရောင်းအဝယ် လုပ်နေကြတုန်းလို့ သိရပါတယ်။ အခုတစ်ပတ်အတွင်းမှာ ဟိုပုံးနနွင်းကိုမူဆယ်ဝယ်လက်တွေကပိဿာချိန် နှစ်သိန်းကျော်ခန့် ဝယ်ယူသွားတယ်လို့သိရပါတယ်။ ဟိုပုံးနနွင်းက တစ်ပိဿာကို ၁၆၅၀-၁၇၀၀ ကျပ်ဈေးရှိပါတယ်။

အောင်ပန်းနနွင်းကိုတော့ ပြည်တွင်းသုံးအတွက် ဝယ်ယူမှုရှိနေပြီး လှော်လက်တွေဖြစ်တဲ့ ရန်ကုန်-ပြည်က အဝယ်များနေပါတယ်။ တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ၁ ဒသမ ၅ သိန်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ ပေါက်ဈေးက ကျပ် ၁၅၀၀ မှ ကျပ် ၂၅၀၀ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**



## ကြက်သွန်ဖြူ

### ပြည်(ကြက်သွန်ဖြူ) ပွဲရုံတွင် အဝင်အထွက်ရှိမှုပေါ် မူတည်ပြီး ဈေးနှုန်းပြောင်းလဲ

ပြည်ကြက်သွန်ဖြူ(ပွဲရုံ)များတွင် တစ်ပတ်အတွင်း ကြက်သွန်ဖြူ အိတ်ဝင်ရောက်မှုပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်နေတာတွေ့ရပြီး ပုံမှန်ရောင်းဝယ်မှုရှိနေပါတယ်။ ဒေသတွင်း လက်လီရောင်းဝယ်ရေးသမားများကလည်း နေ့စဉ်ဝယ်ယူနေတာတွေ့ရပါတယ်။ ကြက်သွန်ဖြူပွဲရုံတစ်ပိဿာဈေး (ရှမ်း) ကျပ် ၅၀၀၀နှင့် (ကြူကုတ်စ) ကျပ် ၅၀၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိပြီး ဒေသတွင်း လက်လီဈေးကတော့ (ရှမ်းစ)ကျပ် ၅၃၀၀နှင့် (ကြူကုတ်စ) ကျပ် ၅၅၀၀ တို့ဖြစ်ပါတယ်။ ကြူကုတ်စ ဈေးတစ်ပိဿာပေါ်တွင် ယခင်တစ်ပတ်ထက် ကျပ် ၁၅၀မှ ကျပ် ၂၀၀ဈေးတက်လာပေမယ့် အမွှာအတက်များကြီးပြီး အရည်အသွေးကောင်းလာတာတွေ့ရပါတယ်။ သယ်ယူခနှုန်းထားများ (ကားခ)အနည်းငယ်တက်လာတယ်လို့လည်းသိရပါတယ်။ ယခင်က (၁၀) ဘီးကား တစ်စီးလျှင် အိတ် ၁၀၀၀ နီးပါး အတင်ရှိပြီး ယခုအိတ် ၈၀၀ခန့်သာ တင်ပို့နိုင်တာကြောင့် ပုံမှန်ဝင်ရောက်မှုရှိပေမယ့် အိတ်ရေလျော့နည်းမှုကြောင့်ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားခဲ့ပါတယ်။ တစ်ပတ်အတွင်း အိတ် ၂၀၀ကျော် အရောင်းအဝယ်ဖြစ်ကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

## ချင်း

### ပြည်ချင်းဈေးကွက်မှာ ချင်းအဝင်များပေမယ့် ပုံမှန်ဈေး အတိုင်းသာ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပြည်ချင်းဈေးကွက်သို့ အောင်ပန်း၊တောင်ကြီးဘက်မှ ချင်းများပိဿာ ၃၀ ဝင်အိတ်၁၅၀ခန့်အဝင်ရှိခဲ့ပြီး ယခုအချိန် အောင်ပန်း ချင်းရင့်ချိန်ဖြစ်လို့ သိုလှောင်အထားခံတဲ့အတွက် ချင်းရောင်းဝယ်သူများအနေနဲ့ ပိုမိုမှာယူခြင်းကြောင့် အဝင်များလာတာတွေ့ရပါတယ်။ အဝင်များပေမယ့် ဈေးနှုန်းမှာ ပုံမှန်အတိုင်းရှိနေပါတယ်။ ချင်းတစ်ပိဿာ (ရှယ်) ကျပ် ၇၀၀၊ (ဂွန်)ကျပ်၅၀၀တို့နဲ့ ရောင်းဝယ်လျက်ရှိတာကြောင့် တစ်နေ့ကိုပိဿာချိန် ၆၀၀ခန့်သာရှိပြီး ဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၂၀၀ခန့် တင်ပို့နေတယ်လို့ ချင်းပွဲရုံများမှတစ်ဆင့်သိရပါတယ်။

**ဝင်းဝင်းခိုင်**

## မန်ကျည်း

### ပြည်မန်ကျည်းမှည့် အဟောင်းဈေးမြင့်ပြီး ဈေးကွက်တွင်း အသစ်များ စတင်ဝင်ရောက်

ပြည်ဈေးကြီး(ပွဲရုံ)များတွင် လက်ကျန်အဟောင်းမန်ကျည်းမှည့်များဈေးငြိမ်လျက်ရှိနေရာမှဇန်နဝါရီလဆန်းပိုင်းမှစ၍နည်းနည်းချင်း ဈေးတက်လာပါတယ်။ ယခုတစ်ပတ် မန်ကျည်းသီးမှည့်အဟောင်းဈေးမှာ တစ်ပိဿာလျှင်(ပွဲရုံဈေး)ကျပ်၃၈၀၀ဖြစ်နေပြီးလက်လီဈေးတစ်ပိဿာ ကျပ် ၄၅၀၀နဲ့ ရောင်းဝယ်လျက်ရှိကြပါတယ်။ လက်ကျန်နည်းပါးတာကြောင့် ဈေးမြင့်တက်နေတာဖြစ်ကြောင်းသိရပါတယ်။ ယခု (ဒုတိယပတ်)အတွင်း ဈေးကွက်များမှာတော့ မန်ကျည်းမှည့်အသစ်တွေ (အစေ့မပါ) စတင်ဝင်လာတာတွေ့ရပါတယ်။ တစ်ရက်ကို ပိဿာအနည်းငယ်သာဝင်ရောက်ပြီး၊ အရောင်းအဝယ်အကုန်ဖြစ်ကြောင်းလည်းသိရပါတယ်။ရွှေတောင်၊ ကျီးသဲနဲ့ ပြည်အနောက်ဘက်ကမ်းတို့မှ ဝင်ရောက်နေခြင်းဖြစ်ပါတယ်။ဈေးနှုန်းကတော့ (ပွဲရုံဈေး) ကျပ် ၂၈၀၀ ဖြစ်ပြီး (လက်လီဈေး) ကျပ် ၃၅၀၀ ဖြင့် လက်ဝယ်အကျန်မရှိဘဲအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပိဿာ ၂၀ ဝန်းကျင်လောက်သာ ဝင်ရောက်ကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

# tar&dcef a&;@uufch@Sm½wfvDbukËDyf;&SVH
# t v,k f t u ,f zew l a&; a q ,a E

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့က အမေရိကန် အရွေးကောက်ခံ သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ် ဘီလီယံနာသူဌေး Alibaba e-commerce ကုမ္ပဏီ တည်ထောင်သူ ဂျက်မာတို့သည် အမေရိကန်နိုင်ငံ အတွက် အလုပ်အကိုင်ဖန်တီးရေးအပြင် အမေရိကန်နှင့် အာရှ ကုန်သွယ်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မကြာမီ သမ္မတတာဝန်ထမ်းဆောင်တော့မည့် ဒေါ်နယ်ထရမ့်က သူ၏ အစိုးရလက်ထက်တွင် အလုပ်အကိုင်ဖန်တီးရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။ ထို့ကြောင့် အသက် ၇၀ အရွယ် အမေရိကန် အိမ်ခြံမြေ လုပ်ငန်းရှင်သူဌေးနှင့် တရုတ်နိုင်ငံမှ အချမ်းသာဆုံးပုဂ္ဂိုလ်တို့၏ အစည်းအဝေးကြီး (Great talks or Great meeting) ကို နယူးယောက်မြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ထိုအစည်းအဝေးတွင် အမေရိကန်စီးပွားရေးလုပ်ငန်းငယ် တစ်သန်း ဖော်ထုတ်ပြီး အမေရိကန်လူမျိုးတို့အတွက် အလုပ်အကိုင်တစ်သန်းဖန်တီးရေးနှင့် အမေရိကန်နိုင်ငံမှ ကုန်ပစ္စည်းများကို တရုတ်နှင့် အာရှ သို့ ရောင်းချရေးတို့ကို အဓိကထား ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် သတင်းထောက်များနှင့် တွေ့ဆုံရာ၌ "ကျွန်တော်တို့ အစည်းအဝေးကြီးတစ်ခုကို ကျင်းပပြီးခဲ့ပါပြီ။ သူ(ဂျက်မာ)ဟာ ထူးချွန်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်ဖြစ်ပါတယ်။ ကမ္ဘာမှာ အတော်ဆုံးဆိုတဲ့ သူတွေထဲက အတော်ဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော်က ဒီ (အမေရိကန်) နိုင်ငံကို ချစ်ပါတယ်။ သူက တရုတ်နိုင်ငံကို ချစ်ပါတယ်။ ဂျက်နဲ့ ကျွန်တော် လုပ်ငန်းကြီးတချို့ လုပ်ဖို့ရှိပါတယ်။ စီးပွားရေးလုပ်ငန်းငယ် (Small business) တွေလည်း ပါတာပေါ့" ဟု ထရမ့်က ပြောကြားခဲ့သည်။



"ထိရောက်တဲ့၊ ရလဒ်ကောင်းရတဲ့အစည်းအဝေးဖြစ်ပါတယ်။ အမေရိကန်စီးပွားရေးလုပ်ငန်းငယ်တွေနဲ့ အမေရိကန်စိုက်ပျိုးရေးထုတ်ကုန်တွေအကြောင်း အဓိက ဆွေးနွေးဖြစ်ပါတယ်။ အမေရိကန်လုပ်ငန်းငယ်တွေရဲ့ ပစ္စည်းတွေကို တရုတ်နဲ့အာရှဈေးကွက်ကို ရောင်းချရာမှာ အလီဘာဘာအစီအစဉ်ကနေတစ်ဆင့် ရောင်းချပေးဖို့ ကူညီသွားမယ့်အကြောင်းကိုလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်"ဟူ၍ ဂျက်မာက သတင်းထောက်များကို ပြောကြားခဲ့သည်။ ဂျက်မာသည် အလီဘာဘာ (Alibaba) ကုမ္ပဏီကြီး၏ အမှုဆောင်ဥက္ကဋ္ဌ (Executive Chairman) ဖြစ်ပါသည်။

ဒေါ်နယ်ထရမ့်သည် တရုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် (Import tariffs) ၄၅ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံက ငွေကြေးကစားခြင်း (Currency manipulation) နှင့် တရားမဝင် ထောက်ပံ့ကြေးပေးခြင်း (Illegal subsidies) တို့ဖြင့် အမေရိကန်နိုင်ငံကို လှည့်စားနေကြောင်းပြောဆိုခဲ့သည်။ တရုတ်နိုင်ငံအား ထိုကဲ့သို့ပြောဆိုပြီးနောက် မကြာမီ ယခုကဲ့သို့ တရုတ်စီးပွားရေး လုပ်ငန်းရှင်နှင့်ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များအကြားတွင် တရုတ်နိုင်ငံသို့ ယင်းတို့၏ ပို့ကုန်များ တင်ပို့ရန် စိုးရိမ်နေကြသည်။ အထူးသဖြင့် အမေရိကန်၏ အကောက်ခွန်တိုးမြှင့်မည့် အစီအစဉ်ကို တရုတ်နိုင်ငံအစိုးရက လက်တုံ့ပြန်ရန် အသင့်ရှိကြောင်း ပြောကြားလိုက်သောကြောင့် စိုးရိမ်နေကြခြင်းဖြစ်သည်။ သို့သော်လည်း အထက်ပါ ဆွေးနွေးပွဲတွင် အမေရိကန်-တရုတ်ဆက်ဆံရေးကို ခိုင်မာအောင် ဆောင်ရွက်သင့်ကြောင်း၊ ပိုမို ခင်မင်ရင်းနှီးသင့်ကြောင်း၊ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သင့်ကြောင်း သူနှင့် ထရမ့်တို့ သဘောတူခဲ့သည်ဟု ဂျက်မာက ပြောကြားသည်။

"အမေရိကန်-တရုတ် ဆက်ဆံရေးနဲ့ ကုန်သွယ်ရေးကိစ္စတွေကို ဆွေးနွေးဖို့အတွက် တံခါးပွင့်သွားပါပြီ။ ဒေါ်နယ်ထရမ့်ဟာ အလွန်စမတ်ကျတယ်၊ သမာသမတ်ကျတယ်၊ တစ်ယူသန်တာမျိုး မရှိဘူး။ ကုန်သွယ်မှုကို ဘယ်လိုမြှင့်တင်မလဲဆိုတဲ့ အတွေးအခေါ် သူ့မှာရှိတယ်။ အဲဒီ Ideas ကို သေချာပြောပြတတ်တယ်။ ပြီးတော့ ကျွန်တော့အပြင် တရုတ်နိုင်ငံနဲ့ဆွေးနွေးချင်တဲ့အရေးကိစ္စ (Concerns) က သူ့ဆီမှာရှိပြီးဖြစ်သလို အဖြေ (Solutions) ကို ပါ စဉ်းစားထားတာတွေ့ရပါတယ်" ဟု ဂျက်မာက ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်က နယူးယောက် စတော့အိတ်ချိန်း (New York Stock Exchange) တွင် အလီဘာဘာကုမ္ပဏီ၏ ရှယ်ယာများသည် ၁ ဒသမ ၁၁ ရာခိုင်နှုန်းမြင့်တက်သွားခဲ့ သည်။ ထရမ့်သည် ဇန်နဝါရီလ ၉ ရက်နေ့တွင်ပင် ဥရောပဇိမ်ခံပစ္စည်း (Luxury goods) ထုတ်လုပ်ရောင်းချသည့် LVMH ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့်လည်း တွေ့ဆုံခဲ့သည်။ အမေရိကန်နိုင်ငံတွင် LVMH ၏ ထုတ်လုပ်မှုကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ အမှုဆောင်အရာရှိချုပ်က သတင်းထောက်များကို ပြောကြားသည်။

**Source: AFP/de**
**သိန်းမြင့်ဝေ**

# တရုတ်နိုင်ငံက ဘောလ်ပင်မင်ချောင်းထိပ်များထုတ်လုပ်နိုင်ပြီဖြစ်

တစ်နှစ်လျှင်ဘောလ်ပင် (ballpoint pens) အရေအတွက် ၃၈ ဘီလီယံခန့် ထုတ်လုပ်လျက်ရှိပြီး ကမ္ဘာတွင် ဘောလ်ပင် အများဆုံးထုတ်လုပ်သည့် တရုတ်နိုင်ငံသည် ဘောလ်ပင်မင်ချောင်းထိပ်များကို ကိုယ်တိုင်ထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် ပြည်ပမှ နှစ်ကာလရှည် တင်သွင်းခဲ့ရာမှ ယခုအခါ ကိုယ်တိုင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

Taiyuan Iron & Steel (TISCO) ကုမ္ပဏီသည် ဘောလ်ပင်မင်ချောင်းထိပ်ထုတ်လုပ်နိုင်ရေးအတွက် ငါးနှစ်ကြာမျှ အပင်ပန်းခံ လေ့လာခဲ့ပြီးနောက် ယခု အခါ ဘောလ်ပင်မင်ချောင်းထိပ်များကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဘောလ်ပင်မင်ချောင်းထိပ်များကို ပြုလုပ်ရန်အတွက် အလွန်တိကျရသကဲ့သို့ အရည်အသွေးမြင့် စတီးလည်း လိုအပ်လျက်ရှိသည်။ အဆိုပါ အရည်အသွေးမြင့်ပစ္စည်းများကို ပြည်တွင်းတွင် ထုတ်လုပ်ခြင်းမရှိသဖြင့် တရုတ် ဘောလ်ပင်ထုတ်လုပ်သူများသည် ဂျပန်နိုင်ငံမှ Stainless Steel များကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၇ သန်းဖိုးခန့်တင်သွင်းနေရသည်။ ယခုအခါ ကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံလုပ် ၂ ဒသမ ၃ မီလီမီတာ မင်တံထိပ်များကို ပထမအသုတ်အဖြစ် အမြောက်အမြားထုတ်လုပ်ရန် အဆင်သင့်ဖြစ်နေ၍ လာမည့်နှစ်နှစ်အတွင်း သွင်းကုန်အစားထိုး ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။




၂၀၁၁ မှ ၂၀၁၄ ခုနှစ်အထိ တရုတ်နိုင်ငံသည် အဆိုပါဘောလ်ပင်မင်ချောင်းထိပ်များကို ထုတ်လုပ်နိုင်ရေးအတွက် ယွမ်သန်း ၆၀ ခန့် အကုန်အကျခံကာ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် တိုးတက်မှု အခွင့်အလမ်းများကို ဖန်တီးရန်နှင့် ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းများကို အဆင့်မြှင့်တင်ပေးရန်အတွက် ဆန်းသစ်တီထွင်မှုကို လှုံ့ဆော်တွန်းအားပေးသည့် မဟာဗျူဟာများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၂၀ ခုနှစ်တွင် တရုတ်နိုင်ငံသည် ဆန်းသစ်တီထွင် အားကောင်းသည့်နိုင်ငံ (Innovative nation) အဖြစ် လည်းကောင်း၊ ၂၀၃၀ ခုနှစ်တွင် တီထွင်မှုကဏ္ဍ၌ နိုင်ငံတကာနှင့် ပတ်သက်သည့် ဦးဆောင်နိုင်ငံ တစ်နိုင်ငံအဖြစ်လည်းကောင်း၊ ၂၀၆၀ ခုနှစ် တွင် ကမ္ဘာ့သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်မှုအမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာရန် ကတိပြုထားကြောင်း တရုတ်နိုင်ငံ People's Publishing House မှ ထုတ်ဝေသည့် လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။

**Source: Shanghaiist, Xinhua**
**စန္ဒာထွန်း (TTI)**

## ခတ်ဆီ/ဒီဇယ်

### ယခင်တစ်ပတ်ထက်ဒီဇယ်အဝင်ပိုပြီး ခတ်ဆီအဝင်လျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇန်နဝါရီလ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၄၁၉၃၄၈၁၅တန်ဖိုးရှိ ဒီဇယ်၉၁၆၅၄ ဒသမ ၉၄၈ တန်နဲ့ ကန်ဒေါ်လာ ၂၈၄၆၇၄၆၅ တန်ဖိုးရှိခတ်ဆီ ၃၅၂၀၇ဒသမ ၀၅၃တန်၊စုစုပေါင်း ၁၂၆၈၆၂ ဒသမ ၀၀၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်တန်ချိန် ၅၅၀၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၃၅၈၀၀ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ် ခတ်ဆီအဝင်တန်ချိန် ၅၅၄၀၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာဒီဇယ်အဝင်ပိုခဲ့ပြီး ခတ်ဆီအဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၉၆၀၀တန်ဖိုးရှိ ဒီဇယ်၃၆ဒသမ၀၃၆တန်တင်သွင်းခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ၁၂၈၇၀တန်ဖိုးရှိ ခတ်ဆီ ၂၁တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီ၊ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95)မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၀၅ကျပ်၊ အောက်တိန်း (92) ၇၀၅ ကျပ် ၊ အောက်တိန်း (95) ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၃၀၀၀၊ ရောင်းဈေး ကျပ်၁၄၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး ဇန်နဝါရီ ၁၂ ရက်တွင် ဝယ်ဈေးငြိမ်သော်လည်း ရောင်းဈေး ကျပ် ၂၀၀၀ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၉ ရက်မှာ ခတ်ဆီဝယ်ဈေး ကျပ် ၁၃၄၀၀၀၊ ရောင်းဈေး ကျပ်၁၃၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့ပြီး ရောင်းဈေး ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ဈေးအတက်အကျ သိပ်မရှိခဲ့ဘူးလို့ သိရပါတယ်။ ပြင်ပလက်လီတစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၀၀၀ ၊ ခတ်ဆီတစ်ဂါလံ ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ခတ်ဆီ တစ်လီတာ ၆၄၅ကျပ်၊ ဒီဇယ် ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် ၇၅၅ကျပ်၊ အောက်တိန်း (92) ၇၅၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၉၀၀၀၊ ရောင်းဈေး ကျပ် ၁၅၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဝယ်ဈေး၊ ရောင်းဈေး ကျပ် ၁၀၀၀ ဝန်းကျင်သာ အတက်အကျနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဇန်နဝါရီ ၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၄၀၀၀၊ ရောင်းဈေးကျပ် ၁၃၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဈေးအပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၂၀၀၊ ခတ်ဆီ ကျပ်၂၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ခတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ခတ်ဆီ ကျပ် ၃၂၀၀၊ ဒီဇယ်ကျပ် ၃၃၃၀၊ အောက်တိန်း ၃၃၇၅ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း တစ်ဂါလံ ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးနှုန်းများမှာ ခတ်ဆီတစ်ဂါလံ ၃၂၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံ ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ၃၂၀၀ကျပ်၊ ဒီဇယ်တစ်ဂါလံ ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### တစ်ပတ်အတွင်း ငွေလဲနှုန်း အတက်အကျများဖြစ်ပေါ်ခဲ့

ယခုတစ်ပတ်အတွင်း ငွေလဲနှုန်းများသည် အတက်အကျများဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ဈေးအတက်အကျများ ဖြစ်ပေါ်ခဲ့မှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ် အနည်းငယ်သာရှိခဲ့သည်ဟုဆိုသည်။

"ဒီတစ်ပတ် ဈေးကွက်ထဲမှာ ဈေးအတက်အကျ တော်တော်လေးဖြစ်ခဲ့တယ်။ တစ်နေ့ထဲမှာကို ရှစ်ကျပ်ကျော်ကျော်လောက် ကျသွားတာမျိုးနဲ့ ကြုံခဲ့ရတယ်။ ဈေးစဖွင့်တုန်းက ကျဈေးနဲ့ ဖွင့်ခဲ့ပေမယ့် နောက်ပိုင်းရက်တွေမှာ ဈေးပြန်တက်လာတယ်။ ဒါပေမယ့် ဈေးကွက်ထဲမှာ အဝယ်လိုက်လာလို့ ဈေးမြင့်တက်ခဲ့တယ်ဆိုပေမယ့် တကယ်တမ်းပြောရရင် ဈေးကစားကြတာပါ။ ဗဟိုဘဏ်က သတ်မှတ်ပေးတဲ့ ဈေးနှုန်းထက် ဈေးမြင့်တက်နေတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်က အေးသွားတယ်။ အခု ဈေးပိတ်ချိန်မှာတော့ ပြန်ကျသွားပါပြီ။ ဈေးပြန်ကျတဲ့အချိန်မှာ အရောင်းအဝယ်က ပုံမှန်အတိုင်းပဲရှိနေပါတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။ ပြည်တွင်းငွေလဲဈေးကွက်တွင် ဇန်နဝါရီ ၉ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၅ ကျပ်၊ဝယ်ဈေး ၁၃၅၀ ကျပ်ဖြင့်ဈေးဖွင့်ခဲ့သော်လည်း ဇန်နဝါရီလ ၁၀ ရက်တွင် ရောင်းဈေး ၁၃၆၇ ကျပ်၊ ဝယ်ဈေး ၁၃၆၂ ကျပ်အထိ မြင့်တက်ခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်တွင်ဈေးပြန်လည်ကျဆင်းခဲ့ရာ ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ၁၃၄၆ ကျပ်ရှိခဲ့သည်။ ဇန်နဝါရီ ၁၃ ရက်တွင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၀ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။

**မယ်သီတာ**

### ပြည်တွင်းရွှေဈေး တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော် မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ပြန်လည်မြင့်တက်လာခဲ့ပြီး ကျပ် ၁၃၀၀၀ ကျော်အထိ မြင့်တက်ခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်းငွေလဲနှုန်းမြင့်တက်လာသည့်နည်းတူ ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်လာခဲ့သဖြင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်သည်ဟု ရွှေကုန်သည်များက သုံးသပ်လျက်ရှိသည်။

"ဒီတစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေဈေးကလည်း မြင့်တက်လာတယ်။ ပြည်တွင်းက ငွေလဲနှုန်းကလည်း လိုက်ပြီးမြင့်တက်လာတော့ ပြည်တွင်းရွှေဈေးက မြင့်တက်လာတာပါ။ ရွှေဈေးမြင့်တက်လာပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပါပဲ။ ဈေးမြင့်တက်လာတဲ့အတွက် ဒုံးသမားတွေ အဝယ်လိုက်လာတယ်။ ဈေးဆက်တက်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ဝယ်ကြတာပါ။ ဒေါ်နယ်ထရမ့်က သမ္မတဖြစ်တော့မယ်ဆိုတော့ ကမ္ဘာ့ရွှေဈေး ထပ်မြင့်တက်လာမလားဆိုပြီး မျှော်လင့်ကြတာပါ။ ဒါကတော့ ကံသေ ကံမပြောလို့မရပါဘူး"ဟု ရွှေကုန်သည် ဦးစံမြင့်က သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးများသည် ဇန်နဝါရီ ၉ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၅၁၅၀၀ ရှိခဲ့ရာမှ ဇန်နဝါရီ ၁၁ ရက်တွင် ကျပ် ၈၅၉၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၁၃ ရက်တွင် ကျပ် ၈၆၅၀၀၀ သို့ မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၉ ရက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၇၅ ရှိခဲ့ရာမှ ဇန်နဝါရီ ၁၃ ရက်တွင် အမေရိကန်ဒေါ်လာ ၁၁၉၅ သို့မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### MCBရှယ်ယာများ အရောင်းအဝယ်မဖြစ်သည့်နေ့များရှိခဲ့

ယခုတစ်ပတ်အတွင်း YSX ဈေးကွက်တွင် အစုရှယ်ယာများရောင်းချရမှုအခြေအနေများအနက် MCB ရှယ်ယာများသည် အရောင်းအဝယ်မဖြစ်သည့်နေ့များ ရှိခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MCB ၏ ရှယ်ယာဈေးနှုန်းများသည် ဇန်နဝါရီ ၉ ရက်က ၉၃၀၀ ဖြင့် ဈေးပိတ်ခဲ့သော်လည်း အရောင်းအဝယ်ပမာဏမှာ တစ်နေ့တာအတွင်း အစုရှယ်ယာ ၇၁၀ သာရှိခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်တွင် ကျပ် ၁၀၀၀ဈေးကျသွားပြီး တစ်စုလျှင် ကျပ် ၈၁၀၀ ရှိချိန်တွင် အစုရှယ်ယာအရေအတွက် ၁၇၀၂ စု ရောင်းချခဲ့ရပြီး နောက်တစ်နေ့ဖြစ်သည့် ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် အရောင်းအဝယ်မရှိခဲ့ဘဲ ဈေးကွက်အတွင်း ငြိမ်သက်လျက်ရှိသည်။ ဈေးပိတ်ချိန်က ရှိခဲ့သည့် MCB ၏ အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၉၁၀၀ ဖြစ်သည်။

FMI ၏ ရှယ်ယာဈေးနှုန်းများမှာ ကျပ် ၁၃၅၀၀ ဖြင့်ပင် နေ့စဉ်အရောင်းအဝယ်များရှိခဲ့ကြောင်း သိရသည်။

အလားတူ MTSH ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ် ၄၅၀၀ ဖြင့် အရောင်းအဝယ်နေ့စဉ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

January 13, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 78.50 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.90 |
| EUR | Euro | 0.94 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 68.22 |
| I DR | Indonesia Rupiahs | 13309.89 |
| JPY | Japan Yen | 114.84 |
| MYR | Malaysia | 4.46 |
| PKR | Pakistan Rupees | 104.78 |
| PHP | Philippines Pesos | 49.64 |
| RUB | Russia Rubles | 59.38 |
| SGD | Singapore Dollars | 1.43 |
| KRW | South Korea Won | 1175.09 |
| LKR | Sri Lanka Rupe | 149.75 |
| THB | Thailand Baht | 35.41 |
| GBP | United Kingdom Pounds | 0.82 |
| VND | VietnamDon | 22568.27 |

*Source:xe.com*

## World Gold Price

January, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 9 | 1173 | 1174 | 1174 |
| 10 | 1184 | 1185 | 1186 |
| 11 | 1187 | 1187 | 1189 |
| 12 | 1197 | 1199 | 1199 |
| 13 | 1193 | 1194 | 1194 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 9-1-2017 | 851.50 | 851.30 |
| 10-1-2017 | 862.00 | 861.50 |
| 11-1- 2017 | 862.50 | 861.50 |
| 12-1 -2017 | 868.00 | 867.00 |
| 13-1-2017 | 864.00 | 864.20 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 9 | 6 .93 | 35.79 | 78.65 | 68.21 |
| 10 | 6. 93 | 35.56 | 78.73 | 68.05 |
| 11 | 6 92 | 35.56 | 79.14 | 68.23 |
| 12 | 6 .92 | 35.36 | 78.65 | 68.06 |
| 13 | 6.90 | 35.41 | 78.50 | 68.22 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 9- January | 16.41 | 2653.50 | 1750.78 | 5662.94 | 971.00 |
| 10- January | 16.59 | 2766.38 | 1763.78 | 5686.46 | 974.00 |
| 11- January | 16.79 | 2740.86 | 1786.85 | 5812.13 | 977.00 |
| 12- January | 16.82 | 2743.78 | 1798.94 | 5788.16 | 982.00 |
| 13- January | 16.63 | 2758.56 | 1815.97 | 5873.73 | 968.00 |

Source:kitco.com

## Energy NYMEX

13-1-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.05 | 0.04 | 0.08 |
| Brent Crude Futr (USD/bbl) | 56.01 | 0.00 | 0.00 |
| Gasoline Rbob Fut (Cent/gal) | 161.46 | 0.38 | 0.24 |
| Natural Gas Futr (USD/MMBtu) | 3.42 | 0.03 | 0.89 |
| Heating Oil Futr (Cent/gal) | 167.53 | -0.03 | -0.02 |

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေအဝင်ပို

ဇန်နဝါရီ ၁ ရက်မှ ၇ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၈၁၈၃၈၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၂၃၇၅ ဒသမ ၀၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ စိန်နဲ့ဆင် ဘိလပ်မြေများသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၈၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက်ရောင်းအားတက်

ဇန်နဝါရီ ၁ ရက်မှ ၇ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင် တန်ချိန် ၂၂၃၇၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၈၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၄၀၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၉၄၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၀၃၅၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၉၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဆင်(ထိုင်း)ကပစ္စည်း အဝင်ရှိလာတယ်လို့ သိရပါတယ်။ အထိုင်ဈေးနဲ့ အရောက်ဈေးက ကျပ် ၁၅၀ ဝန်းကျင်ကွာဟတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ မော်လမြိုင် ဆင် ကျပ် ၄၉၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီကြောင့် နယ်ဘက်အဆွဲရှိတာကြောင့် ရောင်းအားတက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ရောင်းအားတက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၃၀၀၊ စိန်(ထိုင်း) ကျပ် ၅၂၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၆၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီဥတုကြောင့် အရောင်းအဝယ်က သွက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ကျပ် ၄၄၀၀၊ မြန်မာဆင် ကျပ် ၄၁၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀၊ စိန်(ထိုင်း) ကျပ် ၆၈၀၀၊ ဆင်မင်း ကျပ် ၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။



## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာတန်ချိန် ၄၀၀၀၀ နီးပါးဝင်

ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၂၇၄၆၈ တန်ဖိုးရှိ မြေသြဇာ ၃၆၅၆ ဒသမ ၈၀၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၀၈၇ တန်၊ ဂျပန်နိုင်ငံမှ တန်ချိန် ၆၅၄၊ ကိုရီးယားနိုင်ငံမှ ၄၆ ဒသမ ၀၈ တန်၊ ရုရှားနိုင်ငံမှ ၁၂၅ ဒသမ ၇၂၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၇၄၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ တော့ပ်ဝမ်း၊ နိုက်တြိုဂျင်၊ ယူရီးယား၊ ရွှေမြေသီး၊ ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်သွင်းတန်ချိန် ၅၀၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၇၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။



### ဓာတ်မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဇန်နဝါရီ ၁ ရက်မှ ၇ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာတန်ချိန် ၃၆၅၀ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တန်ချိန် ၅၀၂၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၇၀ ကျော် တင်သွင်းမှုလျော့ကျခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခု တစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၃၈၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၄၀၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၀ ကျော် အဝင်လျော့ကျခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းရော နယ်စပ်လမ်းမှပါ မြေသြဇာ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် အရောင်းအဝယ်လည်း အေးသွားတာကြောင့် ဈေးကွက်ထဲ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၈၀၀၊ ကွန်ပေါင်း(အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၂၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ်၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ်၂၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာက နယ်ဘက်အမှာရှိလို့ ရောင်းရသလို စိုက်ခင်းသမားတွေ အဝယ်ရှိတာကြောင့် အရောင်းအဝယ် ပုံမှန်ရှိနေပါတယ်။ ဒါပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)ကျပ် ၂၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ်၂၂၀၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၁၉၈၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀ ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းပုံမှန်ရှိပြီးဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်) ကျပ်၂၂၂၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၃၆၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၆၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၅၀၀၊ မြားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်း သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် နယ်ဘက်အဝယ်ရှိသလို ရာသီ သီးနှံစိုက်ခင်းများအတွက် အဝယ်ရှိတာကြောင့် အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဈေးကငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲယူရီးယားနဲ့ ပန်းသီးစုံက အဝယ်လိုက်တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၁၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၀၀၀၊ တီစူပါ(GTSP ၄၆%-တရုတ်) ကျပ် ၁၈၁၀၀၊ မြားသီးစုံ ကျပ် ၁၄၂၀၀၊ ပန်းသီးစုံ ကျပ် ၁၄၅၀၀၊ ကွန်ပေါင်း ၁၀း၁၀း၅ ကျပ် ၁၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီတန်ချိန် ၄၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၄၀၀ နီးပါးဝင်

ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၃၉၈၂၈ တန်ဖိုးရှိ နို့ဆီ ၄၅၉ ဒသမ ၆၄၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီ ၂၄၀ ဒသမ ၇၆၈ တန်နဲ့ ဒွန်းနို့ဆီ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၃၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ၉၉ တန်ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ အိုင်ယာလန်နိုင်ငံမှ ၁ ဒသမ ၃ တန်၊ နယူးဇီလန်မှ ၃၅၃ ဒသမ ၆၀၈ တန်နဲ့ စင်ကာပူမှ ၁၅ ဒသမ ၀၉၇တန်၊ စုစုပေါင်း ၃၇၀ ဒသမ ၀၀၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်တင်သွင်းခဲ့တဲ့ ၉၇တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၂၇၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၁/၁၂ မှ ၆/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၂ မှ ၃၀/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၅၃.၉၀ | ၅၀၅.၇၅ | (-) | ၁၅၁.၈၅ |
| ၂။ | လွယ်ဂျယ် | ၅၉၅.၀၀ | ၉၆၀.၀၀ | (-) | ၃၆၅.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၆.၀၀ | - | (+) | ၅၆.၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၃၁၀.၅၀ | ၅၀၀၇.၀၀ | (-) | ၁၆၉၆.၅၀ |
| ၅။ | တာချီလိတ် | ၂၆၀၀.၀၀ | ၉၅၀၀.၀၀ | (-) | ၆၉၀၀.၀၀ |
| ၆။ | မြဝတီ | ၄၁၂.၆၀ | ၅၇၇.၈၀ | (-) | ၁၆၅.၂၀ |
| ၇။ | ကော့သောင်း | ၂၁၂၇.၀၀ | ၁၀၂၇၁.၂၅ | (-) | ၈၁၄၄.၂၅ |
| ၈။ | မြိတ် | - | ၃၅၃၅.၀၀ | (-) | ၃၅၃၅.၀၀ |
| | စုစုပေါင်း | ၉၄၅၅.၀၀ | ၃၀၃၅၆.၉၀ | (-) | ၂၀၉၀၁.၉၀ |

မော်မော်အောင်

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၁/၁၂ မှ ၆/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၂ မှ ၃၀/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၂၁၆.၇၅၀ | ၁၁၉၀၂.၃၅ | (-) | ၂၆၈၅.၆၀ |
| ၂။ | လွယ်ဂျယ် | ၁၈၇.၅၀၀ | ၄၀၀.၀၀၀ | (-) | ၂၁၂.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၈၀.၇၅၀ | ၂၀.၀၀၀ | (+) | ၂၆၀.၇၅ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၁၇၆၀.၄၇၂ | ၁၄၀၁.၆၀၀ | (+) | ၃၅၈.၈၇၂ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၄၀၀.၀၀၀ | ၃၀၀.၀၀၀ | (+) | ၂၁၀၀.၀၀၀ |
| | စုစုပေါင်း | ၁၃၈၄၅.၄၇၂ | ၁၄၀၂၃.၉၅ | (-) | ၁၇၈.၄၇၈ |

ခင်မိုးသူ

## နှမ်း

# မူဆယ်ကုန်သွယ်ရေးဇုန်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁ ရက်မှ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၇၄ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၄၃၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းဖြူ (အခွံချွတ်) ၁၇ တန်ခွဲနဲ့ ချင်းရွှေဟော်မှ နှမ်းနက် ၁၈၀၃ တန်ကျော်၊ နှမ်းဖြူ ၆၀၂ တန်၊ နှမ်းညို ၁၅ တန်ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ နှမ်းဖြူ (အခွံချွတ်) ၅၄ တန်နဲ့ ချင်းရွှေဟော်မှ နှမ်းဖြူ နှမ်းနက် ၂၅၅၂ တန် ကျော် စုစုပေါင်း တန်ချိန် ၂၆၀၆ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် တရုတ်နယ်စပ်မှ နှမ်းတန်ချိန် ၁၆၇ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ နှမ်းဈေးကတော့ ဒီဇင်ဘာနောက်ဆုံးပတ်မှာ နှမ်းဖြူတစ်တန် ၁၃၂၃၀၇၇ ကျပ်၊ နှမ်းနက်တစ်တန် ၂၄၇၆၉၂၃ ကျပ်ရှိရာမှ ဇန်နဝါရီပထမပတ်တွင် နှမ်းဖြူတစ်တန် ၁၃၁၅၄၈၈ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၄၆၂၇၁၅ ကျပ်သို့ ဈေးကျဆင်းခဲ့ပါတယ်။

နှမ်းကို တရုတ်နိုင်ငံမှ တရားဝင်တင်သွင်းခွင့်ပြုထားပြီး တစ်ဖက်သတ် အခွန်ကင်းလွတ်ခွင့်ပေးထားတဲ့ ပို့ကုန်ပစ္စည်းဖြစ်ခြင်း၊ ချင်းရွှေဟော်ဘက်မှ နှမ်းတင်ပို့မှုအတွက် ပေးဆောင်ရတဲ့ ဒေသအခွန်တန်ဖိုးမှာ မူဆယ်-ကျယ်ဂေါင် ဝင်ပေါက်မှ တင်ပို့တဲ့အခွန် တန်ဖိုးထက်သက်သာခြင်း၊ နှမ်းဈေးကွက်ရှိရာ ကူမင်းမြို့သည် ချင်းရွှေဟော်စခန်းမှ တင်ပို့ပါက လမ်းခရီးတိုခြင်း၊ လမ်းခရီးသာခြင်းတို့ကြောင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှမ်းတင်ပို့မှုများပြီး မူဆယ် နယ်စပ်စခန်းမှ တင်ပို့မှု လျော့နည်းရခြင်းဖြစ်ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

# ပြည်ဈေးကွက်မှာ ဆီဆန်ဈေးပြန်ကျပြီး လုံးဆန်ဈေးပြန်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေး အနည်းငယ်ကျပြီး လုံးဆန်ဈေးအနည်းငယ်ပြန်တက်လာတာ တွေ့ရပါတယ်။ ဝက်ထီးကန်၊ ကံမနဲ့ တောင်ကုတ်ဘက်မှ တစ်နေ့လျှင် မြေပဲဆန်အိတ် ၁၀၀၀ ခန့်ဝင်ရောက်လာပေမယ့် ဆီဆန်ဝယ်လက်ပျောက်နေသဖြင့် ဈေးအနည်းငယ်ကျသွားတာ တွေ့ရပြီး ဈေးကွက်မှာ လုံးဆန်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

လုံးဆန်(အဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိသလို လုံးဆန်(အနီ)ကို ပဲလှော်ဖိုများက အဝယ်ရှိနေသဖြင့် ဈေး အနည်းငယ်မြင့်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ၂၃၅၀ ကျပ်နှင့် လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် ပြည်ဈေးကွက်တွင် တစ်နေ့လျှင် အိတ် ၈၀၀ မှ ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ပဲပုပ်ဈေးကျဆင်းမှုနှင့် ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီဈေး ပြန်လည်ကျဆင်း



ဇန်နဝါရီ ၁၂ ရက်မှာ စားအုန်းဆီ ကြိုရောင်းဈေးများက ပြန်လည်ကျဆင်းလာသည်ကို တွေ့ရသည်။ စားအုန်းဆီဈေး ကျဆင်းရခြင်းမှာ ရင်းဂစ်တန်ဖိုးမြင့်တက်လာခြင်းနှင့် ဈေးကွက်တွင် စားအုန်းဆီနှင့် အပြိုင်ရောင်းချလျက်ရှိသော ပဲပုပ်ဆီဈေး ကျဆင်းလာသည့်အတွက်ဖြစ်ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။ စားအုန်းဆီဈေးက ဇန်နဝါရီ ၁၁ ရက်တွင် သီတင်းတစ်ပတ်အတွင်း အမြင့်ဆုံးအထိ ရောက်ရှိပြီး ညနေဘက် ဈေးပိတ်ချိန်တွင် ၂ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်ခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် မတ်လအတွက် စားအုန်းဆီကြိုရောင်းဈေး၏ စံထားဈေးနှုန်းမှာ သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၃၁၁၆ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၉၉) နှုန်းအထိရောက်ရှိခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်က စုစုပေါင်း ရောင်းချခဲ့သော စားအုန်းဆီပမာဏမှာ ထိုနေ့ဈေးပိတ်ချိန်တွင် ၂၅ တန်ရှိ အတွဲ ၅၀၉၃၁ တွဲ ရှိခဲ့သည်။

စားအုန်းဆီရောင်းချရာတွင် ပေးချေသော ငွေကြေးဖြစ်သည့် ရင်းဂစ်ငွေကြေး၏တန်ဖိုး မြင့်တက်လာသည့်အတွက် စားအုန်းဆီဈေးများ ကျဆင်းလာခြင်းဖြစ်ကြောင်း ကွာလာလမ်ပူရှိ ကြိုရောင်းကြိုဝယ်လုပ်ငန်း ဆောင်ရွက်နေသော ကုန်သည်တစ်ဦးက ပြောသည်။ ရင်းဂစ်ငွေကြေးတန်ဖိုး မြင့်တက်လာမှုကြောင့် အခြားငွေကြေးများနှင့်ဖလှယ်၍ ဝယ်ယူရသော ဝယ်လက်များအတွက်မူ စားအုန်းဆီဈေးနှုန်းမှာ ပိုမိုမြင့်တက်လေ့ရှိသည်။

ရင်းဂစ်ငွေကြေးနှင့် အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းမှာ သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၅၆၀ ရင်းဂစ်နှုန်းရှိခဲ့ရာ တစ်လအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိပဲပုပ်ဆီဈေးကျဆင်းခြင်းကလည်း စားအုန်းဆီဈေးအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း အဆိုပါ ကုန်သည်ကပြောသည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီတို့မှာ ကမ္ဘာ့စားသုံးဆီဈေးကွက်တွင် ဈေးကွက်ဝေစုကို ယှဉ်ပြိုင်နေကြသဖြင့် ပဲပုပ်ဆီဈေးအတက်အကျနှင့် စားအုန်းဆီဈေးမှာ အပြန်အလှန်ဆက်နွယ်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု ချီကာဂို ကုန်သွယ်မှု ဘုတ်အဖွဲ့ (CBOT) တွင် မတ်လအတွက် စာချုပ်သော ပဲပုပ်ဆီဈေးမှာ ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံဈေးကွက်ရှိ ပဲပုပ်ဆီ၏ မေအတွက် စာချုပ်ရောင်းဝယ်သော ဈေးမှာ သုညဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၃-၁-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၅၀ | ၂၀၅၀ | ▽ |
| ရန်ကုန် | ၃၈၀၀ | ၄၆၀၀ | △ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၁၀ | ၁၉၁၀ | □ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၀၀၀ | ၃၁၀၀ | △ | ၂၀၁၀ | ၂၀၁၀ | □ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၆၀၀ | ၄၈၀၀ | △ | ၂၀၃၀ | ၁၉၈၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၆၀၀ | △ | ၃၃၀၀ | ၃၄၀၀ | △ | ၂၁၀၀ | ၂၁၀၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၄၀ | ၂၀၄၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၃-၁-၂၀၁၇ US$/Ton

| အမျိုးအစား | ဒီဇင်ဘာပဥ္စမပတ် | ဇန်နဝါရီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၃၆.၀၀ | ၇၃၈.၀၀ | △ |
| RBD P.Olein | ၇၃၉.၅၀ | ၇၅၀.၀၀ | △ |
| RBD P.Stearin | ၇၄၆.၀၀ | ၇၄၄.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၃- ၁ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၇၁.၂၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၄၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၈၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၆၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၅.၇၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၅.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၉၃၈.၁၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၃-၁-၂၀၁၇နေ့ (CIF ဈေး Cloud Point 8˚C Max ၈၀၀ ဒေါ်လာနှင့် USD ဈေး ၁၃၅၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၃-၁-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# CPEC စီးပွားရေးစင်္ကြံစီမံကိန်းသို့ အိန္ဒိယဝင်ရောက်ရန် တရုတ်နိုင်ငံက လမ်းဖွင့်ပေး

အိန္ဒိယ-ပါကစ္စတန် နှစ်နိုင်ငံ တင်းမာမှုလျော့ပါးစေရန်နှင့် စီမံကိန်းတွင် ပူးပေါင်း ပါဝင်လာစေရန်အတွက် နယူးဒေလီသို့ ပါကစ္စတန်ဗိုလ်ချုပ် အလည်အပတ်ခရီး လာရောက်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် တရုတ်နိုင်ငံက တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (China Pakistan Economic Corridor - CPEC) သို့ အိန္ဒိယ နိုင်ငံ၏ ပူးပေါင်းပါဝင်မှုကို ထည့်သွင်းစဉ်းစားပေးရန် အဆင်သင့်ဖြစ်သည့် အရိပ်လက္ခဏာပြသခဲ့ကြောင်း သိရှိရပါသည်။

ပါကစ္စတန်၏ အဆိုပြုချက်အပေါ် အိန္ဒိယနိုင်ငံ၏ သဘောထားနှင့် ပါကစ္စတန်နိုင်ငံဘက်မှ ကောင်းမွန်သော လက္ခဏာတစ်ရပ်တစ်ခုအနေဖြင့် ယခုကိစ္စအား ဆောင်ရွက်ခြင်းဟုတ်/မဟုတ်တို့မှာ စိတ်ဝင်စားစရာကောင်းမွန်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် CPEC စီးပွားရေးစင်္ကြံအား ပူးပေါင်းဆောင်ရွက်ရေး မူဘောင်တစ်ခုအနေဖြင့် ရှုမြင်ပြီး အဆိုပါအစီအစဉ်သည် တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ အကျိုးစီးပွားအတွက်သာမက အာရှတိုက်နှင့် ဒေသတွင်းတစ်ခုလုံးအတွက်ပါ အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

CPEC စီမံကိန်းသည် ပါကစ္စတန်နိုင်ငံရှိ ဂွာဒါဆိပ်ကမ်းနှင့် တရုတ်နိုင်ငံ ရှင်ကျန်းပြည်နယ်ရှိကက်ရှဂါဆိပ်ကမ်းတို့ကို ချိတ်ဆက်မည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် တရုတ်နိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် " Belt and Road initiative "၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းတွင် ပါဝင်နိုင်ရန် မည်သူမဆိုအဆိုပြုနိုင်ပြီး၊ ကျယ်ပြန့်သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ဖက်စပ်ထည့်ဝင်မှု အခြေခံစည်းမျဉ်းစည်းကမ်းများအရ မည်သည့်တတိယနိုင်ငံကိုမဆို ပူးပေါင်းပါဝင်နိုင်ရေး ပါကစ္စတန်နိုင်ငံနှင့် ဆွေးနွေးရန် တရုတ်နိုင်ငံအနေဖြင့် ဆန္ဒရှိပါကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပါကစ္စတန်နိုင်ငံ တောင်ပိုင်းစစ်ဌာနချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး AamirRiaz က အိန္ဒိယနိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် တင်းမာမှုများကို ရှောင်ရှားပြီး အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံကုန်ကျမည့် စီမံကိန်းသို့ အီရန်၊ အာဖဂန်နစ္စတန်နှင့် အခြားသော အာရှအလယ်ပိုင်းနိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်သင့်ပြီး စီမံကိန်းမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို အတူယူခံစားသင့်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ပါကစ္စတန် ဆန့်ကျင်ရေးအဆိုပြုချက်များ ရှောင်ရှားပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အသီးအပွင့်များကို အတူတကွ မျှဝေခံစားသင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

CPEC စီမံကိန်းတွင် အိန္ဒိယနိုင်ငံပူးပေါင်းပါဝင်ရန်နှင့် စပ်လျဉ်း၍ တရုတ် နိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ဆွေးနွေးပြီးစီးခြင်း ရှိ-မရှိအား မေးမြန်းခဲ့သည့်အပေါ် တရုတ်နိုင်ငံက ၎င်းတို့ အနေဖြင့် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မည်သည့်ကမ်းလှမ်း ဆွေးနွေးမှုမျှ မရှိခဲ့ကြောင်း၊ သို့ရာတွင် CPEC စီမံကိန်းသည် တရုတ်နိုင်ငံ၏ "Belt and Road initiative" အတွက် အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အဆိုပါ ပူးပေါင်းပါဝင်မှုအတွက် တရုတ်နိုင်ငံအနေဖြင့် ပွင့်လင်းသည့် သဘောထားအမြင်ကို လက်ကိုင်ထားပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် CPEC စီမံကိန်းတွင် အိန္ဒိယနိုင်ငံ ပါဝင်လာစေရေး ပါကစ္စတန်နိုင်ငံက အဆိုပြုသည့် အကြောင်းအရာအပြင် ပါကစ္စတန်ဘဏ်ဖြစ်သည့် Olive ဘဏ်ခွဲအား အိန္ဒိယနိုင်ငံတွင် လက်ခံရန်စဉ်းစားသင့်ပါကြောင်း၊ CPEC စီးပွားရေးစင်္ကြံအား ပါကစ္စတန် ဘက်ခြမ်းရှိ ကက်ရှ်မီးယားဒေသမှ ဖြတ်သန်းမည့် အစီအစဉ်အတွက် အဆိုပါ စီမံကိန်းမှ ရရှိလာနိုင်မည့် စီးပွားရေး အကျိုးအမြတ်ဆိုင်ရာ ကတိကဝတ်များဖြင့် အိန္ဒိယနိုင်ငံကို ဆွဲဆောင်သင့်ပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် CPEC စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်သင့်သည်ဟု တရုတ်နိုင်ငံက ယုံကြည်ပါကြောင်း ပြောကြားထားပါသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံအား အမည်တပ်၍ ဖော်ပြထားခြင်း မရှိသော်လည်း ပါကစ္စတန်နိုင်ငံအား ဂုဏ်သိက္ခာညှိုးနွမ်းစေရန် အကြမ်းဖက်မှုများကို ထောက်ပံ့သည့် နိုင်ငံတစ်နိုင်ငံအဖြစ် စွပ်စွဲမှု၊ ကြိုးပမ်းမှုတစ်ခုခုကိုမျှ တရုတ်နိုင်ငံက လက်ခံလိမ့်မည်မဟုတ်ဟု ယင်းဖော်ပြချက်၌ သတိပေး ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အိန္ဒိယကုမ္ပဏီများက စိတ်အားထက်သန်

အာဆီယံဈေးကွက်များသို့ ထိုးဖောက်နိုင်မည့် အခွင့်အလမ်းကောင်းများကြောင့် ထိုင်းနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် အိန္ဒိယကုမ္ပဏီများက စိတ်အားထက်သန်လျက်ရှိကြောင်းနှင့် အထူးသဖြင့် ကျောက်မျက်ရတနာနှင့် အိမ်တွင်းအလှဆင်ကုမ္ပဏီများက ပိုမိုစိတ်ဝင်စားလျက်ရှိသည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံထုတ်ကုန်များသည် စရိတ်သက်သာသည့်အပြင် ရောင်းချပြီးနောက် ဝန်ဆောင်မှုများပါရှိသဖြင့် ထိုင်းနိုင်ငံဈေးကွက်ကို ဆွဲ ဆောင်နိုင်မည်ဖြစ်ကြောင်း ထိုမှတစ်ဆင့် အခြားသော အာဆီယံဈေးကွက်များအထိ ထိုးဖောက်နိုင်ရန် မျှော်မှန်းကြောင်း တွေ့ရှိရပါသည်။

ထိုင်းနှင့် အိန္ဒိယနှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၆ ဘီလီယံရှိရာမှ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၂ ဘီလီယံသို့ ရောက်ရှိကာ ၈ ဒသမ ၄၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်နိုင်ရန်အတွက် ထိုင်းနိုင်ငံတွင် ကျင်းပသည့် ကုန်စည်ပြပွဲများ၌ အိန္ဒိယကုမ္ပဏီများ ပါဝင်ပြသခဲ့ကြကြောင်း၊ ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပသည့် ကုန်စည်ပြပွဲများတွင်လည်း အိန္ဒိယလက်ဝတ်ရတနာများ၊ အဖိုးတန် ကျောက်မျက်ရတနာများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် လက်မှုပစ္စည်းများ ပြသခဲ့ပါသည်။ထိုင်းနိုင်ငံ၏ အနောက်မျှော်မူဝါဒနှင့် အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒများသည် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ပြည်နယ်များ၌ ဟိုတယ်အသစ်များ ဆောက်လုပ်ရန် ထိုင်း CP Land အများပိုင်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်မည်

၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့ တွင် ထိုင်းနိုင်ငံအတွင်းရှိ ပြည်နယ်များ၌ ဟိုတယ်အသစ်များ ဆောက်လုပ်ရန် ထိုင်းနိုင်ငံ CP Land အများပိုင်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အထူးသဖြင့် ပြည်နယ်များတွင် ဟိုတယ်အသစ်များ တည်ဆောက်မည်ဖြစ်ရာ ဟိုတယ်အသစ်ကိုးလုံး တည်ဆောက်ရန်အတွက် ဘတ် ၂ ဒသမ ၂ ဘီလီယံနှင့် ကွန်ဒိုတိုက်ငါးလုံး တည်ဆောက်ရန်အတွက် ဘတ်နှစ်ဘီလီယံကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ ယခုဆောက်လုပ်မည့် ဟိုတယ်များတွင် တစ်ရက်လျှင် ဘတ် ၇၉၀ မှ ဘတ် ၁၂၀၀ သာပေးရသည့် တည်းခိုခ သက်သာသည့် ဟိုတယ်အမျိုးအစားကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်မည့် ဟိုတယ်များမှာ Muaung ခရိုင်ရှိ ၁၅၉ ခန်းပါသည့် ဟိုတယ်သစ်တစ်လုံး Khao Yai ခရိုင်၊ Muang ခရိုင်၊ Loeia ခရိုင်များတွင် ၇၉ ခန်းပါ ဟိုတယ်တစ်လုံးစီဖြင့် စုစုပေါင်း သုံးလုံးတို့ဖြစ်ကြပါသည်။ အခြားပြည်နယ်လေးခုတွင် အခန်းစုစုပေါင်း ၇၁၇ ခန်းပါဝင်မည့် ဟိုတယ်ငါးလုံးကို ၂၀၁၈ ခုနှစ်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

CP Land ၏ လက်ရှိဟိုတယ်ငါး လုံးသည် အခန်းပေါင်း ၈၇၂ ခန်းရှိပြီး ဗန်ကောက်၊ ချင်းရိုင်ပြည်နယ်၊ တပ်ချ်ပြည်နယ်၊ နာခွန်ဖနွမ်ပြည်နယ်တွင် နှစ် လုံးရှိပါသည်။ ဘုရင်ကြီးနတ်ရွာစံပြီး နောက်တွင် ပြည်နယ်ရှိဟိုတယ်များ၏ ဧည့်သည်ဝင်ရောက်မှုမှာ ၅၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး နှစ်ကုန်ပိုင်းတွင် ၆၀ ရာခိုင်နှုန်းသို့ မြင့်တက်လာမည်ဟု ခန့်မှန်းထားပါသည်။ ဗန်ကောက်ရှိ ဟိုတယ်၏ ဧည့်သည်ဝင်ရောက်မှုမှာ ၇၇ ရာခိုင် နှုန်းအထိ ရှိပါသည်။

CP Land ၏ အခန်း ၂၀၀ စီပါဝင်သည့် ကွန်ဒိုတိုက်လေးလုံးကို လန်ပမ်၊ ဘူရီယမ်၊ နာခွန်ရတ်ချ်စီမာ၊ ပရာချန်ဘူရီပြည်နယ်တို့၌ ယခုနှစ်တွင် ဖွင့် လှစ်မည်ဖြစ်ပါသည်။ CP Land ၏ စုစုပေါင်းဝင်ငွေတွင် သုံးပုံတစ်ပုံသည် ဟိုတယ်လုပ်ငန်းမှရရှိပြီး အခြားနှစ်ပုံမှာ လူနေတိုက်ခန်းလုပ်ငန်းမှ ရရှိပါသည်။

CP Land ကုမ္ပဏီသည် အာဆီယံ နိုင်ငံများ၏ လူနေတိုက်ခန်းလုပ်ငန်း (Serviced apartments) ၌ ဝင်ရောက်လုပ်ကိုင်ရန် စိတ်အားထက်သန်လျက်ရှိရာ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ဦးစားပေး ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရှိပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# လာမည့်နှစ်၌ Belt & Road ရှိနိုင်ငံများနှင့် FTA ရေးထိုးရန် တရုတ်မျှော်မှန်း

လာမည့် ၂၀၁၇ ခုနှစ်၌ Belt & Road လမ်းကြောင်း တစ်လျှောက် နိုင်ငံများ၏ ၄၀ ရာခိုင်နှုန်းခန့်နှင့် Free Trade Agreement (FTA) ရေးထိုးနိုင်ရန် မျှော်မှန်းထားကြောင်း တရုတ်နိုင်ငံတကာ ကုန်သွယ်မှုနှင့် စီးပွားရေးရာဌာနမှ ပြောကြားပါသည်။ ယခုနှစ်ကုန်တွင် Belt & Road နိုင်ငံ ၂၅ နိုင်ငံနှင့် FTA ရေးထိုးမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် သီရိလင်္ကာ၊ မော်လဒိုက်၊ ပါကစ္စတန်နိုင်ငံတို့နှင့် လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ထို့အပြင် နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ မောရေးရှပ်နိုင်ငံ အပါအဝင် ကနေဒါ၊ ပါပူဝါနယူးဂီနီ၊ ဖီဂျီ၊ နယူးဇီလန်၊ ချီလီ၊ ဂျော်ဂျီယာ၊ နော်ဝေ၊ အစ္စရေး၊ ဂျပန်၊ ကိုရီးယား ပင်လယ်ကွေ့နိုင်ငံများနှင့် FTA အတွက် Feasibility Study ဆောင်ရွက်နေပါသည်။

ယခုလက်ရှိဩစတြေးလျ၊ အိန္ဒိယနှင့်အာဆီယံနိုင်ငံများ အပါအဝင်နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စာချုပ်နှင့် ဒေသတွင်းလွတ်လပ်သော ကုန်သွယ်မှုသဘောတူ စာချုပ်ချုပ်ဆိုရန်အတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ ယခုအခါတွင် ကမ္ဘာ့ကုန်သွယ်ရေးအသိုက်အဝန်းတွင် တရုတ်သည် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၈ ဘီလီယံတန်ဖိုးရှိ Trade Remedy Investigation Cases ၁၁၇ ခုနှင့် ရင်ဆိုင်နေကြောင်း သိရှိရပါသည်။ ၂၀၁၆ ခုနှစ်အတွင်း တရုတ်ကုမ္ပဏီများသည် နိုင်ငံပေါင်း ၆၁ နိုင်ငံနှင့် ပို့ဆောင် ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၉ ဘီလီယံတန်ဖိုးရှိ စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ပြီး ယခင် ၂၀၁၅ ခုနှစ်ထက် ၃၀ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၆–၁–၂၀၁၇)

ဇော်ဝင်း

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျသော်လည်း ပဲတီစိမ်းနဲ့ ပဲလွန်းဖြူဈေးတက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲတီစိမ်းနဲ့ ပဲလွန်းဖြူက ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ဇန်နဝါရီလ ပထမပတ်မှစတင်၍ မတ်ပဲအသစ်များ ဝင်ရောက်ခဲ့ပြီး ရန်ကုန်ဝယ်လက်က အရည်အသွေးကြိုက်တာကြောင့် တစ်ပိဿာ ၁၇၀၅ ကျပ်(တစ်တန် ၁၀၄၄၁၂၄ ကျပ်) နဲ့ ဝယ်ယူခဲ့ကြပါတယ်။ ဝယ်လိုအားရှိနေပေမယ့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက (တစ်တန်ကို ကျပ် ၇၀၀၀၀) ကျော် လျော့နည်းခဲ့ပြီး တစ်နေ့ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက် တစ်ပိဿာ ၉၅ ကျပ် ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ၁၃၅၀ ကျပ် (တစ်တန်ကို ၈၂၆၇၂၆ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်က ဝယ်ယူခဲ့ပြီး တစ်နေ့ကို အိတ် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းဖြူအနေနဲ့ ယခင်တစ်ပတ်ထက် ဈေးမြင့်ပြီး တစ်ပိဿာ ၁၃၇၅ ကျပ် (တစ်တန် ၈၄၂၀၃၆ ကျပ်) နဲ့ တစ်နေ့ကို အိတ် ၉၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းနီတစ်ပိဿာ ၁၉၇၅ ကျပ် (တစ်တန် ၁၂၀၉၄၇၀ ကျပ်) နဲ့ တစ်နေ့ကို အိတ် ၉၀၀ ခန့်၊ ပဲပုပ်စေ့ တစ်ပိဿာ ၉၇၅ ကျပ် (တစ်တန် ၅၉၇၀၈၀ ကျပ်) နဲ့ တစ်နေ့ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေသော်လည်း အရောင်းအဝယ်ပုံမှန်ရှိ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ယခင်တစ်ပတ်အတိုင်း ပြောင်းဈေးဆက်လက်ငြိမ်နေပြီး တစ်ပိဿာ ၂၈၀ ကျပ် (တစ်တန် ၁၇၁၄၆၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးငြိမ်သလို အရောင်းအဝယ်လည်း ပုံမှန်ဖြစ်နေပြီး တစ်ပတ်အတွင်း ပိဿာချိန် ၁၄၇၅၀၅၅ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျသော်လည်း အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ယခင်တစ်ပတ်ထက် ပြောင်းဈေးအနည်းငယ်ကျခဲ့ပြီး တစ်ပိဿာ ၂၈၀ ကျပ် (တစ်တန် ၁၇၁၄၆၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဈေးကျခဲ့ပေမယ့် အရောင်းအဝယ်ကောင်းပြီး ယခင်တစ်ပတ်ထက် ပိဿာချိန် ၄၈၀၀၀ ကျော် ပိုမိုပြီး ပိဿာချိန် ၃၈၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ်မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျခဲ့သလို တစ်ဖက်နိုင်ငံသို့ တင်ပို့မှုလည်း ကျခဲ့ပါတယ်။ ၅၀ ကီလို ပြောင်းတစ်အိတ်ကို ယခင်တစ်ပတ်က ၆၈ ယွမ်မှ ၇၂ ယွမ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ၆၇ ယွမ်မှ ၇၀ ယွမ် (တစ်တန် ၁၃၄၀ ယွမ်မှ ၁၄၀၀ ယွမ်) ကြားသာ ဈေးရှိခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးနိမ့်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံသို့ တင်ပို့မှုမှာလည်း ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပြီး တန်ချိန် ၃၅၈၉၅ တန်သာ တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ၁၁၇၅၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၁၀၆၈၀၀၀ ကျပ်နဲ့ မတ်ပဲ SQ(RC) တစ်တန် ၁၁၅၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီ (RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ၈၁၅၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၇၉၃၀၀၀ ကျပ်အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးဆက်ကျသော်လည်း ပဲတီစိမ်းဈေးမြင့်လာ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲအသစ်များ အများအပြားဝင်ရောက်လာတာကြောင့် ရောင်းလိုအားများလာတဲ့အတွက် ဝယ်သူများဘက်မှ ဈေးလျှော့ဝယ်ယူမှုကြောင့် ယခင်တစ်ပတ်ထက် ဈေးနိမ့်ကျဆင်းခဲ့ပါတယ်။ မတ်ပဲအသစ် တစ်ပိဿာ ၁၆၃၃ ကျပ် (တစ်တန် ၁၀၀၀၀၃၂ ကျပ်)၊ မတ်ပဲ (ဟောင်း) တစ်ပိဿာ ၁၈၆၇ ကျပ် (တစ်တန် ၁၁၄၃၃၃၂) ကျပ်နဲ့ ရန်ကုန်ဝယ်လက်၊ မြို့ခံပဲခွဲစက်တွေက တစ်နေ့ အိတ် ၅၀၀ ခန့် ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။ ပဲတီစိမ်းအနေနဲ့ တရုတ်ဝယ်လက်က ပုံမှန်ဝယ်လိုအားရှိတာကြောင့် ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပြီး ပဲတီစိမ်းကြီးထိပ်စတစ်ပိဿာကို ၁၆၃၆ ကျပ် (တစ်တန် ၁၀၀၁၈၇၀ ကျပ်)၊ ပဲတီစိမ်းကြီးပုံမှန် တစ်ပိဿာ ၁၃၃၃ ကျပ် (တစ်တန် ၈၁၆၃၁၅ ကျပ်)နဲ့ တစ်နေ့ကို အိတ် ၁၂၀၀ ခန့် အရာင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ အသစ်တစ်ပိဿာ ၁၂၀၀ ကျပ် ( တစ်တန် ၇၃၄၈၆၈ ကျပ်)၊ အဟောင်းတစ်ပိဿာ ၁၁၅၀ ကျပ် (တစ်တန် ၇၀၄၂၄၈ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်များက ဝယ်လိုအားကောင်း နေကြောင်း သိရပါတယ်။ ပဲလွန်း (အပြာ) ကိုမြို့ပေါ်လက်လီဝယ်ယူသူများက တစ်ပိဿာ ၁၂၅၃ ကျပ် (တစ်တန် ၇၆၇၃၂၄ ကျပ်)၊ ပဲလွန်းဖြူ (ထိပ်စ) ကို တရုတ်ဝယ်လက်က တစ်ပိဿာ ၁၄၁၇ ကျပ် (တစ်တန် ၈၆၇၇၅၆ ကျပ်) နဲ့ ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်က နှမ်းနက်ကို ဝယ်လိုအားများခဲ့ပြီး နှမ်းနက် (ထိပ်စ) တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန် ၁၆၃၃၂၄၁ ကျပ်)၊ နှမ်းနက် (ပုံမှန်စ) တစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန် ၁၄၉၆၆၇၈ ကျပ်) နဲ့ ဈေးမြင့်ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ခဲ့ပြီး ပဲစင်းငုံနီ ဈေးကျ

ဒီတစ်ပတ် ပခုက္ကူဈေးကွက်မှာ အရည်အသွေးကောင်းသည့် ပဲတီစိမ်းများကို တစ်ပိဿာ ၁၃၃၀ ကျပ် (တစ်တန် ၈၁၄၄၇၈ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးမြင့်ပြီး ဝယ်ယူခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ရန်ကုန်ဝယ်လက်က ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်ထက်ဈေးကျခဲ့ပြီး ရန်ကုန်တင်ပို့မည့်သူများက တစ်ပိဿာ ၁၂၅၀ ကျပ် (တစ်တန် ၇၆၅၄၈၇ ကျပ်) နဲ့ ဝယ်လိုအားများခဲ့ပြီး တစ်နေ့ကို အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်ကို မန္တလေးသို့ တင်ပို့ရန်အတွက် နှမ်းနက် (အဟောင်း) တစ်ပိဿာ ၂၁၆၇ ကျပ် (တစ်တန် ၁၃၂၇၀၄၉ ကျပ်) နဲ့ အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းနီဈေးမြင့်တက်ခဲ့ပြီး ပဲတီစိမ်းဈေးငြိမ်နေ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၂၅ ကျပ်ထိ ဈေးကျခဲ့တဲ့ နှမ်းနီက ဒီတစ်ပတ်မှာတော့ တစ်ပိဿာ ၁၈၂၅ ကျပ် (တစ်တန် ၁၁၁၇၆၁၁ ကျပ်) ထိ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၁၂၁၀ ကျပ် ( တစ်တန် ၇၄၀၉၉၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်စမုံကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၉၀ ကျပ်မှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၆၇၀ ကျပ် (တစ်တန် ၁၆၃၅၀၈၁ ကျပ်) ထိဈေးကျခဲ့ပါတယ်။ နှမ်းနက်ရိုးရိုးကတော့ ယခင်တစ်ပတ်ထက် တစ်ပိဿာ ၂၈၀ ကျပ်ခန့် ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ၂၄၄၅ ကျပ် (တစ်တန် ၁၄၉၇၂၉၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်၊ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ်အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးမြင့်ခဲ့ပြီး မန္တလေးတင်ပို့မည့် ဝယ်လက်များက တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်) နဲ့ တစ်နေ့အိတ် ၁၀၀ ခန့်ဝယ်ယူခဲ့ပြီး ပဲတီစိမ်းဈေးမြင့်တက်လာတာကြောင့် ရောင်းလိုအားများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပေမယ့် ရန်ကုန်ဝယ်လက်များက အရည်အသွေးကြိုက်နှစ်သက်တာကြောင့် ဝယ်လိုအားရှိပြီး တစ်နေ့ အိတ် ၅၀၀ ခန့် တစ်ပိဿာ ၁၂၃၅ ကျပ် (တစ်တန် ၇၅၆၃၀၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံ အနေနဲ့ ဈေးငြိမ်ခဲ့ပြီး နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၄၄၅ ကျပ် (တစ်တန် ၁၄၉၇၂၉၃ ကျပ်)၊ နှမ်းနီ တစ်ပိဿာ ၁၇၈၀ ကျပ် (တစ်တန် ၁၀၉၀၀၅၄ ကျပ်)၊ သိပ္ပံနှမ်း တစ်ပိဿာ ၂၈၉၀ ကျပ် (တစ်တန် ၁၇၆၉၈၀၇ ကျပ်) နဲ့ နှမ်းမျိုးစုံ တစ်နေ့အိတ် ၃၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးကျသော်လည်း ပဲတီစိမ်းဈေးတက်

ဒီတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲအသစ်များ နေ့စဉ်ဝင်ရောက်မှုရှိခဲ့ပြီး ရန်ကုန်ဝယ်လက်ကလည်း နေ့စဉ် ပုံမှန် အဝယ်ရှိနေပေမယ့် ယခင်တစ်ပတ်ထက် ဈေးကျပြီး တစ်ပိဿာ ၁၇၀၀ ကျပ် (တစ်တန်ကို ၁၀၄၁၆၀၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်ထက် ပဲအဝင်နည်းခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ဈေးအနည်းငယ် မြင့်တက်လာပြီး တစ်ပိဿာ ၁၄၇၅ ကျပ် (တစ်တန် ၉၀၃၂၇၅ ကျပ်) နဲ့ တစ်နေ့ အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ အသစ်ကလည်း ဈေးကွက်အတွင်း ဝင်ရောက်နေပြီး တစ်ပိဿာ ၁၂၀၀ ကျပ် (တစ်တန် ၇၃၄၈၆၈ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်က တစ်နေ့အိတ် ၄၀၀ ခန့် အရည်အသွေးပေါ် မူတည်ပြီး အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အိန္ဒိယနိုင်ငံသည် ယခုနှစ်အတွင်း ပဲပုပ်အထွက်နှုန်းမြင့်မားနိုင်သဖြင့် ပဲပုပ်ဈေးနှုန်းများကျဆင်းနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် ယခုနှစ်အတွင်း ပဲပုပ်စေ့ အထွက်နှုန်းမြင့်မားနိုင်သဖြင့် ပဲပုပ်ဈေးနှုန်းကျဆင်းနိုင်ကြောင်း၊ ယခုနှစ် ၂၀၁၆-၂၀၁၇ ရာသီတွင် ယခင်နှစ်ထက် ပဲပုပ် ၆၀ ရာခိုင်နှုန်း ပိုမိုထွက်ရှိနိုင်ကြောင်း သိရှိရသည်။

ယခင်နှစ်ရာသီအတွင်းက ပဲပုပ်စေ့ တန်ချိန် ၇ ဒသမ ၂ သန်းထွက်ရှိခဲ့ပြီး၊ ယခုနှစ်တွင် ပဲပုပ်စေ့ စုစုပေါင်းတန်ချိန် ၁၁ ဒသမ ၄၉ သန်းထွက်ရှိနိုင်မည်ဟု ခန့်မှန်းရပြီး၊ အဆိုပါပမာဏသည် လေးနှစ်အတွင်း ပဲပုပ်ထွက်ရှိမှုနှုန်း အများဆုံးဖြစ်နိုင်ကြောင်း အိန္ဒိယနိုင်ငံ ပဲပုပ်စေ့ထုတ်လုပ်ပြုပြင်ရောင်းချသူများအသင်း (Soyabean Processors Association, SOPA) က ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ပဲပုပ်လက်ကျန်ပမာဏမှာ တန်ချိန် သုည ဒသမ ၄၄ သန်းရှိနိုင်သဖြင့် ယခုနှစ်ရာသီတွင် ပဲပုပ်တန်ချိန် စုစုပေါင်း ၁၁ ဒသမ ၉၃ သန်းဖြစ်လာနိုင်ကြောင်း၊ ယခုကဲ့သို့ အထွက်နှုန်းမြင့်မားလာရခြင်းမှာ နိုင်ငံအတွင်း ငွေလက်ငင်းဈေးကွက်နှင့် ကောက်ဝယ်ဈေးကွက် (Spot markets) များတွင် ပဲပုပ်ဈေးနှုန်းမြင့်တက်ခြင်းနှင့် လောင်စာစွမ်းအင် အဖြစ်အသုံးပြုရန်ကိစ္စများကြောင့် ဖြစ်နိုင်ကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ သုံးလအတွင်း အိန္ဒိယနိုင်ငံ၏ ပဲပုပ်ပြည်ပတင်ပို့မှုသည် တန်ချိန် ၃၇၀၀၀၀ ရှိပြီး ၂၀၁၅ ခုနှစ် ကာလတူက တန်ချိန် ၁၁၀၀၀၀ သာ တင်ပို့နိုင်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်အတွင်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် UMFCCI နှင့် ARCCI တို့ တွေ့ဆုံဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နဲ့ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) တို့သည် ပုသိမ်မြို့ ပုသိမ်ဟိုတယ်တွင် ဇန်နဝါရီ ၁၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါ ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဘဟိန်း၊ လျှပ်စစ်စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဝင်းမြွေး၊ UMFCCI မှ တာဝန်ရှိသူများ၊ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် တာဝန်ရှိသူများ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တိုင်းအဆင့်အကြီးအကဲများနှင့် ပုသိမ်မြို့ပေါ်ရှိ ဆန်စက်လုပ်ငန်းရှင်၊ သီဟိုဠ်လုပ်ငန်းရှင်၊ ပီလောပီနံလုပ်ငန်းရှင်၊ ရေထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်၊ ဆားစက်ပိုင်ရှင်များ၊ ကွန်ပျူတာပညာရှင်များအသင်းမှ တာဝန်ရှိသူများ အိမ်ခြံမြေ ရောင်းဝယ်ရေးအသင်း ဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးဦးဘဟိန်းက အဖွင့်အမှာစကား ပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ တိုင်းဒေသကြီးအတွင်း ARCCI အသင်း၏ ဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဧရာဝတီတိုင်းဒေသကြီး အတွင်းဆောင်ရွက်မည့် Agriculture Master plan နဲ့ ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့ပြီး UMFCCI အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးက ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပါတယ်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက အမျိုးသားပို့ကုန်မဟာဗျူဟာ NES နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ARCCI အသင်းနှင့် ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌများနှင့် ညီနောင်အသင်းများက မိမိတို့ လုပ်ကိုင်နေရသည့် အခြေအနေအရ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ပြဿနာများအား ဆွေးနွေးတင်ပြခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။

UMFCCI မှာဆောင်ရွက်နေတဲ့ မြန်မာ့စီးပွားရေး ဖိုရမ်အကြောင်းကို မိတ်ဆက်ပြောကြားရာတွင် အစိုးရနဲ့ ပုဂ္ဂလိကတွေ့ဆုံဆွေးနွေးပွဲများ၊ ကုန်သည်စက်မှုအသင်းချုပ်ရဲ့ ဆောင်ရွက်ချက်များ၊ ကုန်သည်စက်မှုအသင်း နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) တို့ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေးနဲ့ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ အကြောင်းအရာများအပြင်၊ နိုင်ငံတော်၏ မူဝါဒများ ချမှတ်ရန်အတွက် အကြံပြုတင်ပြချက်များ၊ ပုဂ္ဂလိက ကဏ္ဍပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် (Private Sector Reform Process) များ၏ အရေးပါမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**



# ဘယ်လ်ဂျီယံနိုင်ငံမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေး

EU-GIZ အဖွဲ့အစည်းရဲ့ အကူအညီဖြင့် ဘယ်လ်ဂျီယံနိုင်ငံမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကျွမ်းကျင် ပညာရှင်နှင့် တွေ့ဆုံပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မုံရွာမြို့တွင် ဇန်နဝါရီလ ၇ ရက်နေ့က ကျင်းပပြုလုပ် ခဲ့ရာ ဘယ်လ်ဂျီယံနိုင်ငံ Ministry Of Economic Affairs မှ Head Of Department Of Safety နှင့် Product Safety and Market Surveillance အတွက် အပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံဖြစ်သည့် Mr.Jan Deconink ရုံးချုပ် စားသုံးသူရေးရာ ဦးစီးဌာနမှ ခေတ္တ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးထိုက်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ခရိုင်ဦးစီးမှူးများ ဌာနခွဲတာဝန်ခံများနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၅ ဦးတက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူးဦးခင်ဇော်က စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ထုတ်ကုန်လုံခြုံ စိတ်ချရမှုနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်း လင်းပြောကြားခဲ့ပါသည်။ ကလေး၊ ကသာ၊ စစ်ကိုင်း၊ မုံရွာနှင့်ရွှေဘိုခရိုင်တို့မှ ခရိုင်ဦးစီးမှူးများကလည်း သက်ဆိုင်ရာ ခရိုင်များတွင် ထုတ်ကုန်လုံခြုံစိတ် ချရမှုဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ လက်တွေ့ဆောင်ရွက်နေသည်များကို တင်ပြဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသည့် ကျွမ်းကျင်ပညာရှင် Mr.Jan Deconink က အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြီး မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးပေးခဲ့သည်။

ထို့နောက်ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်နှင့်အဖွဲ့သည် မုံရွာကုန်စည်ဒိုင်သို့ သွားရောက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (SRCCI) ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ မုံရွာစက်မှုဇုန်ရှိ အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး စက်ရုံနဲ့ စိုးမိုးထွန်းဆီစက်သို့ သွားရောက်ကြည့်ရှုလေ့လာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **တင်တင်မိုး (မုံရွာ)**

# စစ်ကိုင်းမြို့မင်းကွန်းကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပြီး နံရံကပ်စာစောင် ဓာတ်ပုံများပြသ



စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများနှင့်အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲအား ဇန်နဝါရီ ၁၀ ရက်က စစ်ကိုင်းမြို့ မင်းကွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အင်ကြင်းဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မင်းကွန်း အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးကံစက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူရေးရာ ဦးစီးမှူး ဦးမြင့်စိုးက စားသုံးရန်မသင့်သော ဆိုးဆေးပါသည့် အစားအစာများအကြောင်းကို ရှင်းလင်း ဟောပြောသည်။

ဆက်လက်ပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်ကေသီအောင်က အန္တရာယ်ရှိသော မုန့်မျိုးစုံအကြောင်းကိုလည်းကောင်း၊ ဒေါ်ခင်စောဝင်းက ဟင်းချိုမှုန့်စားသုံးခြင်းကြောင့် အန္တရာယ်ဖြစ်စေသည့်အကြောင်းကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းအောင်က ကျောင်းသား၊ကျောင်းသူများ အသိပညာ၊ ဗဟုသုတပြည့်ဝစေရေး၊ စာပေလေ့လာဖတ်ရှုကြရေးနှင့် စည်းကမ်းလိုက်နာသည့် အနာဂတ်မျိုးဆက်သစ်များ ဖြစ်လာစေရေး အကြောင်းကို လည်းကောင်း အသီးသီးရှင်းလင်း ဟောပြောခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအေးကျော်၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျေးရွာလူမှုရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မျိုးဝင်း (စစ်ကိုင်း)**

# မိုရေးအကောက်ခွန်ဌာနက အိန္ဒိယ ကွမ်းသီးကုန်သည်များထံမှ ၄၀ ရာခိုင်နှုန်း အခွန်ကောက်ခံမှုကြောင့် တမူးနယ်စပ်မှ ကွမ်းသီး တင်ပို့မှုကျဆင်း

ဒီဇင်ဘာလအတွင်း မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၆ ဒသမ ၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ကွမ်းသီးကို ယခင်နှစ်ကာလတူက ၁၉၃၅ တန်နဲ့ အနီးစပ်ဆုံးကာလဖြစ်တဲ့ နိုဝင်ဘာလက တန် ၁၂၀ တင်ပို့ခဲ့တာကြောင့် ယခင်နှစ် ကာလတူအောက် ၁၉၁၈ တန်နဲ့ နိုဝင်ဘာလအောက် ၁၀၃ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယင်းသို့လျော့နည်းရခြင်းမှာ တမူး ကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ကွမ်းသီးတင်ပို့မှုများလာခြင်းအပေါ် အိန္ဒိယအကောက်ခွန်ဌာနက Third Country Products အဖြစ် သံသယဖြစ်ဖွယ်ရှိသော ကွမ်းသီးများကို အိန္ဒိယနိုင်ငံအတွင်း သိမ်းဆည်းလျက် တရားရုံး၌ တရားစွဲဆိုထားရှိကြောင်း၊ အကောက်ခွန်နှုန်းထားကို သုည ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံခဲ့သည်ဟု ယူဆရကြောင်း၊ မိုရေးအကောက်ခွန်ဌာနမှ အိန္ဒိယကုန်သည်များထံသို့ ကွမ်းသီးတင်သွင်းလိုပါက အကောက်ခွန်နှုန်းထားအဖြစ် ၄၀ ရာခိုင်နှုန်း ဘဏ်၌ပေးသွင်းလျက် ယာယီခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အခွန်ကို ၄၀ ရာခိုင်နှုန်းကောက်ခံပါက အိန္ဒိယကုန်သည်များ အနေဖြင့် အရှုံးပေါ်နိုင်၍ လုပ်ငန်းလုပ်ကိုင်ရန် တုံ့ဆိုင်းနေခြင်းကြောင့် ကွမ်းသီးတင်ပို့မှု ကျဆင်းရခြင်း ဖြစ်တယ်လို့ တမူးကုန်သွယ်ရေးစခန်းမှ သိရပါတယ်။ **ခင်မိုးသူ**

# ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာကုန်သွယ်မှု

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ၂၀၁၆ ဒီဇင်ဘာအတွင်း ပို့ကုန်အမေရိကန် ဒေါ်လာ ၅၂ ဒသမ ၆၂၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၁၄ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၈၄၃ သန်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၇၈ သန်း ပိုမိုပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆၁ သန်းလျော့နည်းခဲ့ပါသည်။ ကုန်သွယ်မှုပမာဏကို ကြည့်မယ်ဆိုလျှင် ၂၀၁၅ ဒီဇင်ဘာ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၁၂၆ သန်း ဖြစ်တာကြောင့် ၂၀၁၆ ဒီဇင်ဘာမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၁၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုနှစ်တွင် ပို့ကုန်ပိုင်းမှာ ငရုတ်သီးခြောက်၊ ငစိန်ဆန်နှင့် နှမ်းတင်ပို့မှု လျော့နည်းခဲ့သော်လည်း မြေပဲဆန်၊ ပဲမျိုးစုံ၊ ပြောင်းဖူးစေ့၊ ရော်ဘာ၊ ဝဥခြောက်၊ ဖရဲသီး၊ ငါးရှဉ့်၊ ကဏန်း၊ သကြားနှင့် ဆံပင်တို့ ပိုမိုတင်ပို့နိုင်ခဲ့၍ ပို့ကုန် ပိုမိုခဲ့ရခြင်းဖြစ် ပြီး၊ သွင်းကုန်ပိုင်းတွင် ယခင်နှစ်ထက် ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့် အချိုမှုန့်တင်သွင်းမှု လျော့နည်းခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။

အနီးစပ်ဆုံး နိုဝင်ဘာနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုခဲ့ပြီး၊ ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁၉၃ သန်း ပိုမိုခဲ့ကြောင်း တွေ့ရပါသည်။ ဒီဇင်ဘာလတွင် ပို့ကုန်ပစ္စည်းများဖြစ်သော မြေပဲဆန်၊ ထောပတ်ပဲ၊ ပဲကြီး၊ ပဲယင်း၊ ပဲနီကြား၊ စွန်တာနီပြာ တင်ပို့မှု လျော့နည်းခဲ့သော်လည်း၊ ရော်ဘာ၊ ဆန်၊ ပြောင်း၊ မတ်ပဲ၊ နှံစားပြောင်း၊ နှမ်း၊ ပဲလွန်းဖြူ၊ ကုလားပဲ၊ မြေထောက်ပဲ၊ ပဲပုပ်စေ့၊ သကြား၊ ဝဥခြောက်နှင့် ဆံပင်တင်ပို့မှု ပိုမိုခဲ့၍ ပို့ကုန်ပိုင်းတွင် အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၇၀၉ သန်း ပိုမိုခဲ့ပြီး၊ သွင်းကုန်ပိုင်းတွင် နန်းကြိုး၊ ဝရိန်ချောင်း၊ မြေဆီနှင့် တိတ်တို့ ပိုမိုတင်သွင်းနိုင်ခဲ့၍ ယခင်လထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၄ သန်း ပိုမိုခဲ့ပါသည်။

ဒီဇင်ဘာ ကုန်သွယ်မှုလျာထားချက်မှာ အမေရိကန် ဒေါ်လာ သန်း ၆၀ ဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၈၄၃သန်းဖြစ်သဖြင့် ၉၃ ရာခိုင်နှုန်းကျော်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာတစ်လလုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန် ပဲ အမျိုးမျိုး၊ ပြောင်း၊ နှံစားပြောင်း၊ နှမ်းရောင်စုံ၊ ရော်ဘာ၊ ဆန်၊ ငရုတ်သီးခြောက်၊ ကြက်ဆူစေ့၊ ရေထွက်ကုန်၊ ကဏန်း၊ ငါးရှဉ့်၊ ရေခဲငါး၊ စက်မှုကုန်ချော သကြားဖြူနှင့် အခြားအုပ်စုမှ ဆံပင်၊ Re-export သကြားနှင့် ပီနန်အိတ်(ပလပ်စတစ်) တို့ တင်ပို့နိုင်ခဲ့ပြီး၊ သွင်းကုန်ပစ္စည်းများမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်း အုပ်စုဖြစ်သော သံချောင်း၊ Zinc Coated Iron Wire Coil ၊ လုပ်ငန်းသုံးပစ္စည်း ဓါတ်မြေဩဇာ၊ Iron Nail, Veneer for plywood နှင့် လူသုံးပစ္စည်း အချိုမှုန့်၊ တိတ်တို့ကို တရုတ် နိုင်ငံမှ တင်သွင်းလာခဲ့ကြောင်း သိရပါသည်။

ကုန်သွယ်မှုလျာထားချက် ပြည့်မီရေးအတွက် OSS လုပ်ငန်းဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နယ်မြေဒေသလုံခြုံ ရေးအခြေအနေများ ပိုမိုကောင်းမွန်လာပါက ကုန်သွယ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း တာဝန်ခံက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**မော်မော်အောင်**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာကုန်သွယ်မှု လျာထားချက်အပေါ် ၇၈ ရာခိုင်နှုန်းကျော်ဆောင်ရွက်နိုင်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ၂၀၁၆ ဒီဇင်ဘာအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၃၃၆ ဒသမ ၆၂၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၂၂၄ သန်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၈၂ ဒသမ ၈၄၇ သန်း ဆောင်ရွက်ခဲ့ပြီး လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၆၁၂ သန်းဖြစ်သဖြင့် လျာထားချက်အပေါ် ၇၈ ဒသမ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

အနီးစပ်ဆုံးနိုဝင်ဘာနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၂၁၆ ဒသမ ၀၃၀ သန်း၊ သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၈၇၅ သန်း ပိုမိုဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏတွင်လည်း အမေရိကန်ဒေါ်လာ ၂၅၅ ဒသမ ၉၀၅ သန်း ပိုမိုခဲ့ကြောင်း တွေ့ရပါသည်။ ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ စက်မှုကုန်ချော၊ သတ္တုတွင်းထွက်နှင့် အခြားပစ္စည်းအုပ်စုတို့ကို နိုဝင်ဘာလထက် ပိုမိုတင်ပို့ခဲ့ပြီး သစ်တောထွက်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းအုပ်စု တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရပါသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်း၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှု ပိုမိုခဲ့သဖြင့် နိုဝင်ဘာလထက် သွင်းကုန်တင်သွင်းမှုလည်း ပိုမိုရခြင်း ဖြစ်ပါသည်။

ပို့ကုန်၊ သွင်းကုန် လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ကုန်သွယ်ရေးဇုန်ပတ်ဝန်းကျင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲများဖြင့် စနစ်တကျ ရှင်းလင်းပြီး ဆောင်ရွက်နေကြောင်း၊ တရားမဝင်သယ်ယူမှုများ မရှိစေရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါသည်။

**မော်မော်အောင်**

## ကော့သောင်းနယ်စပ်တွင် အုန်းသီးများဈေးကောင်းရနေ

၂၀၁၆ ခုနှစ် ဧပြီလခန့်မှစ၍ တနင်္သာရီတိုင်းအတွင်းမှ ထွက်ရှိသည့် အုန်းသီး (အခွံချွတ်)အား တစ်ဖက်ထိုင်းနိုင်ငံ၊ ရနောင်းဘက်ကမ်းမှ အဝယ်လိုက်လာကြောင်း အုန်းသီး ဝယ်/ရောင်း ပြုလုပ်နေသည့် ကုန်သည်တစ်ဦးထံမှ သိရှိရပါတယ်။ တစ်ဖက်ထိုင်းနိုင်ငံမှ ဝယ်လို အားများလာသည့်အတွက် ကော့သောင်းဒေသရှိ ဒေသခံ အုန်းသီး ဝယ်/ရောင်း ပြုလုပ်နေသည့် ကုန်သည်များသည် ကော့သောင်းခရိုင်အတွင်းရှိ ကျေးရွာများ၊ မြိတ်နှင့် ထားဝယ်ခရိုင်များအတွင်းရှိ ကျေးရွာများအပြင် မော်လမြိုင်ခရိုင်အတွင်းရှိ ကျေးရွာများအထိပါ လိုက်လံဝယ် ယူစုဆောင်းလျက်ရှိကြောင်း ကုန်သည်တစ်ဦးထံမှ သိရှိရပါသည်။

လက်ရှိကော့သောင်းနယ်စပ်တွင် အုန်းသီး(အခွံချွတ်) တစ်လုံးလျှင် ကျပ် ၄၀၀ခန့်အထိ ပေါက်ဈေး ရှိနေကြောင်း၊ ရနောင်းဘက်ကမ်းတွင် တစ်လုံးလျှင် အရွယ်အစားအကြီး၊ အသေးပေါ် မူတည်၍ ၁၅ ဘတ်မှ ဘတ်၂၀ ကြားအထိ ရှိနေကြောင်း စုံစမ်းသိရှိရပါသည်။ တစ်ဖက်ထိုင်းနိုင်ငံမှ အုန်းသီးအဝယ် လိုက်လာမှုကြောင့် အုန်းစိုက်တောင်သူများ ငွေကြေးပြေလည်ပြီး၊ ဒေသခံ ကျေးရွာနေပြည်သူများ အုန်းသီးခူးခြင်းလုပ်ငန်းများ၌ အလုပ်အကိုင်ရရှိနေကြောင်း သိရှိရပါသည်။

တစ်ဖက် ထိုင်းနိုင်ငံသည် အစားအသောက်များ၌ အုန်းသီးမှရရှိသည့် အုန်းနို့အား တွင်ကျယ်စွာအသုံးပြုလျက် ရှိပြီး၊ အုန်းသီးနှင့် ပြုလုပ်ထားသော မုန့်နှင့် အစားအသောက်များအား နှစ်သက်စွာ စားသုံးမှုရှိကြောင်း သိရှိရပါသည်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တစ်ဖက်ထိုင်းနိုင်ငံ၊ ရနောင်းဘက်ကမ်းသို့ ကျပ် ၁၂ သန်းကျော် တန်ဖိုးရှိ အုန်းသီး ၆၅ တန်ခန့်ကို တင်ပို့ခဲ့ပြီး၊၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ကျပ် ၅၅ သန်းခန့် တန်ဖိုးရှိသည့် အုန်းသီး တန်ချိန် ၂၇၅ တန်ကိုတင်ပို့ထားကြောင်း တွေ့ရှိရပါသည်။

**နေထက်မင်း၊ ခေတ္တကော့သောင်း**

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၇ ဇန်နဝါရီ ပထမပတ် တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၉၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၁၅၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၆၄ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၈၃၀ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၃ သန်း၊ တန်ချိန်အားဖြင့် တန် ၃၃၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ယခင်သီတင်းပတ်က တင်ပို့မှုမရှိတဲ့ ငါးမှုန့်၊ ငါးဟောက်အရှင်၊ ငါးလိပ်ကျောက်အရေခွံခြောက်နဲ့ ပင်လယ်မျှော့ခြောက်တို့ တင်ပို့ခဲ့ပေမယ့် ကဏန်း၊ ငါးပူတင်းအရေခွံခြောက်၊ ငါးမျိုးစုံ၊ ငါးလေးခြောက်၊ ခရုအသားခြောက်၊ ငါးမြစ်ချင်းစီဖောင်း၊ ငါးကြင်းစီဖောင်း၊ ပုစွန်ခြောက်နဲ့ ကင်းမွန်ခြောက်တို့ လျော့နည်းတင်ပို့ခဲ့တာကြောင့် တန်ချိန်ရော၊ တန်ဖိုးပါ ယခင် တစ်ပတ်ထက် လျော့နည်းခဲ့တာ ဖြစ်ပါတယ်။

တစ်ဖက်နိုင်ငံယွမ်ဈေးအနေဖြင့် ငါးရှဉ့်တစ်တန်ကို ယခင်တစ်ပတ်ဈေးအတိုင်း ယွမ် ၃၁၀၀၀ နဲ့ ပြောင်းလဲမှုမရှိဘဲ ကဏန်းတစ်တန်လျှင် ယခင်တစ်ပတ်က ၅၄၂၁၅ ယွမ် ရှိရာမှ ၅၄၄၉၈ ယွမ်သို့ ဈေးမြင့်တက်ခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပြည်ပမှ ဆိုင်ကယ်များ ဝင်ရောက်မှု ဆက်လက်ကျဆင်း

ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၅၀ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၄၄၅ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၀၂၈ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၅၈၃ စီး လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးကုန် သွယ်ရေးစခန်းတို့မှ တင်သွင်းမှုမရှိတဲ့အပြင် မြဝတီနဲ့ မူဆယ်ကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေးစခန်းတို့မှလည်း ဆိုင်ကယ်တင်သွင်းမှု ကျဆင်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၉၅၄ စီး မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၇၁၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၄၇၂ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၉ စီးကို တင်သွင်းနိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့စခန်းများမှ သကြားပိုမိုတင်ပို့ပြီး ထိုင်းနယ်စပ်မှ သကြားတင်သွင်းမှုလျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၂၀၁၇ ဇန်နဝါရီ ပထမပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၄၃ သန်း တန်ဖိုးရှိသကြား ၄၆၃၉၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ Re-export သကြား ၄၅၇၅၁ တန်၊ ချင်းရွှေဟော်မှ သကြားဖြူ ၃၇၆ တန်ကျော်နဲ့ Re-export သကြား ၂၆၂ တန်ကျော် ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ ၄၄၉၆၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ သကြား ၁၄၃၀ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ပထမပတ်ရဲ့ သကြား တစ်တန်ဈေးဟာ ၁၀၀၀၈၄၀ ကျပ်ခန့်အထိ ဝယ်ယူရရှိပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလို တစ်အိတ်လျှင် ၂၆၀-၂၆၂ ယွမ် အထိ ဈေးရရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခုရက်သတ္တပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၆၃၅ သန်း တန်ဖိုးရှိ Re-export သကြား ၁၁၅၅ တန် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၁၄၈ တန်ခွဲ တင်သွင်းခဲ့လို့ ယခုတစ်ပတ်မှာ ၁၀၉၉၃ တန်ကျော် လျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်ထိ ITC ကတ်ဖြင့် ကုန်သွယ်မှု ကျပ်သန်း ၈၅၀၀ ကျော် ကုန်သွယ်ပြီးဖြစ်

၂၀၁၆-၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်အထိ ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဇုန်များမှ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (ITC) ဖြင့် ကုန်သွယ်မှုပမာဏကျပ်သန်း ၈၅၀၀ ကျော် ကုန်သွယ်နိုင်ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ အများဆုံး ကုန်သွယ်နိုင်ကြောင်း ကုန်သွယ်ရေးစခန်းများမှ သိရသည်။

ကုန်သွယ်ရေးစခန်းအလိုက် ကုန်သွယ်မှုပမာဏမှာ တမူးကုန်သွယ်ရေးစခန်းမှ ကျပ် ၅၇၇ သန်းကျော်၊ မူဆယ်ကုန်သွယ်ရေးစခန်းမှ ကျပ် ၅၉၄ သန်းကျော်၊ ကန်ပိုက်တီးကုန်သွယ်ရေး စခန်းမှ ကျပ် ၁၆၅၉ သန်းကျော်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကျပ် ၅၁၃ သန်းကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကျပ် ၁၁ သန်းကျော်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကျပ် ၂၈၉ သန်းကျော်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကျပ် ၃၇၇ သန်းကျော်၊ မောတောင်ကုန်သွယ်ရေးစခန်းမှ ကျပ် ၇၂၃ သန်းကျော်၊ ကျိုင်းတုံကုန်သွယ်ရေးစခန်းမှ ကျပ် ၂၄ သန်းကျော်၊ မယ်စဲ့ကုန်သွယ်ရေးစခန်းမှ ကျပ် ၁၄ သန်းကျော်နှင့် မြဝတီကုန်သွယ်ရေးဇုန်မှ ကျပ်သန်း ၃၇၇၀ ကျော် ကုန်သွယ်နိုင်ကြောင်း သိရသည်။

ဒီဇင်ဘာလကုန်ထိ ITC ကတ်ဖြင့် ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၇၅၉ သန်းကျော်နှင့် သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၇၇၉၇ သန်းကျော် ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ရာ စုစု ပေါင်းကုန်သွယ်မှုပမာဏ ကျပ်သန်း ၈၅၅၆ ကျော်ရရှိထားကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

ကုန်သွယ်မှုစခန်းများမှာ ဘဏ္ဍာနှစ်အလိုက် ITC ကတ် ထုတ်ပေးနိုင်မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ITC ကတ် ၂၉၂ ကတ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ITC ကတ် ၂၆၁ ကတ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ITC ကတ် ၃၁၇ ကတ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ITC ကတ် ၁၄၆ ကတ်နဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလကုန်အထိ ITC ကတ် ၁၄၅ ကတ် စုစုပေါင်း ITC ကတ် ၁၁၆၁ ကတ်ခွင့် ပြုထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **ခင်မိုးသူ**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုလျာထားချက်ကျော်လွန်

စစ်တွေကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်း ပို့ကုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၁၃ သန်းနဲ့ သွင်းကုန်အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၀၂ သန်း ရှိခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၆၁၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုလျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုရာခိုင်နှုန်းမှာ ၁၂၂ ဒသမ ၇ ရာခိုင်နှုန်းဖြစ်တဲ့အတွက် လျာထားချက်ကျော်လွန် ဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။

ဒီဇင်ဘာလအတွင်း စစ်တွေကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှုပမာဏကို အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ၁၄၃ သန်း ပိုမိုခဲ့သလို ကာလတူထက် အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၈ သန်း ပိုမိုဆောင်ရွက်နိုင်တယ်လို့ စာရင်းများအရ သိရပါတယ်။ ယင်းသို့ ပိုမိုဆောင်ရွက်နိုင်ခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ မန်ကျည်းစေ့၊ နနွင်းတက်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ချင်းအစို၊ ရေထွက်ကုန် ပစ္စည်းများဖြစ်တဲ့ ရေချိုငါးမြစ်ချင်း၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ စက်မှုကုန်ချော ပစ္စည်းများဖြစ်တဲ့ ဆီးယိုထုပ်၊ စောင်တို့ ပိုမိုတင်ပို့နိုင်ခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလအတွင်း အများဆုံးတင်ပို့နိုင်တဲ့ပစ္စည်းများကတော့ မန်ကျည်းစေ့၊ ဆီးယိုထုပ်၊ ဆီးဖတ်၊ သစ်ခေါက်၊ ရိုကားသီး၊ ဆီးသီးခြောက်၊ ချင်းအစို၊ နနွင်းတက်၊ ငါးမြစ်ချင်း၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်တို့ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ငွေစက္ကူဖျက်သိမ်းခြင်းကြောင့် ဓာတ်မြေသြဇာ ရောင်းချခြင်းအပေါ် ယနေ့အချိန်အထိ သက်ရောက်မှုမရှိသေးဟုဆို

အိန္ဒိယနိုင်ငံတွင် ဓာတ်မြေသြဇာ ဦးစီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ဒိုင်အမိုနီယမ်ဖော့စဖိတ် မြေသြဇာရောင်းချနိုင်မှုပမာဏမှာ ယခုနှစ် နိုဝင်ဘာလတွင် တန်ချိန် ၁၁ ဒသမ ၈၉ သိန်းအထိ မြင့်တက်လာခဲ့ရာ ပြီးခဲ့သည့်နှစ် ကာလတူက ရောင်းချခဲ့ရသည့် တန်ချိန် ၉ ဒသမ ၁၈ သိန်းထက် ၂၉ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ MOP ဓာတ် မြေသြဇာရောင်းချရမှု ပမာဏမှာလည်း တန်ချိန် ၂ ဒသမ ၀၆ သိန်းမှ ၃ ဒသမ ၅၄ သိန်းသို့လည်းကောင်း၊ အခြားဓာတ်ပေါင်းဓာတ်မြေသြဇာများမှာလည်း တန်ချိန် ၆ ဒသမ ၉၇ သိန်းမှ ၇ ဒသမ ၄၉ သိန်းသို့ တိုးတက်လာခဲ့ရာ ယခင်နှစ်ထက် ၇၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၇ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၏ ယူရီးယားဓာတ်မြေသြဇာ ရောင်းချနိုင်မှု ပမာဏမှာ တန်ချိန် ၂၆ ဒသမ ၈၉ သာရှိခဲ့ပြီး ယခင်နှစ် ကာလတူတွင် ရောင်းချခဲ့သည့် တန်ချိန် ၂၇ ဒသမ ၃၇ သိန်းအောက် လျော့နည်းခဲ့ကြောင်း၊ ယင်းသို့ ရောင်းအားကျဆင်းမှုမှာ ပြီးခဲ့သည့် မိုးရာသီကတည်း က စတင်ခဲ့ခြင်းဖြစ်ပြီး ယခုဆောင်းရာသီတွင်လည်း ဆက်လက်ကျဆင်းနေ ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုဝင်ဘာလ ၈ ရက်တွင် စတင်အကောင်အထည် ဖော်ခဲ့သည့် ငွေစက္ကူဖျက်သိမ်းမှုအစီအစဉ်၏ သက်ရောက်မှုမှာ အခြားသော အကြောင်းအရာနှစ်ခု၏ သက်ရောက်မှုနှင့် နှိုင်းယှဉ်ပါက အလွန်နည်းမည်ဟု ယူဆကြောင်း၊ ပထမအကြောင်းအရာမှာ အိန္ဒိယနိုင်ငံအတွင်း ရောင်းချမည့် ယူရီးယားဓာတ်မြေသြဇာများအား တမာစေ့အဆီဖြင့် အပေါ်လွှာ အုပ်၍ ထုတ်လုပ်ရန်အတွက် အိန္ဒိယအစိုးရက မူဝါဒချမှတ်ထားသည့်အတွက် ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ အိန္ဒိယနိုင်ငံတွင် ယူရီးယားဓာတ်မြေသြဇာ အနည်းငယ်သာ အသုံးပြုရန်လိုအပ်သည့် ပဲသီးနှံစိုက်ဧကများ တိုးတက်လာခြင်းကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်ထားပါသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ယခုလတ်တလောတွင် ဓာတ်မြေသြဇာ အမြောက်အများကို အကြွေးစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြကြောင်း၊ ဓာတ်မြေသြဇာကုမ္ပဏီများသည် ပုံမှန်အားဖြင့် ဖောက်သည်များသို့ ရက် ၃၀ ဆိုင်းငံ့အကြွေးစနစ်ဖြင့် ရောင်းချလေ့ရှိကြောင်း၊ သို့ရာတွင် ယခု အခါ ကုမ္ပဏီများသည် ရက် ၆၀ မှ ၉၀ အထိ ထပ်တိုးဆိုင်းငံ့လာကြကြောင်း၊ အိန္ဒိယနိုင်ငံ၌ နှစ်နှစ်ဆက်တိုက် မိုးခေါင်ခဲ့ပြီးနောက် ယခုနှစ်တွင် ရာသီဥတုနှင့် မြေဆီလွှာစိုထိုင်းမှု အခြေအနေ ကောင်းမွန်လာခြင်းနှင့် ပြည်တွင်း ဓာတ်မြေသြဇာဈေးနှုန်းများ သိသိသာသာ ကျဆင်းခဲ့ခြင်းတို့သည် ရောင်းအားပမာဏကို သိသိသာသာ တိုးတက်သင့်သော်လည်း တိုးတက်သင့်သလောက် တိုးတက်မှုမရှိပါက ငွေစက္ကူဖျက်သိမ်းမှု အစီအစဉ်သည် အဆိုပါ ရောင်းအားအပေါ် အခန်းကဏ္ဍတစ်ရပ်မှ သက်ရောက်မှု ရှိနေလိမ့်မည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် ရောင်းချရသည့် စာရင်းဇယားများထွက်ရှိလာပါက ငွေစက္ကူဖျက်သိမ်းမှု အစီအစဉ်၏ သက်ရောက်မှုရှိ/မရှိမှာ ပိုမိုသိသာလာမည်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဘိုကလေးမြို့ (အ-လ-က ခွဲ) ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး သင်တန်း ဖွင့်လှစ်

ဘိုကလေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် (၈) ရပ်ကွက်ရှိ (အ. လ. ကခွဲ) ကျောင်းခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး သင်တန်းဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးသိန်းကျော်က စားသုံးသူရေးရာနှင့် မုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့များအား လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သင်တန်းမှပို့ချပေးသည့် ပို့ချချက်များအား သေချာစွာမှတ်သား၍ သိရှိလိုသည်များ မေးမြန်းကြစေလိုကြောင်း၊ အဆိုပါပို့ချချက်များအား လက်တွေ့နှင့်ပေါင်းစပ်၍ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ကျောင်းကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ သင်တန်းတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်နှင့် အခွင့်အရေးများ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ဓာတုဆိုးဆေးများ၏ အန္တရာယ်များ၊ တာရှည်ခံဆေး၊ မှိုသတ်ဆေး၊ ချွတ်ဆေးများဖြင့် ပြုလုပ်ထားသော စားသုံးရန်မသင့်သည့် အစားအသောက်များအကြောင်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၏ လိပ်စာမပါသော အစားအသောက် အသုံးအဆောင်ပစ္စည်းများ၊ မြန်မာစာ အညွှန်းမပါသည့် စားသုံးကုန်ပစ္စည်းများ၊ အာမခံထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် စားသုံးသူမှ စားသုံးသူအခွင့်အရေးနှင့်အညီ ရယူနိုင်ရေး လိမ်လည်လှည့်ဖြားခြင်းမခံရအောင် အသိပညာများ ဆင့်ပွားဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။

ထို့ပြင် FDA မှ တရားဝင်ထုတ်ပြန်ထားသည့် စားသုံးရန် သုံးစွဲရန် မသင့်သည့် အစားအသောက်များ၊ အလှကုန်ပစ္စည်းများ၊ ဈေးကွက်အတွင်းရှိ ငရုတ်သီးမှုန့်များ အကြောင်းကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**မောင်ဇော် (ဘိုကလေး)**

# ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန် ဒေါ်လာ ၅ ဒသမ ၉၃၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၆၁၀၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၈၀၆ တန် သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၂၉၈ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ တင်ပို့မှုလျော့နည်းပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာသုည ဒသမ ၁၁၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၆၈ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၇ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်း၊ ပုစွန်၊ ရေဘဝဲနဲ့ အခြားရေထွက် ၁၉၅၄ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ သဲကဏန်း၊ ပြည်ကြီးငါးပုစွန်နဲ့ ကင်းမွန်တို့ကို ၆၁၀၄ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# Myanmar Tha Gyee Co.,Ltd

## မြန်မာသူကြီး ကိုရီးယားကားနှင့် Car Spare Parts အရောင်းစင်တာ

## Green Gate Car Sales Center

**ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံထုတ် ကားကောင်း ကားသန့်များ ဝယ်ယူလိုသော လူကြီးမင်းများအတွက်**

- (Aerotown, County, CNG Bus, HI-Class, Aero Space LD & LS, Universal Noble & Space, Starex, Bongo Coach, Hyundai Poter II, Hyundai Box Truck, KIA Box Truck)
- အစရှိသော ကားအမျိုးစားများစွာကို **Customer** များစိတ်ကြိုက် ပိတ်ရက်မရှိ **24Hour** ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ **Customer** များလိုအပ်သော **Sparepart** များကို မည်သူမဆို လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်၊



**Sales Office :**
2/1193, Thu Damar Street,
North-Oakkalar Pa Township, Yangon.
Tel : 01-661344, 09-422226877
E-mail : myanmarthagyee@gmail.com

**Head Office :**
No.(74), 1st Floor (Right),
Lan Thint Street, Lanmadaw Township, Yangon.
Tel : 01-227469, 09-73213002, Fax : 227469
E-mail : mtg.myanmar@gmail.com

**Green Gate Services Co.,Ltd.**
No.(42), Ground Floor, Ma Po Street,
Sanchaung Township, Yangon.
Tel : 09-443669999, 09 73083888
E-mail : greengate.mm@gmail.com

# AwRa Trading Co., Ltd. Thai Gas

## (LPG Filling Station-Myawaddy)






**AwRa Co., Ltd. Thai Gas** မှ **LP Gas** များသည် ပိုမိုကြာရှည်စွာ အသုံးပြုနိုင်ကာ အန္တရာယ်ကင်းစင်၍ အသက်နှင့်ဘေးထွက်ဆိုးကျိုးများ ကင်းဝေးစေပြီး အရောအနှော ကင်းစွာဖြင့် အရည်အသွေးမှန် ဈေးနှုန်းချိုသာစွာ နေအိမ်များ၊ စားသောက်ဆိုင်များနှင့် လုပ်ငန်းသုံးစက်ရုံများသို့ လက်လီ / လက်ကား အရောက်ပို့စနစ်ဖြင့် ရောင်းချပါသည်။

**Myawaddy** : No. 33, Maekanal Quarter, Myawaddy Tsp., Kayin State, Myanmar.
Myan Ph : 09 49267770, 09 795670333, 09 795670777
Thai Ph : 086 2040200, 089 5672124, 087 1130030
**Yangon** : Building No. (1), Ywarmakaung St., Hlaing Township, Yangon, Myanmar.
Ph: 01 521233, 01 521345, 09 5671000, 09 49777599
**Email** : awramwd@gmail.com



ZOP
ZENITH POWER
COMPANY LIMITED
Engineering | Procurement
Construction | Commissioning
Project Management
OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272
OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143
OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706
E-Mail : info@zenithpowermyanmar.com www.zenithpowermyanmar.com www.zenithpowerengineering.com.sg
SMART SOLUTION RELIABILITY EVERYWERE




MHG
MOE HTET GABAR
COMPANY LIMITED
Address : No. 151, Room (B-702, B-704), Myawaddy Bank Luxury Complex,
Bogyoke Aung San Street (Corner of Wardan Street), Lanmadaw Township, Yangon, Myanmar.
Tel : 01-212311, 212837, 2301468~70

## ပျားရည်

### တရုတ်နိုင်ငံသို့ ပျားရည် တန် ၈၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၇ ဇန်နဝါရီ ပထမသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၈၈၀၀ တန်ဖိုးရှိ ပျားရည် ၈၄ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ပျားရည်တင်ပို့မှု မရှိခဲ့ပေမယ့် ဒီဇင်ဘာတစ်လလုံးမှာတော့ ၅၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှ ပျားရည်ကို ပြည်ပဈေးကွက်များမှ ဝယ်လိုအားရှိတာကြောင့် မြန်မာနိုင်ငံထွက် ဆီးပျားရည်၊ ပန်းနှမ်းပျားရည်နဲ့ နေကြာပျားရည်တွေကို တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်း၊ ဥရောပ နိုင်ငံများနဲ့ အနောက်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ပျားလုပ်ငန်းဌာန) မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပြောင်း

### တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု အနည်းငယ်လျော့ကျ

၂၀၁၇ ဇန်နဝါရီလ ပထမပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသုံးခုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၀၂ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၆၀၈၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ် ၄၀၆၃၂ တန်ကျော်၊ လွယ်ဂျယ်မှ ၆၆၄တန်နီးပါးနဲ့ ချင်းရွှေဟော်မှ ၄၇၉၂ တန်ခန့်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းစုံမှ ပြောင်းတန်ချိန် ၄၉၃၂၀ ကျော်အထိ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် သုံးထောင်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၃၁ရက်မှ ဇန်နဝါရီ ၆ရက် အထိ သီတင်းပတ်တွင် ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေးမှာ ၂၃၃၂၇၀ ကျပ်ရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှ ပြောင်းများကို တစ်ဖက်တရုတ်နိုင်ငံ ယူနန်၊ စီချွမ်၊ ကွမ်ကျိုး ပြည်နယ်များရှိ အသေးစားစက်မှု လုပ်ငန်းများမှ မုန့်လုပ်ခြင်းနဲ့ တိရစ္ဆာန်အစားအစာ အတွက် ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အစိုဓာတ် ၁၃ ဒီဂရီထက်မကျော်တဲ့ ပိုးမထိုး၊ မှိုမတက်၊ အလုံးကြီးပြောင်းများကိုသာ ရွေးချယ်ဝယ်ယူကြောင်း မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## တစ်သျှူးငှက်ပျော

### တရုတ်နယ်စပ်ရော ထိုင်းနယ်စပ်ကပါ တစ်သျှူးငှက်ပျော တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးကုန်သွယ်ရေးစခန်း နှစ်ခုမှ ဇန်နဝါရီ ပထမသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၄ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၃၁၂၁ တန်ကျော်ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၄၄၈၃ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၂၀၀ ကိုလည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းသုံးခုမှ တစ်သျှူးငှက်ပျော ၁၇၄၄ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၇၇ တန် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

ကချင်ပြည်နယ် ဝိုင်းမော်ဒေသတစ်ဝိုက်မှာ တစ်သျှူးငှက်ပျောကို ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ မြစ်ကြီးနား၊ မိုးမောက်၊ မံစီ၊ ဝိုင်းမော်နဲ့ ရွှေကူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြောင်း၊ တရုတ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်တွေ ကိုယ်တိုင်ငှက်ပျောစိုက်ခင်းများမှာ လာရောက်လုပ်ကိုင်ကြကြောင်း ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပရဆေး

### မူဆယ်မှ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၇ ဇန်နဝါရီ ပထမသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၅၅ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၂ မျိုးကိုတန်ချိန် ၂၂၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ မုတ်ခါး၊ ဆီးဆန်၊ နနွင်းတက်၊ စမုံနက်၊ မာလာဥခေါင်း၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ တောချင်းနဲ့ တောဂျုံးမြစ် တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၄၆၀ ခန့် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ပရဆေးကုန်ကြမ်း ၂၃၉ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

# ထုတ်ကုန်လုံခြုံစိတ်ချရမှု စီမံခန့်ခွဲမှုနှင့် ဈေးကွက် စောင့်ကြည့်လေ့လာရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ဇန်နဝါရီ ၆ ရက်က ထုတ်ကုန်လုံခြုံစိတ်ချရမှု စီမံခန့်ခွဲမှုနှင့် ဈေးကွက်စောင့်ကြည့်လေ့လာရေး တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ GIZ မှ ထုတ်ကုန်လုံခြုံမှု၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက် စောင့်ကြည့်လေ့လာရေးစနစ် ကျွမ်းကျင်သူ ဘယ်လ်ဂျီယံပညာရှင် Mr. Jan Deconinck ၊ ရုံးချုပ်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စိန်နှင့် ခရိုင်ဦးစီးမှူးများ၊ မန္တလေးတိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ပါ မောက္ခဒေါက်တာအောင်မြင့်၊ မန္တလေးတိုင်းဒေသကြီးထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးက ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ မန္တလေးတိုင်းအတွင်း ဆောင်ရွက်ခဲ့မှုများ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ အစည်းအဝေးများ ကျင်းပခဲ့မှုများကို လည်းကောင်း၊ ကျောင်းများနှင့် ဈေးများတွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ၌ တွေ့ရှိခဲ့သော စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများနှင့် သုံးစွဲရန်မသင့် ကုန်ပစ္စည်းများကို အရေးယူဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာခရိုင်ဦးစီးမှူးများကလည်း မိမိတို့ခရိုင်အတွင်းထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေးကြပါတယ်။

ဆက်လက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှု၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်စောင့်ကြည့်လေ့လာရေးစနစ် ကျွမ်းကျင်သူဘယ်လ်ဂျီယံပညာရှင် Mr.Jan Deconinck မှဘယ်လ်ဂျီယံနိုင်ငံတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ Product Safety Market Surveillance တွင် Reactive နှင့် Proactive နည်းလမ်းနှစ်မျိုးရှိကြောင်း၊ Reactive နည်းအရ စားသုံးသူ တိုင်ကြားမှုများအပေါ် ချက်ချင်းအရေးယူ ဆောင်ရွက်ပေးကြောင်း၊ Proactive နည်းအရဈေးကွက်ထဲမှ ထုတ်ကုန်များကို စောင့်ကြည့်ခြင်း၊ နမူနာများအား ကျပန်းကောက်ယူ၍ စမ်းသပ်စစ်ဆေးခြင်းဖြင့် ကြိုတင်ကာကွယ်နေကြောင်းရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

**တင်ချစ်ကောင်း(စားသုံးသူ၊ မန္တလေး)**

## ရော်ဘာ

### မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေး ကျပ်တစ်သောင်းကျော်ဈေးကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၀၆ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၂၄၈၉ တန် တင်ပို့ခဲ့ရာ မူဆယ်မှ RSS 3 ၁၈၄၄တန်ကျော် RSS 5 ၇၄ တန်ခန့်၊ MSR 20 ၆၇ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 1 ၃၅ တန်နဲ့ RSS 3 ၄၆၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၀၇၂ တန်နဲ့ နှိုင်းယှဉ်ပါက ၁၅၈၃ တန် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန်ကို ကျပ် ၂၁ သိန်း၊ RSS 5 တစ်တန်ကို ကျပ်သိန်း ၂၀ ရှိပြီး ယခင်တစ်ပတ်ထက်တစ်တန်ကို ကျပ် ၁၁၀၀၀ စီ ဈေးကျပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄ သန်းတန်ဖိုးရှိ ရော်ဘာ ၃၈၆ တန်ကို မလေးရှား၊ ဂျပန်၊ ဩစတြေးလျနဲ့ စင်ကာပူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS 3 တန် ၁၀၀၊ ဂျပန်နိုင်ငံသို့ MSR 20 (TSR 20) ၉၈ တန်၊ ဩစတြေးလျနိုင်ငံသို့ RSS 3 တန် ၁၀၀နဲ့ စင်ကာပူနိုင်ငံသို့ MSR 20 (TSR 20) ၈၈ တန်ကျော် တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန် ၈၉၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၀၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်ရဲ့ နိုင်ငံတကာရော်ဘာဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀ ကျော် ဈေးတက်လာကြောင်း သိရှိရပါတယ်။ နိုင်ငံတကာရော်ဘာဈေးတက်တဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း တစ်တန်ကို ဒေါ်လာ ၅၀ ဈေးတက်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ထုတ်ပြန်ချက်အရ သိရှိရပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၂၀၀၀-၂၁၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၉၅၀-၂၀၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၉၀၀-၂၀၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၈၅၀-၁၉၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၈၀၀-၁၉၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၂၁၅၀-၂၂၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၉၀၀-၂၀၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၈၅၀-၁၉၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၅၀-၁၈၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀ |

**ယဉ်ယဉ်အေး**

## ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီပထမပတ်တွင် အမေရိကန်ဒေါ်လာ ၁၄၉၂၁ တန်ဖိုးရှိ လက်ဖက်ခြောက် ၃၉တန်နီးပါး တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလဆန်းပိုင်းက ၁၅တန် တင်ပို့ခဲ့ပြီး ယခုသီတင်းပတ်မှာမှ ပြန်လည်တင်ပို့ခဲ့တာဖြစ်ပါတယ်။

လက်ဖက်ကို ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နဲ့ တာချီလိတ်မြို့တွေရဲ့ တောင်ကြော၊ တောင်တန်းများပေါ်မှာ စိုက်ပျိုးကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**



## ၂၀၁၆-၁၇ဘဏ္ဍာနှစ်အတွင်း လျာထားခဲ့သည့်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းခြောက်ထောင်ပြည့်မီမည်ဟုဆို

၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ ရရှိရန်လျာထားခဲ့ရာ အဆိုပါလျာထားချက်ပြည့်မီနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်ကစပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ MIC ခွင့်ပြုတဲ့လုပ်ငန်းတွေကနေပြီးတော့ ဝင်လာတဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်းက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်တဲ့ပမာဏအပါအဝင် အားလုံးပေါင်း အမေရိကန်ဒေါ်လာ ၄၃၇၂ ဒသမ ၄၉၅ သန်း ကျွန်တော်တို့ တိုင်းပြည်ထဲကို ဝင်ရောက်လာခဲ့ပြီးဖြစ်ပါတယ်။ ဒါက MIC ရဲ့ခွင့်ပြုတဲ့ လုပ်ငန်းများကနေ ဖြစ်ပေါ်လာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်ပါတယ်။ နောက် အထူးစီးပွားရေးဇုန်တွေကနေ ခွင့်ပြုထားတာက ရှစ်လအတွင်းမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၈ ဒသမ ၅၂၆ သန်းရှိပါတယ်။ ဒါကြောင့် ၂၀၁၆-၁၇ဘဏ္ဍာနှစ် ဇန်နဝါရီ ၆ ရက်အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၅၈၁ ဒသမ ၀၂၁ သန်းရှိပါတယ်"ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ခုနှစ် ဇန်နဝါရီလ ပထမပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၀၀ ကို ခွင့်ပြုပေးခဲ့ရာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၃၃၀၃ ဒသမ ၀၅၈ ဖြစ်သည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၃၇၂ ဒသမ ၄၉၅ စီးဝင်ခဲ့သည်။

ထို့ပြင် အထူးစီးပွားရေးဇုန်များတွင် ခွင့်ပြုပေးခဲ့သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၅၂၆ သန်းရှိသဖြင့် ယခုဘဏ္ဍာနှစ် ဇန်နဝါရီလ ၆ ရက်အထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ သန်းပေါင်း ၄၅၈၁ ဒသမ ၀၂၁ သန်း စီးဝင်လာခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် MIC ၌ လာရောက်တင်ပြလျှောက်ထားလျက်ရှိသည့် နိုင်ငံခြားကုမ္ပဏီပေါင်း ၇၀ ခန့်ရှိနေသေးရာ ယင်းတို့မှ စီးဝင်လာမည့်ပမာဏကို ခန့်မှန်းတွက်ချက်ပါက ယခုဘဏ္ဍာနှစ်အတွက် လျာထားခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ ပြည့်မီနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

"အခု ဘဏ္ဍာနှစ်ကုန်ဖို့က နှစ်လခွဲလောက်ကျန်နေပါသေးတယ်။ အခုလာပြီးတင်ပြထားတဲ့အထဲမှာ လုပ်ငန်းပမာဏပေါင်း ၇၀ လောက်ရှိနေပါသေးတယ်။ အဲဒီ ၇၀ ရဲ့ရင်းနှီးမြှုပ်နှံမှုပမာဏကို ပေါင်းကြည့်မယ်ဆိုရင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ဘီလီယံလောက်ရှိပါတယ်။ ဒီလက်ကျန်နှစ်လလောက်မှာ အဲဒီ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံကို ခွင့်ပြုလိုက်မယ်ဆိုရင် လျာထားထားတဲ့ပမာဏကို ကျော်သွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ကမ္ဘောဇဘဏ်နှင့် Visa လုပ်ငန်းစုတို့ ငွေကြေးဝန်ဆောင်မှုအသစ်များကို ပူးပေါင်းဆောင်ရွက်မည်

ကမ္ဘောဇဘဏ်နှင့် Visa လုပ်ငန်းစုတို့ပူးပေါင်း၍ နိုင်ငံတကာကတ် ဝန်ဆောင်မှုလုပ်ငန်းများအားမြန်မာနိုင်ငံတွင်း၌ စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း သိရသည်။




ကမ္ဘာ့ထိပ်တန်းငွေပေးချေမှုဆိုင်ရာ နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Visa လုပ်ငန်းစုသည် မြန်မာနိုင်ငံအတွက် ဆန်းသစ်သောငွေကြေးဝန်ဆောင်မှုများပေးရန်အတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၂ ရက်က ကျင်းပသည့်သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ကမ္ဘောဇဘဏ်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းအောင်က "မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတို့ကို တိုးတက်လာစေမယ့် ဒီဆုံးဖြတ်ချက်ကို ချမှတ်ပေးလိုက်တဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို အထူးကျေးဇူးတင်ပါတယ်။ ဒီလိုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံအနှံ့ ဘဏ်ခွဲများစွာရှိတဲ့ မြန်မာနိုင်ငံရဲ့ အကြီးဆုံးပုဂ္ဂလိကဘဏ်ကြီးနဲ့ ကမ္ဘာ့အကြီးမားဆုံး အီလက်ထရောနစ်ငွေပေးချေရေး ကွန်ရက်ဖြစ်တဲ့ Visa ရဲ့အင်အားတွေကို ပေါင်းစပ်ပြီး မြန်မာနိုင်ငံအတွက် အဆင့်မြင့်မားတဲ့ဝန်ဆောင်မှုတွေနဲ့ ကမ္ဘာ့အဆင့်ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ် ပေါ်ပေါက်လာစေဖို့ပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် Visa ၏ မြန်မာနိုင်ငံကိုယ်စားပြု Country Manager ဖြစ်သူ Arturo Planell က "အခုကြေညာချက်က သမိုင်းမှတ်တမ်းဝင်မယ့် ကြေညာချက်တစ်ခုလို့ဆိုရပါမယ်။ မြန်မာနိုင်ငံသား ပြည်သူ၊ ပြည်သားတွေအတွက် ယုံကြည်စိတ်ချရမှုလည်းရှိ၊ အသုံးပြုရတာလည်းလွယ်ကူတဲ့အပြင် တစ်ကမ္ဘာလုံးမှာ လက်ခံသုံးစွဲနေတဲ့ အီလက်ထရောနစ် ငွေပေးချေမှုနည်းပညာတွေကို ပြည်တွင်း၊ ပြည်ပမှာ အသုံးပြုနိုင်စေမယ့် အခွင့်အလမ်းတွေကို ဖန်တီးပေးလိုက်တာဖြစ်ပါတယ်။ ဒါ့အပြင် ဒီဝန်ဆောင်မှုဟာ မြန်မာနိုင်ငံရဲ့ငွေစက္ကူကိုအခြေခံတဲ့ စီးပွားရေးကနေ ဒီဂျစ်တယ်စီးပွားရေးဆီကို အလျင်အမြန်ပြောင်းလဲနိုင်ဖို့ မြန်မာနိုင်ငံတော်အစိုးရရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဦးတည်ချက်တွေကို အထောက်အကူပြုစေနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကမ္ဘောဇဘဏ်နှင့် Visa လုပ်ငန်းစုတို့ပူးပေါင်းလုပ်ဆောင်မည့် Visaကတ် ဝန်ဆောင်မှုသည် ကမ္ဘာတစ်ဝန်းမှ Visa ကွန်ရက်အတွင်းရှိ အရောင်းဆိုင်ပေါင်း သန်း ၃၀နှင့်မြန်မာနိုင်ငံအတွင်းရှိ အရောင်းဆိုင်ပေါင်း ၃၅၀၀ ကျော်တွင် ငွေပေးချေမှုများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

ပြည်တွင်း၌ နိုင်ငံတကာကတ်များနှင့် ငွေထုတ်ယူပါက မြန်မာကျပ်ငွေဖြင့် ထုတ်ယူနိုင်မည်ဖြစ်ပြီး ကတ်ကိုင်ဆောင်ထားသူများအနေဖြင့် ငွေလဲနှုန်းနှင့်ပတ်သက်၍ စိုးရိမ်မှုတစ်စုံတစ်ရာ မရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို လွှတ်တော်သို့ တင်ပြထား၊ ဥပဒေပြဋ္ဌာန်းပြီးပါက အွန်လိုင်းမှပင် မှတ်ပုံတင်နိုင်တော့မည်



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံအတွင်း ကုမ္ပဏီများ တည်ထောင်လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်မှုရှိစေရန်နှင့် ကုန်ကျစရိတ် အနည်းဆုံးဖြင့် ကုမ္ပဏီများထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ရေးဆွဲခဲ့ပြီးဖြစ်ရာ အဆိုပါဥပဒေကို ဇန်နဝါရီ ၅ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူခဲ့ပြီး ဇန်နဝါရီ ၆ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေကို ပြီးခဲ့တဲ့ ၅ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့ထံမှာ တင်ပြအတည်ပြုချက်ရယူခဲ့ပါတယ်။ ဇန်နဝါရီ ၆ ရက်မှာ လွှတ်တော်ကိုတင်ပြထားပြီးဖြစ်ပါတယ်။ ကျင်းပတော့မယ့် လွှတ်တော်မှာ အဲဒီဥပဒေကို ထည့်သွင်းဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ကုမ္ပဏီများဥပဒေဆိုပြီး ပေါ်လာတော့မှာဖြစ်ပါတယ်" ဟု ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

အဆိုပါဥပဒေကို ပြဋ္ဌာန်းရခြင်းမှာ မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်ရာတွင် လွယ်လွယ်ကူကူ မှတ်ပုံတင်နိုင်ရန်၊ မလိုလားအပ်သည့် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ရန်၊ မလိုလားအပ်သည့်ကုန်ကျစရိတ်များကို လျော့ကျစေရန် ရည်ရွယ်၍ ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်နေသည့်အခြေအနေများနှင့်အညီ မြန်မာနိုင်ငံနှင့် သဟဇာတဖြစ်စေရန်အတွက် ရည်ရွယ်၍ ရေးဆွဲခဲ့သည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အဆိုပါမြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေရေးဆွဲနိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်က နည်းပညာများနှင့်ငွေကြေးများ ကူညီပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်းပြီးသည့်နောက်တွင်ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို အွန်လိုင်းမှ လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့အွန်လိုင်းစနစ်ဖြင့် ကုမ္ပဏီများမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်း အာရှဖွံ့ဖြိုးရေးဘဏ်မှပင် နည်းပညာနှင့်ငွေကြေးများကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

**မယ်သီတာ**



# သိန်းနီမြို့ရှိ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကို ဇန်နဝါရီလ ၁၇ ရက်မှ စတင်ဖွင့်လှစ်မည်

သိန်းနီမြို့ရှိ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကို ဇန်နဝါရီလ ၁၇ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း Lashio Media News Facebook ၏သတင်းဖော်ပြချက်များအရ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ် ဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်ပြီး ကြိုတင်ရှင်းလင်းပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းကို ဇန်နဝါရီလ ၁၆ရက်မှာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ နယ်စပ်လမ်းကြောင်းပေါ် မှ တရားမဝင်တင်သွင်းလာသည့် အကောက်ခွန်မဲ့ပစ္စည်းများနှင့် ပတ်သက်ပြီး လိုအပ်ချက်များရှိနေသဖြင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်က ပိတ်သိမ်းလိုက်သည့် ရေပူကန့်သတ်ကုန် စစ်ဆေးရေးဂိတ်ကို ယခု(၅)နှစ်ပြည့်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ရေပူဂိတ်တွင် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့၊ စီးပွားကူးသန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်သည်စက်မှု အသင်းများနှင့် မီဒီယာများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေပူစစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများသည် ရှောင်ကွင်းလမ်းနှင့် သိန်းနီ-လားရှိုးလမ်းတို့တွင်လည်းမိုဘိုင်းအဖွဲ့အနေဖြင့် လှုပ်ရှားမှုများ ဆောင်ရွက်ကာ စစ်ဆေးသွားမည်ဖြစ်ကြောင်း အဆိုပါလူမှုကွန်ရက်သတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ရေပူဂိတ်တွင် ကုန်ပစ္စည်းများကို အသေးစိတ်စစ်ဆေးနိုင်ရန် X-ray စက်များကိုလည်း တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေပူဂိတ်ဖွင့်လှစ်မည့်ကိစ္စနှင့်ပတ်သက်၍ Aungnaing Myint ဆိုသည့်အကောင့်ပိုင်ရှင်တစ်ဦးဖြစ်သူက **"ရေပူဂိတ်ဖွင့်ခြင်းကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဖွင့်ခွင့်ရှိသည်ဟု မြင်ပါသည်။**

**ပြည်နယ်အစိုးရခွင့်ပြုချက်၊ ဒေသဆိုင်ရာ အာဏာပိုင်များ၏ခွင့်ပြုချက်ဖြင့် ဖွင့်ချင်ပါက ပြည်ထောင်စုလမ်းမကြီးပေါ် တွင် မပြုလုပ်သင့်ဟုယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုလမ်းမကြီးသည် နိုင်ငံတော်အစိုးရနှင့်သာသက်ဆိုင်နေပြီး နိုင်ငံခြားကုန်သွယ်မှုပြုလုပ်ရာ လမ်းမကြီးဖြစ်နေသောကြောင့် ဖြစ်သည်။ နိုင်ငံခြား ကုန်သွယ်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဇုန်များ (မူဆယ်(၁၀၅)မိုင်/ချင်းရွှေဟော်) စသည်ဖြင့် ဖွင့်ကာ အခွန်ကောက်ခံစစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်သည့် အပြင် နိုင်ငံခြားကုန်သွယ်မှုများကို ၎င်းဂိတ်များမှ ပြုလုပ်လျက်ရှိပါသည်။**

**ရေပူဂိတ်သည်မည်သည့် နိုင်ငံခြားကုန်သွယ်မှုမျှမရှိပါ။ ဒါကြောင့်မို့ မဖွင့်သင့်ပါဟု မြင်ပါသည်။ လုံခြုံရေးအရသော်လည်းကောင်း၊ တရားမဝင်ပစ္စည်းများ စီးဆင်းမှုကို တားဆီးလို၍သော်လည်းကောင်း၊ ပြည်နယ်အစိုးရ (သို့မဟုတ်) ဒေသအာဏာပိုင်များက လုပ်ချင်တယ်ဆိုရင်လည်း ပြည်ထောင်စုလမ်းမပေါ် တွင် မလုပ်သင့်ပါဟု မြင်ပါသည်။ လုပ်သင့်သည့်နေရာများမှာ**

**(၁) နမ့်ခမ်း-မူဆယ်ကြား**

**(၂) သိန်းနီ- ကွမ်းလုံကြား**

**(၃) လားရှိုး-တန့်ယန်းကြား နေရာများတွင်သာ ဂိတ်ဖွင့်ပြုလုပ်သင့်သည်ဟုမြင်မိသလို ပိုပြီးထိရောက်မည်ဖြစ်သည်ဟု မြင်ပါသည်။**

**ပြည်ထောင်စုလမ်းမကြီးပေါ် တွင် ဂိတ်ဖွင့်လိုက်ခြင်းသည် လမ်းခရီးကို နှောင့်နှေးစေသလို အခြားမလိုလား အပ်သောကိစ္စများ ဖြစ်ပေါ် လာမည်မှာ အမှန်ပင်ဖြစ်သည်ဟုယူဆပါသည်။ သေချာပေါက် ကုန်ဈေးနှုန်းများ တက်လာမည်ဖြစ်သလို အခြားမမျှော်မှန်းနိုင်သော အကျိုးဆက်များခံစားလာရမှာ သေချာပါသည်။**

**ဒါကြောင့်မို့ ရေပူဂိတ်ကို နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ပြည်သူတစ်ဦးအမြင်ဖြင့် တင်ပြလိုက်ပါသည်"** ဟု ဖော်ပြထားသည်။

မယ်သီတာ

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၂၀၀ စ/ပေ | အခန်းဖွဲ့ ပါကေးခင်း (၆)လွှာ | ၇၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၀၀ စ/ပေ | (၅)လွှာဟောလ် | ၂၇၅ သိန်း | | ၀၁/၇၀၂၂၇၉ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀×၇၀) ပေ | (ပ)ထပ်၊အဆင့်မြင့် ပြင်ဆင်ပြီး | ၁၂ သိန်း | ၁လအငှားနှုန်း | ၀၁/၇၀၂၂၇၉ |
| ၄။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း | ၆၀၀ စ/ပေ | (၆)လွှာဟောလ် | ၂၅၀ သိန်း | | ၀၉/၉၇၆၂၁၁၂၇ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇)လွှာအဆင့်မြင့် ပြင်ပြီး | ၁၂ သိန်း | ၁လ အငှားနှုန်း ဓာတ်လှေကားပါ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | မြေ | သန်လျင်မြို့နယ်၊ ထမလုံကျေးရွာ | (၄၀×၆၀) ပေ | မြေသီးသန့် | ၁၂၀ သိန်း | လမ်းမ(၁)ကွက်ကျော် | ၀၉/၉၇၆၂၀၁၁၂၃ |
| ၇။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးလမ်း | (၄၀×၆၀)ပေ | မြေသီးသန့် | ၆၀ သိန်း | လမ်းမ(၃)ကွက်ကျော် | ၀၉/၉၇၆၂၀၁၁၂၃ |
| ၈။ | မြေ | လှည်းကူးမြို့နယ်၊မြို့ကွက်မန္တလေးလမ်းဟောင်း | ၁၀၀၀၀ စ/၈ ပ | မြေသီးသန့် | ညှိနှိုင်းဈေး | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | ၄၇၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

# ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းကို MPT4U အက်ပလီကေးရှင်းဖြင့် လွယ်ကူသက်သာစွာ ပြုလုပ်နိုင်တော့မည်

မြန်မာ့ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၏ MPT4U အပလီကေးရှင်းကို အသုံးပြု၍ သုံးစွဲသူများအနေဖြင့် ကိုယ်တိုင်မှတ်ပုံတင်ခြင်းပြုလုပ်နိုင်မည့် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းဝန်ဆောင်မှုကို မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါ အပလီကေးရှင်းကို Android သုံးစွဲသူများအနေဖြင့် Google Play Store ၊ iOS သုံးစွဲသူများအနေဖြင့် Apple App Store တို့မှတစ်ဆင့် download ရယူနိုင်မည်ဖြစ်ပါသည်။ သုံးစွဲသူများသည် MPT4U မှတစ်ဆင့် မိမိတို့၏ MPT အကောင့်ကို စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ MPT4U အပလီကေးရှင်းကို ၂၀၁၆ ခုနှစ် မတ်လ ၁၆ ရက်တွင် စတင် မိတ် ဆက်ခဲ့ပြီး သုံးစွဲသူများသည် ဝယ်ယူထားသည့် ပက်ကေ့ချ်အလိုက် သုံးစွဲနိုင်မည့် ဒေတာပမာဏ မည်မျှကျန်ရှိသေးကြောင်း၊ ဖုန်းခေါ်ဆိုရန် မိနစ်မည်မျှ ကျန်ရှိသေးကြောင်း၊ လက်ကျန်ဖုန်းဘေပမာဏ မည်မျှကျန်ရှိသေးကြောင်း စသည်တို့ကိုပါ သိရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် MPT ၏ အခြားသောဝန်ဆောင်မှုများဖြစ်သည့် ဖုန်းငွေလွှဲပြောင်းခြင်း၊ ငွေဖြည့်ခြင်းနှင့် အသစ်သစ်သောပရိုမိုးရှင်းများ အားလုံးကိုလည်း MPT4U ပေါ်မှတစ်ဆင့် ရယူနိုင်မည် ဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ညွှန်ကြားချက်အရ ဆင်းမ်ကတ်များအားလုံးကို ၂၀၁၇ ခုနှစ် မတ်လနောက်ဆုံးထား၍ မှတ်ပုံတင်ရမည်ဖြစ်သည့်အတွက် သုံးစွဲသူများအနေဖြင့် ယခုနောက်ဆုံးဗားရှင်းဖြစ်သည့် MPT4U အပလီကေးရှင်းကို အသုံးပြုကာ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းကို ပိုမိုအဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

အဆိုပါ အပလီကေးရှင်းမှ တစ်ဆင့် မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် သုံးစွဲသူများသည် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းရန် လိုအပ်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် အမည်၊ နိုင်ငံသားမှတ်ပုံတင်နံပါတ်နှင့် မှတ်ပုံတင်ကတ်ပြား၏ ဓာတ်ပုံတို့ လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံခြားသားများသည် နိုင်ငံကူးလက်မှတ်ဖြင့် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

"သတ်မှတ်ရက်အတွင်း ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း အချိန်မီ ပြီးစီးနိုင်ဖို့ နီးကပ်လာပါပြီ။ ကျွန်တော်တို့ MPT ရဲ့ လက်ရှိမှတ်ပုံတင်ပြုလုပ်နိုင်တဲ့ နေရာထောင်ပေါင်းများစွာအပြင် MPT အမှတ်တံဆိပ်ဆိုင်များ၊ အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်နိုင်တာတွေအပြင် အခု အပလီကေးရှင်းကလည်း ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းလုပ်ငန်းကို လွယ်ကူစေမယ့် နောက်ထပ် နည်းလမ်းတစ်ခုဖြစ်သလို သုံးစွဲသူတွေ အခမဲ့အသုံးပြုနိုင်မှာဖြစ်ပြီး မိမိတို့ရဲ့ MPT အကောင့် အချက်အလက်တွေကိုလည်း တစ်နေရာထဲမှာ ရှာဖွေနိုင်မှာ ဖြစ်ပါတယ်"ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ မစ္စတာ ကိုအိချိကာဝါဆဲက ပြောကြားခဲ့သည်။

**မယ်သီတာ**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာဆလွန်း (၂၀၁၀) | ယာယီ | ၂၄၀ သိန်း | 1.5 ဓာတ်ဆီ/မန်းလိုင်စင် |
| ၂။ | ဗီလ်ဒါ (၂၀၀၇) | ယာယီ | ၂၁၀ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | နွတ်ချ် (၂၀၀၃) | 9E | ၁၇၅ သိန်း | 2.0 ဓာတ်ဆီ |
| ၄။ | ဟာရီယာ (၂၀၀၃) | ယာယီ | ၃၇၀ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | ကလူဂျာ (၂၀၀၃) | 2L | ၃၂၀ သိန်း | 2.4 ဓာတ်ဆီ |
| ၆။ | ဝစ်ရှ် (၂၀၀၃) | 5F | ၂၀၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | တိုယိုတာခရောင်း (၂၀၀၃) | 9E | ၂၂၅ သိန်း | 2.5 ဓာတ်ဆီ |
| ၈။ | ကာလ်ဒီးနား (၂၀၀၃) | 7J | ၁၉၅ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | ဟိုက်အေ့စ်(၂၀၁၁) | ယာယီ | ၃၅၀ သိန်း | 2.5 ဓာတ်ဆီ |
| ၁၀။ | အပ်ကား (ဆလွန်း) | | ၁၁၀ သိန်း | ကားကောင်း |

## ပွင့်လင်းရာသီတွင် ပြည်ပပို့ကုန် ပုသိမ်ထီးဈေးကွက် အရောင်းအဝယ်သွက်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် ပုသိမ်ထီးများမှာ ဈေးကွက်တွင် ပြည်တွင်းထက် ပြည်ပနိုင်ငံများမှ ပို၍နှစ်ခြိုက်စွာ ဝယ်ယူမှုရှိကြောင်း ထုတ်လုပ်မှု၏သုံးပုံတစ်ပုံခန့်မှာ ပြည်တွင်း၌ရောင်းချရပြီး သုံးပုံနှစ်ပုံခန့်မှာ ပြည်ပနိုင်ငံများမှ ဝယ်ယူလျက်ရှိတယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်တွင် ငွေဆောင်၊ ချောင်းသာ၊ ငပလီကမ်းခြေဒေသ ဟိုတယ်များ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မော်လမြိုင်မြို့များရှိ ဟိုတယ်များတွင် အလှဆင်ရန်အတွက်လည်း ဝယ်ယူလျက်ရှိပြီး မြန်မာ့ရိုးရာ ရှင်ပြုနားသ၊ အလှူမင်္ဂလာပွဲများနှင့် မင်္ဂလာဆောင်လက်ဖွဲ့ပြန်ပေးရန်အတွက်လည်း အော်ဒါများမှာယူလျက်ရှိကြောင်းပုသိမ်မြို့တောရကျောင်းလမ်းမှ ရွှေစာထီးလုပ်ငန်းရှင် ဦးအောင်နိုင်က ပြောပါတယ်။

ပုသိမ်ဈေးကွက်တွင် ပုသိမ်ထီးကို အီးယူဒေသတွင်းနိုင်ငံများမှ နိုင်ငံသားများ နေ့စဉ်နီးပါး လာရောက်ဝယ်ယူလျက်ရှိပြီး ရန်ကုန်ကုမ္ပဏီများမှ တစ်ဆင့် နှစ်စဉ် ဂျာမနီနိုင်ငံသို့ ခြောက်ပေ၊ ရှစ်ပေဟိုတယ် သုံးထီးအလက်ရေ ၄၀၀၊၅၀၀ခန့်ကို ပင်လယ်ရေကြောင်းမှ တင်ပို့ရောင်းချလျက်ရှိပြီး လိမ္မော်ရောင်၊ နီညိုရောင်၊ မော်ဒယ်စိမ်းရောင် အရောင်သုံးမျိုးမှာ အကြိုက်များပြီး အဝါ၊ အဖြူ၊ အနီ၊ အစိမ်းရောင်စုံပြုလုပ်ပေးရကြောင်း၊ ထီးပေါ်တွင် ကနုတ်ပန်းချီဖြင့် အလှဆင်ထားသော ဒီဇိုင်းအမျိုးမျိုးရေးဆွဲလျက် မြန်မာ့အနုပညာကို ဖော်ထုတ်ပြသထားပြီး ရှေးခေတ်ရိုးရာမပျက် ဒီဇိုင်းများနှင့် ခေတ်ပေါ်ဒီဇိုင်းအမျိုးမျိုးတို့ကို ရေးဆွဲထားသည့်အတွက် ဝယ်ယူသူများ ကြိုက်နှစ်သက်မှုရှိ၍ ထီးတစ်ချောင်းလုံးကို လက်ဖြင့်သာ ပြုလုပ်ရသည့် မြန်မာ့လက်မှုရိုးရာအစစ်ဖြစ်သည့်အတွက် ပြည်ပနိုင်ငံသားများက တန်ဖိုးထားဝယ်ယူမှုရှိကြောင်း ရွှေစာထီးလုပ်ငန်းရှင် ဦးအောင်နိုင်က ပြောကြားပါတယ်။

**ကျော်ဌေး(ပုသိမ်)**

## သာပေါင်းမြို့နယ်၊ သဲဖြူမူလွန်ကျောင်းတွင် စားသုံးသူ ရေးရာသိကောင်းစရာဟောပြောဆွေးနွေးပွဲကျင်းပ

သာပေါင်းမြို့နယ်အတွင်းရှိ သဲဖြူမူလွန်ကျောင်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးဦးထွန်းမင်းလတ်နှင့်ဝန်ထမ်းများသည် ကျန်းမာရေးဦးစီးဌာန၊မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ တိုင်းရင်းဆေးဌာနမှဆရာ၊ ဆရာမများ ပူးပေါင်းပါဝင်လျက် ဇန်နဝါရီလ ၁ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၇၄ဦးအား စားသုံးရန်မသင့်သည့် အစားအစာများ စားသောက်မိလျှင် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးထိခိုက် ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်စေကြောင်း၊ သဘာဝအတိုင်းမဟုတ်သော ဆိုးဆေးများ အန္တရာယ်နှင့်ကျောင်းသားလူငယ်များ အနေဖြင့် ဘေးဥပဒ်ဖြစ်စေနိုင်သော မုန့်များမစားသောက်မိစေရန် မျက်စိအမြင် အလှအပဖြစ်အောင်ပြုလုပ်ထားသော တားမြစ်ထားသည့်မုန့်များမစားသောက်မိစေရန် စားသုံးသူရေးရာနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများအကျယ်တဝင့်ဆွေးနွေးဟောပြောပြီး ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်ကာ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်း လတ်ဆတ်သောမုန့်များရောင်းချရန်နှင့် FDA ကတားမြစ်ထားသော မုန့်များရောင်းချခြင်း မပြုရန် အသိပညာပေးဆွေးနွေးပြောကြားခဲ့ပါသည်။

သာပေါင်းမြို့နယ်အတွင်း ကွင်းကောက်ကျေးရွာ အ.မ.က ကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၂ ဦး၊ သံလျက်စွန်း၊ အ.မ.က ကျောင်းရှိ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၀ ဦးတို့ကိုလည်း ဇန်နဝါရီလ ၆ရက်နှင့် ၇ ရက်များတွင် စားသုံးသူ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ပေးခဲ့ကြောင်း သိရပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ခုနှစ်၊ ဧပြီလမှစတင်ဖွင့်လှစ်ကာ နိုင်ငံတကာကုန်သွယ်မှုနှင့် ပတ်သက်၍ စာတွေ့/လက်တွေ့များကျယ်ကျယ်ပြန့်ပြန့်သင်ကြားပို့ချပေးလျက်ရှိပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၉) ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည့်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာကုန်သွယ်မှုသီအိုရီနှင့်သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ဈေးကွက်သုတေသန၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ မူဝါဒများအစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့်ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့်နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ သင်တန်းတွင်ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကိုအမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင်၃ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉:၃၀နာရီမှ ၁၂:၃၀ နာရီထိ)ဖြင့် (၃)လခွဲကြာမြင့်မည် ဖြစ်ပြီး သင်တန်းသားများ လက်ခံနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**TTI**

## မြင်းမူမြို့နယ်ရှိ ကျောင်းများ၊ ကျေးရွာများတွင် စားသုံးသူအသိပညာပေးခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ပညာပေးဟောပြောပြီး ကွင်းဆင်းစစ်ဆေး

မြင်းမူမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးစီးမှူးဒေါ်ခိုင်မို့မို့နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ဒုတိယသီတင်းပတ်အတွင်း မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများနှင့်စာသင်ကျောင်းများသို့သွားရောက်ပြီး စားသုံးသူအသိပညာပေးရေးနှင့်ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိရေးတို့အတွက် ဟောပြောပွဲများဆောင်ရွက်ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များသည် ဇန်နဝါရီ၆ရက်က မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ အ.လ.က (ခွဲ)တွင်လည်းကောင်း၊ ဇန်နဝါရီ၁၀ရက်တွင် ညောင်ရင်းကျေးရွာ တောင်သူများအားလည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် အလ္လကပ္ပ အ.ထ.က တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ဘိုးမင်းကြီးကင်း အ.မ.က တွင်လည်းကောင်း စားသုံးသူအသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။ ထို့နောက်မြင်းမူမြို့ဈေးအတွင်းသို့ သွားရောက်၍ အန္တရာယ်ရှိသော ဓာတုဆိုးဆေးများဖြင့် ပြုလုပ်ထားသော စားသောက် ကုန်ပစ္စည်းများရောင်းချနေမှုရှိမရှိ စစ်ဆေးခြင်းများကိုပြုလုပ်ခဲ့သည်။ အဆိုပါဟောပြောပွဲများသို့ စုစုပေါင်း ၁၂၇၀ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင် ၄၈၉စောင်ကို ဖြန့်ဝေပေးခဲ့ပါသည်။

ကျောင်းများနှင့်ဈေးများတွင် ဟောပြောပို့ချစစ်ဆေးမှုများပြုလုပ်ရာတွင် ပညာရေးဌာနမှကာယနည်းပြဒေါ်တင်ဦးက ကာယပညာနှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်သီတာအောင်က စာဖတ်ခြင်းအကျိုးကို ရှင်းလင်းခြင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်ခိုင်မို့မို့က စားသုံးသူရေးရာနှင့် သက်ဆိုင်သော အကြောင်းအရာများ၊စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြတ်မိုးဝင်းက ပိုးသတ်ဆေးနှင့်ပတ်သက်သော အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121615, Fax:081-2121627,<br>email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၁၆-၁-၂၀၁၇ မှ ၂၂-၁-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပရဟိတကိစ္စများကို စိတ်အားထက်သန်နေမည်။ ပညာရေးတွင် မွမ်းမံသင်တန်းများတက်ရတတ်သည်။ ကျန်းမာရေးအနေဖြင့် အပူအအေးမမျှခြင်းနှင့် အဆုတ်အအေးမိသောရောဂါ ဖြစ်တတ်သည်။ အချစ်ရေးအဆင်ပြေနေမည်။ အိမ်ထောင်ရေးတွင် ပဋိပက္ခလေးများ ရှိနေတတ်ပါသည်။ **ယတြာ။ ။အုန်းစိမ်းရေသောက်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးအဆင်ပြေမှုများဖြစ်ပေါ်မည်။ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဝင်ငွေများရရှိနေမည်။ တပည့်များနှင့်ပတ်သက်ပြီး လုပ်ငန်းခွင်ပြဿနာများ ဖြေရှင်းပေးရတတ်သည်။ ပညာရေး အားကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အအေးမိသောဝေဒနာခံစားရတတ်၍ ရေချိုးခြင်းသတိရှိပါ။ အချစ်ရေးတွင် မမျှော်လင့်သောချစ်သူတွေ့ရတတ်သည်။ အိမ်ထောင်ရေး ကံကောင်းနေမည်။ **ယတြာ။ ။သကြားလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေကြေးဥစ္စာစုဆောင်းမှုမရှိသေးသော်လည်း စုဆောင်းနိုင်ရန် ကြိုးစားရပါမည်။ ပြည်တွင်းပြည်ပဆက်သွယ်ရေး လုပ်ငန်းများမှ ဝင်ငွေများရရှိမည်ဖြစ်သည်။ ပညာရေးတိုးတက်ကောင်းမွန်နေသည်။ ကျန်းမာရေးတွင် ထိခိုက်ဒဏ်ရာရရှိပြီး ၎င်းဒဏ်ရာမှ ပြည်တည်ခြင်းဝေဒနာ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာဖြောင့်ဖြူးနေမည်။ **ယတြာ။ ။စတော်ဘယ်ရီသီးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မိမိဖြစ်စေချင်သော ဆန္ဒနှင့် လက်ရှိဖြစ်နေသော သဘောတူညီမှုမရှိခြင်းကို မကြာခဏကြုံရဆုံရတတ်သည်။ လုပ်ငန်းခွင်၌ အတိုက်အခံများရှိပြီး ယှဉ်ပြိုင်နေရတတ်ပါသည်။ အကြီးအကဲများ၏အကူအညီရရှိလိမ့်မည်။ ပညာရေးတွင် မိမိရည်မှန်းချက်အောင်မြင်နေမည်။ ကျန်းမာရေးအနေဖြင့် အရေပြားပေါ်တွင်ဖြစ်တတ်သော ဝေဒနာများဖြစ်တတ်ပါသည်။ **ယတြာ။ ။ဖွန်ပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းကောင်းသည့်အချိန်အခါတွင် ငွေကြေးများ စုဆောင်းရရှိမှုများလိမ့်မည်။ ကုန်မာပစ္စည်းများ၊ ရေနှင့်ရေထွက်ပစ္စည်းများ အကျိုးပေးအားကောင်းနေလိမ့်မည်။ ပညာရေးတွင် နိုင်ငံရပ်ခြား ဘာသာသိပ္ပံထူးချွန်နေမည်။ ကျန်းမာရေးအနေဖြင့် အာရုံကြောရောဂါ ဝေဒနာဖြစ်လိမ့်မည်။ သတိထားနေသင့်ပါသည်။ အချစ်ရေးတွင် ရတာမလို၊ လိုတာမရ ဖြစ်နေမည်။ **ယတြာ။ ။ပဲထမင်းဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင်ကျယ်နေမည်။ ဆက်သွယ်ရေးလုပ်ငန်းများ အခက်အခဲတွေ့နေရတတ်သည်။ အနုပညာနှင့်ပတ်သက်သော စီးပွားရေး လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမှုရှိလာလိမ့်မည်။ ပညာရေးတွင် အပျင်းထူနေတတ်သည်။ ဝီရိယ၊ လုံ့လစိုက်ခြင်းဖြင့် အောင်မြင်မှု ရရှိပါလိမ့်မည်။ ကျန်းမာရေးတွင် မျက်စိနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် အသွင်တူမှုအားနည်းနေတတ်ပါသည်။ **ယတြာ။ ။သစ်သီးတစ်မျိုးမျိုးဆွမ်းကပ်လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းဖုန်း၊ ဇိမ်ခံပစ္စည်းတို့နှင့် စီးပွားရေး အောင်မြင်နေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင်လည်း တာဝန်ကျေအောင်ကြိုးစားနေရသော အချိန်ဖြစ်မည်။ ပညာဉာဏ်စွမ်းထက်မြက်မှုရှိနေမည်။ ကျန်းမာရေးတွင် ကိုယ်လက်ကိုက်ခဲသောဝေဒနာ ခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်သူနှစ်ဦး အဆင်ပြေနေမည့်အချိန်ဖြစ်ပါသည်။ **ယတြာ။ ။နွားနို့လှူဒါန်းမှုပြုပါ။**

# ရေဦးမြို့နယ် ထန်းတောဗောဓိ အ-ထ-ကတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေး



ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးကြပ်ဦးဆောင်၍ မြို့နယ်ကျန်းမာရေး၊ မြို့နယ်မီးသတ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက်က ရေဦးမြို့နယ် ထန်းတောဗောဓိ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများအား သွားရောက်စစ်ဆေးခဲ့ပါသည်။ အသိပညာပေး ဟောပြောရာတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ မုန့်မျိုးစုံနှင့် ဆိုးဆေးအန္တရာယ်အကြောင်း၊ အသင့်စားအစားအစာများ၏ အန္တရာယ်ရှိမှုများအကြောင်း၊ ကျန်းမာရေးဦးစီးဌာန တင်းတိမ်ရံတိုက်နယ်ကျန်းမာရေးမှူးက အချိုမှုန့်(ဟင်းချိုမှုန့်)၏ အန္တရာယ်များအကြောင်း၊ တင်းတိမ်ရံရဲတပ်ဖွဲ့စခန်းမှူးက လူကုန်ကူးမှု အန္တရာယ်များအကြောင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံက မီးဘေးအန္တရာယ်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဟောပြောပြီးနောက် ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်များတွင် ရောင်းချနေသည့် မုန့်များအားစစ်ဆေးကြည့်ရှုကာ ဆိုးဆေးပါ မုန့်မျိုးစုံများအစား မြန်မာ့ရိုးရာမုန့်မျိုးစုံများကိုသာ ရောင်းချသင့်ကြောင်း ပညာပေးဆွေးနွေးခဲ့ကြပါသည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဈေးသည်များ စုစုပေါင်း ၁၀၆၅ ဦး တက်ရောက်ပြီး ပညာပေးလက်ကမ်းစာစောင် ၆၁ စောင် ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ညွန့် (ရေဦး)**

## ➤ စာမျက်နှာ ၁၂ - မြန်မာ့ရေထွက်ကုန်တွေကို • • • • မှအဆက်

အမေရိကန် GSP အစီအစဉ်၏ ကုန်စည်စာရင်းများအရ BDC နိုင်ငံများအတွက် ကုန်စည်လိုင်းစုစုပေါင်း (၃၄၃၉) လိုင်းကို အကောက်ခွန်ကင်းလွတ်ခွင့် ပေးအပ်ထားပြီး၊ LDBDC နိုင်ငံများကလည်း အဆိုပါကုန်စည်စာရင်းကို ခံစားခွင့်ရှိပါတယ်။ LDBDC နိုင်ငံများကို အကောက်ခွန်ကင်းလွတ်ခွင့်ရှိသည့် ကုန်စည်လိုင်း (၁၄၉၀) လိုင်း ထပ်မံပေးအပ်ထားတဲ့အတွက် မြန်မာနိုင်ငံအပါအဝင် LDBDC နိုင်ငံများအနေနဲ့ ကုန်စည် လိုင်းစုစုပေါင်း(၄၉၂၉)လိုင်းကို အကောက်ခွန်ကင်းလွတ်ခွင့်ခံစားရရှိမှာဖြစ်ပါတယ်။ အမေရိကန် GSP အစီအစဉ်အရ မြန်မာနိုင်ငံအနေနဲ့ အကောက်ခွန် သက်သာခွင့်ခံစားခွင့်ရှိတဲ့ ရေထွက်ကုန် ကုန်စည်လိုင်း(၃၄)လိုင်းပါဝင်လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။

### jrefrmh&xufukefawGudk tar&defKHH bmaumifhjify,fae&wmv

၂၀၁၆ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း အမေရိကန်နိုင်ငံသို့ တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့ရေထွက်ကုန်စည်များအပေါ် အမေရိကန်နိုင်ငံမှ ငြင်းပယ်ခဲ့တယ်လို့ အမေရိကန်နိုင်ငံရဲ့အစားအစာနှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာနရဲ့ဖော်ပြချက်များအရ သိရှိရပါတယ်။ အဆိုပါငြင်းပယ်ခံရသူများမှာ ကုမ္ပဏီ ၁၃ ခုပါဝင်နေတာ တွေ့ရပါတယ်။ အဲဒီကုမ္ပဏီ ၁၃ခု စလုံးရဲ့တင်ပို့ခဲ့တဲ့ အကြိမ်အရေအတွက်များ အနက် ၂၇ ကြိမ်တိုင်တိုင် ငြင်းပယ်ခံရတယ်လို့ အဆိုပါဌာနရဲ့ ဖော်ပြချက်များအရ သိရှိရပါတယ်။

ငြင်းပယ်ခံရတဲ့အကြောင်းရင်းများကတော့ တင်ပို့တဲ့ကုန်စည်များမှာ ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ ဓာတ်သတ္တုပစ္စည်းတွေပါရှိနေခြင်း၊ ကုန်ပစ္စည်းထုပ်ပိုးရာမှာ ပါရှိသင့်တဲ့ အချက် အလက်တွေမပါရှိခြင်း၊ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းတို့ဆောင်ရွက်ရာမှ ကျန်းမာရေးနဲ့ညီညွတ်မှုမရှိခြင်း၊ စားသုံးရန် မသင့်တော်ခြင်း၊ သန့်ရှင်းလတ်ဆတ်မှုမရှိခြင်း၊ ထုပ်ပိုးမှုပုံစံအရ ဖော်ပြရမည့် အလေးချိန်၊ စံချိန်စံညွှန်း၊ အရေအတွက်တို့ကို ဖော်ပြထားသော်လည်းအတွင်းမှ ကုန်ပစ္စည်းနဲ့ကိုက်ညီမှုမရှိခြင်း၊ ပါဝင်မှုအချိုးအစားများကို ကုန်အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြထားမှုမရှိခြင်း၊ တံဆိပ်များကိုသိသာထင်ရှားစွာ ဖော်ပြထားမှုမရှိခြင်း၊ တံဆိပ်လွဲမှားကပ်ခြင်း၊ တံဆိပ်ပေါ်တွင် အစားအစာရဲ့အမည်ကို ဖော်ပြထားမှုမရှိခြင်းစတဲ့အချက်တွေကြောင့်အခုလိုငြင်းပယ်ခံခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

### tar&defKHHkwfonfwifyMrS odifvhcufm,

အမေရိကန်နိုင်ငံသို့ ရေထွက်နဲ့ လယ်ယာထွက်ကုန်ကုန်စည်များ တင်သွင်းရာမှာ အဓိကထိန်းကျောင်းလျက်ရှိတဲ့ အဖွဲ့အစည်းများကတော့ USDA (US Department of Agriculture), CBP (US Customs and Border Inspection), NMFS (National Marine Fishery Service),FDA (US Food and Drug Administration), FSW (Food Service Warehouse)တို့ဖြစ်ပါတယ်။တင်သွင်းမှုများအား FDA အနေနဲ့ ကျဘမ်းစစ်ဆေးခြင်းဆောင်ရွက်တာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံသို့ ကုန်စည်တင်ပို့သူများအနေနဲ့ အမေရိကန်နိုင်ငံရဲ့ FDA မှာ မှတ်ပုံတင်ဖို့ လိုအပ်ပါတယ်။ အမေရိကန်နိုင်ငံကို တင်သွင်းတဲ့ ကုန်စည်တွေကို များစွာသော အဖွဲ့အစည်းများက တင်သွင်းမှုပိုင်းမှာ စီမံခန့်ခွဲလျက်ရှိကြတာကြောင့် ၎င်းအဖွဲ့အစည်းများရဲ့သီးခြားလိုအပ်ချက်များကိုသိရှိဖို့လည်းလိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် အကောက်ခွန်စည်းကြပ်မှု၊ ဒါမှမဟုတ် အကောက်ခွန်ဆိုင်ရာ သက်သာခွင့်အစီအစဉ်များအတွက် ကုန်စည်ပုံစံနဲ့ ကုန်စည်အမျိုးအစားတင်ပြမှုဟာ ကုန်စည်ထုပ်ပိုးရာမှာ ပါဝင်တဲ့အချက်အလက်များနဲ့ စာရွက်စာတမ်းများအားလုံးမှာ ကိုက်ညီမှန်ကန်မှုရှိရမှာဖြစ်ပါတယ်။ လိုအပ်ချက်အားလုံးကို သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ website မှာ ဝင်ရောက်ကြည့်ရှုနိုင်ကြမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရပါက အမေရိကန်ကို တင်ပို့တဲ့ကုန်စည်တွေ နောက်နောင်မှာ အကြောင်းအမျိုးမျိုးနဲ့ ငြင်းပယ်ခံရတာမျိုး မဖြစ်စေရေးအတွက် လုပ်ငန်းရှင်များအနေနဲ့ မိမိတို့တင်ပို့တဲ့ နိုင်ငံအလိုက်၊ ကုန်စည်အလိုက် သတ်မှတ်စံချိန်စံညွှန်းများအား သိရှိလေ့လာထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ပြည်တွင်းမှထုတ်လုပ်သူများအနေနဲ့ မည်သည့်ပြည်ပ နိုင်ငံကိုမဆိုတင်ပို့မယ့် မိမိရဲ့ကုန်စည်တွေကို သတ်မှတ် စံချိန်စံ ညွှန်းနဲ့အရည်အသွေးမီ ထုတ်လုပ်တင်ပို့သင့်ကြောင်း အလေးအနက်ထား တိုက်တွန်းနှိုးဆော်ရပါတယ်။

**ကိုးကားစာရင်း- www.myanmartradepotal.gov.mm GSP-eligible for All Beneficiary Countries (July 2016)**



## မြို့ကြီးများ၏ ၁၆-၁-၂၀၁၇ မှ ၂၀-၁-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၆-၁-၂၀၁၇) | အင်္ဂါ(၁၇-၁-၂၀၁၇) | ဗုဒ္ဓဟူး(၁၈-၁-၂၀၁၇) | ကြာသပတေး(၁၉-၁-၂၀၁၇) | သောကြာ(၂၀-၁-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| မြစ်ကြီးနား | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F |
| ကျိုင်းတုံ | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၇°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၄°C/၇၆°F |
| လွိုင်ကော် | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F |
| တောင်ကြီး | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၁°F |
| ဟော်လမြိုင် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| တောင်ငူ | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| မုံရွာ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| ပုသိမ် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| မြိတ် | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F |
| စစ်တွေ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| မကွေး | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၁°F |
| ဖလမ်း | နေသာ ၂၀°C/၇၀°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၀°C/၆၉°F | နေသာ ၂၀°C/၇၀°F |



## ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် ရေလွှမ်းမိုးမှုများကြောင့် ဘတ် ၁၅ ဘီလီယံခန့်ဆုံးရှုံး

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းကဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုသည် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ဘတ် ၁၅ ဘီလီယံခန့်ရှိခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများရှိခဲ့ပြီး နိုင်ငံ၏ ဂျီဒီပီကိုလည်း အနည်းနှင့်အများ ထိခိုက်စေခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ချန်နမ်ချာစီရီက ပြောကြားခဲ့သည်။

"အခုဖြစ်ခဲ့တဲ့ ရေလွှမ်းမိုးမှုမှာ အဓိကပျက်စီးခဲ့တာက လမ်းတွေ၊ တံတားတွေ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေတင်မက ထုတ်လုပ်မှုလုပ်ငန်းတွေ လုပ်ကိုင်နေကြတဲ့ စက်မှုလုပ်ငန်းတွေ ဖြစ်ကြပါတယ်။ အဲဒါတွေအများစုက အာမခံထားရှိတဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် ခုသာခံသာရှိလိမ့်မယ်လို့ ထင်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် လူ ၂၅ ဦး သေဆုံးခဲ့ပြီး ဇန်နဝါရီလ ၁၀ ရက် တစ်ရက်အတွင်းမှာပင် ယာဉ်ကြောပိတ်ဆို့မှုမှာ ၁၂၅ မိုင်အထိ ရှိခဲ့သည်ဟုဆိုသည်။ ထို့ပြင် ထိုင်းနိုင်ငံတောင်ပိုင်းသည် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့် နေရာတစ်နေရာလည်းဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားအရေအတွက်လည်း ကျဆင်းခဲ့သည်ဟုဆိုသည်။

ထိုင်းနိုင်ငံတောင်ပိုင်းသည် ရော်ဘာကို အဓိက စိုက်ပျိုးသည့်ဒေသတစ်ခုဖြစ်ရာ ရေလွှမ်းမိုးမှုကြောင့် ရော်ဘာစိုက်ခင်းများလည်း ပျက်စီးခဲ့ကာ ရော်ဘာထုတ်လုပ်မှုကိုလည်း ထိခိုက်စေနိုင်သည်ဟု ဆိုသည်။

ထိုင်းနိုင်ငံသဘာဝရော်ဘာကောင်စီ ဥက္ကဋ္ဌ အူထိုင်းဆုန်လာဆပ်က "ဒီနှစ်ဖြစ်ပေါ်ခဲ့တဲ့ ရာသီဥတု ဆိုးရွားမှုက ၁၀ နှစ်အတွင်း အဆိုးဆုံး ဖြစ်ပါတယ်။ ရေကြီးတာ့လည်း သာမန်မဟုတ်ဘူး။ တော်တော်ကိုဆိုးဆိုးရွားရွား ဖြစ်ခဲ့တယ်။ မိုးခေါင်တုန်းကလည်း တော်တော်အခြေအနေဆိုးခဲ့တယ်။ တစ်နှစ်ထဲမှာပဲ မိုးခေါင်တာရော၊ ရေကြီးတာရော ဖြစ်ခဲ့တဲ့အတွက် ရော်ဘာစိုက်တောင်သူတွေအနေနဲ့ ဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ကြရမှာသေချာပါတယ်"ဟု ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ချန်ပွန်၊ နာခွန်စီသာမာရတ်၊ ပတ္တလောင်နှင့် ဆုန်ခလာအပါအဝင် ပြည်နယ်ပေါင်း ၁၂ ခုမှ အိမ်ထောင်စုပေါင်း ၃၆၀၀၀၀ကျော် လူဦးရေပေါင်း တစ်သန်းကျော် ဒုက္ခရောက်ခဲ့ကြသည်။ **မယ်သီတာ**

## ဥရောပဒေသတစ်ဝန်းတွင် ဆောင်းရာသီကာလ၌ အီဂွန်မုန်တိုင်းဝင်ရောက်တိုက်ခတ်

ဥရောပဒေသတစ်ဝန်းတွင် ဆောင်းရာသီကာလသို့ရောက်ရှိနေချိန်မှာပင် အီဂွန်အမည်ရှိ မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း herald သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါမုန်တိုင်း အီဂွန်ကြောင့် ပြင်သစ်နိုင်ငံတွင် နေအိမ်ပေါင်း ၃၃၀၀၀ကျော်မှာ လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရသည်။

လန်ဒန်မြို့ရှိ ကမ်းခြေဒေသများတွင် နေထိုင်သူ ထောင်ပေါင်းများစွာတို့အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဂျာမနီနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် လေကြောင်း ခရီးစဉ်များအားလုံး နှောင့်နှေးခဲ့ရပြီး လေယာဉ်ခရီးစဉ်ပေါင်း ၁၂၀ ကို ဖျက်သိမ်းခဲ့ရသည်ဟုဆိုသည်။

လန်ဒန်နှင့်ပြင်သစ်သို့ ပြေးဆွဲနေသည့် ယူရိုစတားရထားခရီးစဉ်ကို ဖျက်သိမ်းလိုက်သဖြင့် အဆိုပါရထားဖြင့် စီးနင်းလိုက်ပါရန် စောင့်ဆိုင်းနေသူများမှာ ဘူတာရုံများတွင် ခရီးသည် ၁၈၀ ခန့် သောင်တင်နေခဲ့သည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၄၆ ကီလိုမီတာအထိ တိုက်ခတ်ခဲ့သဖြင့် ဆီးနှင်းများ ပိုမိုကျဆင်းခဲ့ကာ ဂျာမနီနိုင်ငံတွင် ဆီးနှင်းထုသည် ၃၀ စင်တီမီတာအထိရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဆောင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့၏ အနိမ့်ပိုင်းဒေသများမှ ရေများကို ရေစုပ်စက်များဖြင့် စုပ်ထုတ်လျက်ရှိသည်။ သို့သော် အင်္ဂလန်နိုင်ငံ



အရှေ့ပိုင်းကမ်းခြေ ဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်လျက်ရှိသည်။

ဆွစ်ဇာလန်နိုင်ငံတွင် ရထားလမ်းနှင့် ကားလမ်းကိုအသုံးပြုသည့် ခရီးသည်များအနေဖြင့် ခရီးစဉ်နှောင့်နှေးမှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ဇူးရစ်မြို့ရှိ အချို့သောလမ်းမကြီးများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေသဖြင့် လမ်းများကို ပိတ်ထားခဲ့ရကြောင်း ဆွစ်သတင်းတွင် ဖော်ပြထားသည်။

အီဂွန်မုန်တိုင်းတိုက်ခတ်မှုကြောင့် ဥရောပဒေသတစ်ဝန်းရှိ ဒုက္ခသည်စခန်းများတွင် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်နေရပြီး အအေးလွန်ကဲမှုများနှင့်လည်း ရင်ဆိုင်နေရသည်ဟု ဆိုသည်။ **မယ်သီတာ**

# atmifjrifaysm&ifTpfcG&nfjynfhokd&&faswbJ pm;ok;oltumtu,fay;a&; toydnmay;a[majymaq;aG;yGJrsm;

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် မိမိဌာန၏ ပင်မလုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သည့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါတယ်။

ဤသို့ဆောင်ရွက်ရာမှာ အောင်မြင်တဲ့ ဆွေးနွေးပွဲများအဖြစ် စနစ်တကျ ကျင်းပနိုင်ရန် ရည်ရွယ်၍ နေပြည်တော်ရုံးအမှတ်(၅၂)ရှိ စားသုံးသူရေးရာဦးစီးဌာနမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၇ ခုပါဝင်တဲ့ ပြိုင်ပွဲကို ကျင်းပခဲ့ပါတယ်။ ပြိုင်ပွဲမှာ ဝန်ထမ်းရာထူးအဆင့်အလိုက် အငယ်တန်းစာရေးနှင့် အကြီးတန်းစာရေး၊ ဒုတိယဦးစီးမှူးနှင့် ဦးစီးမှူးဆိုပြီး အဆင့်နှစ်ဆင့်ဖြင့် ယှဉ်ပြိုင်စေခဲ့ပါတယ်။ အဆင့်တစ်ဆင့်စီမှာ တိုင်းနှင့်ပြည်နယ်မှ ဝန်ထမ်း ၁၇ ဦးစီဖြင့် အဆင့်နှစ်ဆင့်အတွက် စုစုပေါင်း ၃၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်၊ ၁၀ ရက်တို့မှာ ကျင်းပခဲ့ပြီး ၁၁ ရက်မှာ ပြိုင်ပွဲအဆင့်တစ်ဆင့်စီအတွက် ဆုအမျိုးအစားပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ဆု ပေါင်းဆုငါးဆုဖြစ်၍ အဆင့်နှစ်ဆင့်အတွက် စုစုပေါင်းဆု ၁၀ ဆု ချီးမြှင့်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲ ပထမရက်မှာပင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီး၏ လူစွမ်းကောင်းများရဲ့ စွမ်းရည်ကိုမြင်တွေ့ကြရပါတယ်။ တစ်ဦးနဲ့တစ်ဦး တရားသောယှဉ်ပြိုင်ခြင်းဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်ခဲ့ကြပြီး မိမိမြို့နယ်၊ ခရိုင်၊ တိုင်းမှတစ်ဆင့် မိမိဌာနရဲ့ ဂုဏ်ဆောင်နိုင်ဖို့ ပြိုင်ပွဲဝင်များရဲ့ ကြိုးစားအားထုတ်မှု၊ စိတ်ပါဝင်စားမှု၊တီထွင်ဖန်တီးမှု၊ မိမိလုပ်ငန်းအပေါ် တာဝန်ကျေမှု၊စေတနာထက်သန်စွာထားရှိမှုနဲ့ ဟောပြောဆွေးနွေးနိုင်ကြတာကို တွေ့မြင်ရပါတယ်။ ဝန်ထမ်းငယ်ဖြစ်သော်လည်း စွမ်းရည်အပြည့်နဲ့ တီထွင်ဖန်တီး ဟောပြောဆွေးနွေးနိုင်သူ၊ အသက်ကြီးသော်လည်း ဇွဲမလျှော့ဘဲ တက်ကြွ သွက်လက်စွာ ဟောပြောဆွေးနွေးနိုင်သူတွေအဖြစ် တွေ့မြင်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူ ပီတိဖြစ်ရပါကြောင်း မှတ်တမ်းတင်ချင်ပါတယ်။ ပါဝါပွိုင့်နှင့် ဟောပြောဆွေးနွေးသူရှိသလို စားသုံးသူရေးရာ ဥပဒေကို အာဂုံဆောင် အချိတ်အဆက်မိမိနှင့် အားလုံးကို လွှမ်းခြုံဟောပြော ဆွေးနွေးသွားသူတွေလည်း ပါဝင်ခဲ့ပါတယ်။ အကြံပြုချက်၊ သုံးသပ်ချက်၊ ကဗျာ၊ ဆောင်ပုဒ်၊ သီချင်း၊ အထောက်အကူပြု ပစ္စည်းစုံလင်စွာ ဥပမာပေး၊ ပညာပေး၊ ရုပ်ပြကာတွန်း၊ လက်ာမကျန် ရယ်ရွှင်ဖွယ် ဟာသနှော၊ လက်တွေ့ဘဝနဲ့ ဆက်စပ်ပြီး စိတ်ဝင်စားဖွယ်ရာ အချက်များကို ထည့်သွင်းဆွေးနွေး ဟောပြောနိုင်ကြတာကလည်း နားထောင်သူများအတွက် အတုယူစရာအားကျစရာတစ်ရပ်ပင် ဖြစ်ပါတယ်။

ဟောပြောသူနဲ့ နားထောင်သူ အပြန်အလှန် အပေါ်နဲ့အောက်ဆက်သွယ်သည့် အမေးအဖြေများက ပျော်ရွှင်ဖွယ်ရသများကို ပေးစွမ်းနိုင်ကြသလို စိတ်ပါဝင်စားမှုကိုလည်း ဆွဲခေါ်နိုင်ခဲ့ကြပါတယ်။

ပြိုင်ပွဲဝင်များအားလုံးရဲ့ ဟောပြောဆွေးနွေးချက်များကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် မိမိတို့စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ စားသုံးသူအကာအကွယ်ပေးရေး



ဓာ ခင်မြင့်မြင့်သန်း (နေပြည်တော်)

ပေါ်ပေါက်လာရသည့် အကြောင်းရင်း၊ အာဆီယံနိုင်ငံများမှာ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံရဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းထားရှိပုံ၊ ဥပဒေရဲ့ ရည်ရွယ်ချက်၊ စားသုံးသူအဓိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူရဲ့ အခွင့်အရေးနဲ့ တာဝန်၊ စီးပွားရေး လုပ်ငန်းရှင်များရဲ့ အခွင့်အရေးနဲ့တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူအကာကွယ်ပေးရေးလုပ်ငန်းစဉ်များနှင့် စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အရေးယူပိုင်ခွင့်များ စသည်ဖြင့် ဆွေးနွေးပွဲနားထောင်သူ ပရိသတ်အား ဗဟုသုတရဖွယ်၊ မှတ်သားဖွယ်၊ လိုက်နာကျင့်သုံးဖွယ် အဖုံဖုံနဲ့ ဆွေးနွေးနိုင်ကြတာကိုလည်း အားရကျေနပ်ဖွယ်တွေ့ရှိရပါတယ်။

စားသုံးသူများ နေ့စဉ် စားသောက်သုံးစွဲနေတဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုများရဲ့ ဘေးအန္တရာယ်များ၊ လိမ်လည်လှည့်ဖျားမှုများနဲ့ ကြုံတွေ့နေရတဲ့ အခြေအနေ၊ အန္တရာယ်ကင်း စားသောက်ကုန်၊ ကုန်စည်နဲ့ ဝန်ဆောင်မှုများကို ရွေးချယ်စားသုံးအသုံးပြုနိုင်မည့် နည်းလမ်းအသွယ်သွယ်၊ အန္တရာယ်ရှိ စားသောက်ကုန်များ၊ ကုန်စည်များ၊ ဝန်ဆောင်မှုများကို စျေးကွက်အတွင်းဝင်ရောက်မှုမရှိစေရေး စသည်ဖြင့် အကြောင်းအရာနဲ့ ရည်ရွယ်ချက်များ တူညီကြသော်လည်း ဟောပြောဆွေးနွေးသူတစ်ဦးတစ်ယောက်ချင်းစီရဲ့ ကိုယ်ပိုင်အသံ၊ ကိုယ်ပိုင်ဟန်၊ အမူအယာ၊ အတွေ့အကြုံ၊ တီထွင်ဖန်တီးမှု၊ ဟောပြောဆွေးနွေးသည့်နေရာ၊ အဆင့်၊ အမျိုးအစားအလိုက် ကွဲပြားခြားနားစွာ ဆွေးနွေးနိုင်ကြတဲ့ အရည်အချင်းကိုလည်း အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ကလေးမှအစ လူကြီးအထိအစားအသောက်နှင့် ဝန်ဆောင်မှုများ ဆောင်ရန်ရှောင်ရန် သတိပြုစရာပေးလိုသည့် message အစုံကို ပေးနိုင်ခဲ့ကြပါတယ်။မိတ်ဖက်အဖွဲ့အစည်းများဖြစ်တဲ့ (FDA) အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး၊ စည်ပင်သာယာအဖွဲ့အစည်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိမွေးကု၊ ပညာရေးစတဲ့အဖွဲ့များ နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအားကိုလည်း ပြခဲ့ကြပါတယ်။

ဒါကြောင့် ပြိုင်ပွဲဝင်အားလုံးဟာ မိမိတို့ စားသုံးသူရေးရာဦးစီးဌာနရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ 'စားသုံးသူများလုံခြုံစိတ်ချရမှုရှိစေရန်' ရည်မှန်းချက် (၃) ရပ်ဖြစ်တဲ့ (၁) စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေးဆောင်ရွက်ရန်၊ (၂) ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရရှိစေရေး ဆောင်ရွက်ရန်၊ (၃) ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် သုတေသနဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ဆိုတဲ့ ရည်မှန်းချက်တာဝန်တွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်နေကြတဲ့ ရှေ့တန်းတိုက်စစ်မှူးများဆိုရင်လည်း မမှားပါဘူး။

ဒါ့အပြင် မိမိတို့တိုင်းနှင့်ပြည်နယ် အသီးသီးရှိ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဖြေရှင်းဆောင်ရွက်ပေးနိုင်မှု ရလဒ်များကိုလည်း ဂုဏ်ယူစွာဖော်ပြဆွေးနွေးနိုင်ခဲ့ကြတာကိုလည်း တွေ့မြင်ရပါတယ်။

ရက်လွန်အစားသောက်နဲ့ ဆေးဝါးအလှကုန်အသုံးအဆောင်များ စစ်ဆေးနည်းနှင့် မစားသင့်မသုံးသင့်တဲ့ အစားအစာ၊ ပစ္စည်းနမူနာများကိုလည်း ဗဟုသုတဖြစ်ဖွယ် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိပေးနိုင်ခဲ့ကြပါတယ်။ နောက်ဆုံး စားသုံးသူများတွင် အခွင့်အရေးရှိသည့် နစ်နာမှုများ၊ အငြင်းပွားမှုများအတွက် တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ သက်ဆိုင်ရာ တိုင်းပြည်နယ်အလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ လိပ်စာများဖြင့် ရှင်းလင်းဖော်ပြ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ဒီလိုပြိုင်ပွဲဝင် အတွေ့အကြုံကောင်းတွေရရှိစေတာကလည်း ပြိုင်ပွဲဝင်တွေရဲ့ ကြိုးစားအားထုတ်မှု၊ လေ့ကျင့်မှုအတွေ့အကြုံ၊ သင်တန်း၊ (workshop ပြည်တွင်း/ပြည်ပ) အတွေ့အကြုံအသိများ၊ USAID နှင့် GIZ စတဲ့ ပြည်ပအထောက်အပံ့ကောင်းများ၊ သက်ဆိုင်ရာ အကြီးအကဲများရဲ့ လမ်းညွှန်ကြီးကြပ်မှု၊ လက်တွဲခေါ်ဆောင်မှု၊ တွန်းအားပေး ယှဉ်ပြိုင်စေမှုများက မိမိတို့ဝန်ထမ်းများရဲ့ စွမ်းရည်ကို ဖြည့်စွမ်းပေးခဲ့တယ်လို့ မြင်မိပါတယ်။ ပြိုင်ပွဲဝင်အားလုံးအနေနဲ့လည်း လိုအပ်ချက် အားနည်းချက်အနည်းငယ်စီရှိခဲ့ကြပေမယ့် သူထက်သူ လူစွမ်းကောင်းချည်းလို့ ဆိုချင်ပါတယ်။ ဘယ်သူမှမည့်ကြပါ တစ်မျိုးစီ အားလုံးကောင်းကြပါတယ်။

ပြိုင်ပွဲရလဒ်အဆုံးအဖြတ်အရ ငယ်ရေး/ကြီးရေးအဆင့် ပထမဆုကို ကရင်ပြည်နယ်မှ ဒေါ်ခင်ကြည်၊ ဒုတိယဆုကို မန္တလေးတိုင်းမှ ဦးဝင်းထွန်းဦး၊ တတိယဆုကို ကချင်ပြည်နယ်မှ ဒေါ်ခွာညိုဦး၊ နှစ်သိမ့်ဆုကို စစ်ကိုင်းတိုင်းမှ ဒေါ်အေးမင်းလတ်နဲ့ ရန်ကုန်တိုင်းမှ ဒေါ်တင်တင်ဌေးတို့က ရရှိခဲ့ကြပါတယ်။ ဒုတိယဦးစီးမှူး/ဦးစီးမှူးအဆင့် ပထမဆုကို ချင်းပြည်နယ်မှ ဦးဇော်မင်း၊ ဒုတိယဆုကို ရှမ်း(တောင်)မှ ဒေါ်စောယုထွေး၊ တတိယဆုကို ပဲခူးတိုင်းမှ ဦးခင်မောင်ထွန်း၊ နှစ်သိမ့်ဆုကို ဧရာဝတီမှ ဦးအုန်းသိန်းနဲ့ မကွေးတိုင်းမှ ဦးမျိုးဝင်းတို့က ရရှိခဲ့ကြပါတယ်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က တက်ရောက်ချီးမြှင့် အမှာစကား ပြောကြားခဲ့ပြီး ၂၀၁၆/၂၀၁၇ နှစ်မှစ၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်လာခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စားသုံးသူရေးရာ ဦးစီးဌာနအဖြစ် သီးခြား ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ဝန်ထမ်းများ ဝမ်းစာပြည့်မှ ဥပဒေတွေလုပ်ထုံးလုပ်နည်းတွေ၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်တွေသိနေမှ လုပ်ငန်းအောင်မြင်မှာဖြစ်ကြောင်း၊ စားသုံးသူများအား ဥပဒေနှင့် အကာအကွယ်ပေးနိုင်ရေး အသိပညာပေးဆောင်ရွက်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ဝင်ရောက်ယှဉ်ပြိုင်သူအားလုံးနဲ့ ဆုရရှိသူအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ဝန်ထမ်းတိုင်း အလွတ်ရနေရမယ်၊ ကျေညက်ရမယ်၊ စားသုံးသူ အကာအကွယ်ပေးရေးနဲ့ပတ်သက်ပြီး အလံကိုင်နိုင်ရမယ်၊ အရှိန်အဟုန်ကိုလည်း မှန်မှန် သွက်သွက်တော့သွားလိမ့်မယ်၊ မိမိတို့ဝန်ထမ်းများအနေနဲ့ အထူးမှာကြားလိုတာက (၁) သမာသမတ်ရှိပါ။ လူတိုင်းက ယုံကြည်ကိုးစား လာလိမ့်မယ်၊ (၂) ပြည်သူဆီက တင်ပြချက်များအားလုံး စိတ်ရှည်လက်ရှည်နဲ့ ကြားနာပေးပါ။ အားထားလာပါလိမ့်မယ်။ (၃) စီးပွားရေးသမားများရဲ့ လက်ကိုင်တုတ် မဖြစ်စေနဲ့။ အားကိုးစရာ ဖြစ်လာပါလိမ့်မယ်လို့ ပြောကြားခဲ့သလို မိမိအနေနှင့် လုပ်ငန်းအောင်မြင်မှုအပေါ် Win Win ထက် All Win ကို ပိုကြိုက်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ပါတယ်။

ကျင်းပပြီးစီးခဲ့တဲ့ အဲဒီပြိုင်ပွဲဟာ မြန်မာနိုင်ငံရဲ့ စားသုံးသူ၊ သုံးစွဲသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေမယ့် စားသောက်ကုန်စည်များ ဖြစ်ပေါ်လာရေးကို ဦးတည်နိုင်မှာဖြစ်ပါတယ်။



# မက်ဂရီဂေါ်ကို မေဝဲသားက ပေါင် ၁၅ သန်းပေး၍ ယှဉ်ပြိုင်ထိုးသတ်ရန် စိန်ခေါ်

အမေရိကန်လက်ဝှေ့ကျော် ဖလွိုက်မေဝဲသားက ယူအက်ဖ်စီ ချန်ပီယံ မက်ဂရီဂေါ်ကို ပေါင် ၁၅ သန်းပေး၍ ယှဉ်ပြိုင်ထိုးသတ်ရန်စိန်ခေါ်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အိုင်းရစ်လူမျိုးတစ်ဦးဖြစ်ပြီး လက်ဝှေ့ထိုးသတ်ရန် လိုင်စင်ရရှိထားသည့် မက်ဂရီဂေါ်သည် မေဝဲသားနှင့်ထိုးသတ်ရမည်ဆိုပါက ပေါင်သန်း ၁၀၀ လိုချင်သည်ဟု ပြောကြားထားသူဖြစ်သည်။

"ကျွန်တော်က စီးပွားရေးသမားပါ။ စီးပွားရေးသမားဖြစ်တဲ့အတွက် စီးပွားရေးရဲ့ အမြင်အာရုံ ခံစားမှုကရှိနေပြီးသားပါ"ဟု မေဝဲသားက ပြောကြားခဲ့သည်။

အသက် ၃၉ နှစ်အရွယ်ရှိသည့် အမေရိကန်လက်ဝှေ့ကျော် မေဝဲသားသည် ကမ္ဘာ့ဟဲဗီးဝိတ်သရဖူကို ငါးကြိမ်တိုင်ရရှိထားပြီး ၂၀၁၅ ခုနှစ်ကတည်းက လက်ဝှေ့ကြိုးဝိုင်းကို စွန့်ခွာထားသူဖြစ်သည်။ ထို့ပြင် မေဝဲသားသည် ၎င်း၏ကြေးစားလက်ဝှေ့သက်တမ်းတစ်လျှောက် ၄၉ ပွဲ ထိုးသတ်ခဲ့ပြီး ရှုံးပွဲမရှိစံချိန်ကို စိုက်ထူထားသူဖြစ်သည်။

"မက်ဂရီဂေါ်ကို ကျွန်တော် ကြိုးစားပြီး ထိုးသတ်ပါ့မယ်။ ဒါပေမယ့် သူတို့ကတော့ ကျွန်တော့်ရဲ့နံပါတ်က ဘာလဲဆိုတာကို သိထားဖို့တော့ လိုပါလိမ့်မယ်။ ကျွန်တော်က ကျွန်တော့်နံပါတ်ကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ နဲ့ အာမခံထားတာပါ။ အဲဒါက ကျွန်တော့်နံပါတ်ပါပဲ"ဟု မေဝဲသားက ပြောကြားခဲ့သည်။

# အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)ကို ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်မည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်ကစားသမား ပြုစုပျိုးထောင်ရေးစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏တတိယမြောက်ဘောလုံးအကယ်ဒမီအဖြစ် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်)၏ တည်ဆောက်မှုလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လူငယ်ကျောင်းသားများအတွက် အခန်းတွင်း အခန်းပြင် အသုံးအဆောင်ပစ္စည်းများဖြည့်ဆည်းရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းမီဖွဲ့စည်းဆောင်ရွက်ရေး၊ နည်းပြဆရာများနှင့် အုပ်ချုပ်မှုအဖွဲ့များ ခန့်အပ်တာဝန်ပေးရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်)ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်က စတင်ပန္နက်ချခဲ့ခြင်းဖြစ်ပြီး အလျား ၂၄၇ ပေ၊ အနံ ၄၉ ပေရှိသည့် နှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။ အကယ်ဒမီကျောင်းသားများ လေ့ကျင့်သင်ကြားရန်အတွက် မြက်ခင်းတုကွင်းနှစ်ကွင်းရှိပြီး သင်တန်းခန်းမ၊ အစည်းအဝေးခန်းမ၊ အဝတ်လဲခန်း၊ ရေချိုးသန့်စင်ခန်း စသည်ဖြင့်ဖွဲ့စည်းတည်ဆောက်ထားရာ နိုင်ငံတကာအဆင့်မီ အကယ်ဒမီတစ်ခုဖြစ်လာမည်ဖြစ်သည်။

အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်) တည်ဆောက်ရန်အတွက် စုစုပေါင်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂၇၈၄၇၉၄ ဖြစ်ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ FPA မှ အမေရိကန်ဒေါ်လာ ၂၈၄၇၉၄၊ ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်က မြက်ခင်းတုလေ့ကျင့်ရေးကွင်း နှစ်ကွင်းအတွက် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၅သိန်းနှင့် အဆောက်အအုံအတွင်းပိုင်း ပြင်ဆင်ဖြည့်ဆည်းခြင်းများအတွက် အမေရိကန်ဒေါ်လာ ငါးသိန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ နှစ်သန်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် (ပုသိမ်)တို့ကိုလည်း ဖွင့်လှစ်ထားပြီး ယခုဖွင့်လှစ်မည့် အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်) သည် မြန်မာနိုင်ငံ၏တတိယမြောက် ဘောလုံးအကယ်ဒမီဖြစ်သည်။




# ဘူရီယမ်အသင်းနှင့်ခြေစမ်းကစားမည့် MNL All Star အသင်းကို ရတနာပုံနည်းပြချုပ် ရီနီတာဝန်ယူမည်

မြန်မာ-ထိုင်း ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ထိုင်းပရီးမီးယားလိဂ်ကလပ် ဘူရီယမ်အသင်းနှင့်ခြေစမ်းကစားမည့် MNL All Star အသင်းကို ရတနာပုံအသင်း၏ နည်းပြချုပ်ဖြစ်သူ ရီနီအော်စကာက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ရတနာပုံအသင်းနည်းပြချုပ် ရီနီသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်တို့၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်ပြီး MNL All Star အသင်းကို ဇန်နဝါရီ ၁၇ ရက်တွင်စတင်ကာ လေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်သည်။ MNL All Star အသင်းတွင် ကစားသမား ၂၃ ဦး ပါဝင်လာပြီး အများစုမှာ မြန်မာကစားသမားများဖြစ်ကာ နိုင်ငံခြားသားကစားသမား ၄ ဦး ပါဝင်လာသည်။

MNL All Star အသင်း၏နည်းပြအဖွဲ့တွင် နည်းပြချုပ်အဖြစ် ရတနာပုံအသင်းမှ နည်းပြချုပ် ရီနီအော်စကာက ဆောင်ရွက်မည်ဖြစ်သည်။ လက်ထောက်နည်းပြအဖြစ် ချင်းယူနိုက်တက်အသင်းမှ ဦးမင်းထွန်းလင်း၊ ရတနာပုံအသင်းမှ ဦးမြင့်ကို၊ ဂိုးနည်းပြအဖြစ် မကွေးအသင်းမှ ဦးမျိုးကျော်သူတို့က ဆောင်ရွက်ကြမည်ဖြစ်သည်။

အဆိုပါအသင်းတွင် (ဂိုး) ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင်(ဆောက်သမ်းမြန်မာ)၊ မျိုးမင်းလတ်(ရှမ်းယူနိုက်တက်)၊(နောက်တန်း)ဝီလီယမ် (ရတနာပုံ)၊ ဇော်မင်းထွန်း (ရန်ကုန်)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ ကျော်ဇင်လွင် (မကွေး)၊ စည်သူအောင်(ရတနာပုံ)၊ ဒေးဗစ်ထန်(ရန်ကုန်)။ (အလယ်တန်း) ထူးထူးအောင်(မကွေး)၊ တင်ဝင်းအောင်၊ မက်ဆီမင်(ရှမ်းယူနိုက်တက်)၊ မျိုးကိုထွန်း၊ ရန်ပိုင်(ရတနာပုံ)၊ မွန်ကီး၊ ရန်အောင်ကျော်(ရန်ကုန်)၊(ရှေ့တန်း)သန်းပိုင်၊ ကျော်ကိုကို(ရန်ကုန်)၊ အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ခရစ္စတိုဖာ (ရှမ်းယူနိုက်တက်)၊ ဆောင်လမန် (ချင်းယူနိုက်တက်)၊ မောင်မောင်လွင် (ဟံသာဝတီ)တို့ဖြစ်ကြောင်း သိရသည်။

ထိုင်းကလပ် ဘူရီယမ်အသင်းနှင့် MNL All Star အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ဇန်နဝါရီ ၁၈ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းပရီးမီးယားလိဂ် ပြိုင်ပွဲ၏ အအောင်မြင်ဆုံး အသင်းဖြစ်သည့် ဘူရီယမ်အသင်းကို ၁၉၇၀ ပြည့်နှစ်တွင် တည်ထောင်ပြီး လက်ရှိထိုင်းနိုင်ငံ၏ ထိပ်တန်းစာရင်းဝင် အသင်းကောင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

ဘူရီယမ်အသင်းတွင် ထိုင်းလက်ရွေးစင်များနှင့် တောင်အမေရိက၊ ဥရောပကစားသမားများ ပါဝင်ကစားလျက်ရှိသည်။ ယင်းခြေစမ်းပွဲမှရရှိသည့် ကွင်းဝင်ကြေးများအားလုံးကို လူမှုရေးလုပ်ငန်းများသို့ လှူဒါန်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

# တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် အပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်၏ အရေးယူမှုနှင့် တရုတ်အလေးမအဖွဲ့ချုပ် ရင်ဆိုင်ရမည်

တရုတ်အလေးမအားကစားသမားသုံးဦးတွင် တားမြစ်ဆေးဝါးများ သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တရုတ်အလေးမအဖွဲ့ချုပ်အနေဖြင့် အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်၏အရေးယူ မှုနှင့်ရင်ဆိုင်နေရပြီဖြစ်သည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီသည် တရုတ်နိုင်ငံအလေးမအားကစားအဖွဲ့က ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် ဆွတ်ခူးရရှိထားသည့် ရွှေတံဆိပ်သုံးခုကို ပြန်လည်သိမ်းယူသွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်ကလည်း ပြီးခဲ့သည့်နှစ်က မည်သည့်နိုင်ငံမှအလေးမ အားကစားသမားမဆို တားမြစ်ဆေးဝါးသုံးစွဲသည်ကို သုံးဦးနှင့်အထက် စစ်ဆေးတွေ့ရှိပါက တစ်နှစ်အတွင်း ကျင်းပသည့်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီသည် ၂၀၀၈ ပေကျင်းအိုလံပစ်နှင့် ၂၀၁၂ လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများ၏ ဆီးနမူနာများအား ပြန်လည်စစ်ဆေးခဲ့သည်ဟုဆိုသည်။ အားကစားသမားများသည် နည်းပညာတိုးတက်မှုကို အခွင့်ကောင်းယူ၍ တားမြစ်ဆေးစစ်ဆေးသည့် နည်းလမ်းများကို ရှောင်ရှားကာ ပြိုင်ပွဲများတွင် မသမာသည့်နည်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေသည်ကို တွေ့ရှိရသဖြင့် ယခုကဲ့သို့ နောက်ကြောင်းပြန် စစ်ဆေးရခြင်းဖြစ်သည်ဟုဆိုသည်။

တားမြစ်ဆေးဝါးများ သုံးစွဲခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီသို့ ၎င်းတို့၏ ရွှေတံဆိပ်ဆုများကို ပြန်လည်ပေးအပ်ရမည့် တရုတ်အလေးမအားကစားသမားများမှာ ပေကျင်းအိုလံပစ်ပြိုင်ပွဲ၏ အလေးမပြိုင်ပွဲ ၇၅ ကီလိုတန်းမှ အသက် ၃၃ နှစ်အရွယ်ရှိ Cao Lei၊ ၄၈ ကီလိုတန်းမှ အသက် ၃၄ နှစ်အရွယ်ရှိ Chen Xiexia၊ ၆၉ ကီလိုတန်းမှ အသက် ၃၁ နှစ်အရွယ်ရှိ Liu Chunhong တို့ပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်သည် တားမြစ်ဆေးဝါးစစ်ဆေးခြင်းဆိုင်ရာ နည်းပညာအသစ်ကို ပြီးခဲ့သည့် ရီအို အိုလံပစ်ပြိုင်ပွဲမှစတင်ကာ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီကလည်း တားမြစ်ဆေးဝါးသုံးစွဲခြင်းကို နည်းပညာများဖြင့် ကာကွယ်တားဆီးထားသည်ကို စစ်ဆေးတွေ့ရှိခဲ့ပါက အဖွဲ့ချုပ်တစ်ခုလုံးကို တားမြစ်ပိတ်ပင်သွားမည့်ပြစ်ဒဏ်ကို ချမှတ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

# လားရှိုးမြို့တွင် သတ်မှတ်လိုင်စင်/ထောက်ခံချက်/ ခွင့်ပြုချက်များမပါရှိသည့် အစားအသောက်များ/ ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေမှုများအား စစ်ဆေးအရေးယူသွားမည့်အကြောင်း အသိပေးရှင်းလင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ စားသုံးသူရေး ရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးတွင် ဇန်နဝါရီ ၆ ရက်က လားရှိုးမြို့ပေါ်ရှိ စီးပွားရေး လုပ်ငန်းရှင်များအား ဖိတ်ကြား၍ သတ်မှတ်လိုင်စင်/ ထောက်ခံချက်/ ခွင့်ပြုချက်များမပါရှိသည့် အစားအသောက်များ/ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေမှုများအား စစ်ဆေး အရေးယူသွားမည့်အကြောင်း အသိပေးရှင်းလင်းပွဲကို ပြုလုပ်ခဲ့သည်။ အဆိုပါ ရှင်းလင်းပွဲသို့ လားရှိုးမြို့ပေါ်ရှိ ပင်လယ်စာ/အအေးခဲအသားရောင်းချနေသူများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးရောင်းချနေသူများ၊ ဈေးအတွင်း လက်လီ/လက်ကား ရောင်းချနေသည့် ကုန်စုံဆိုင်ပိုင်ရှင်များ၊ ဈေးဆိုင်ပိုင်ရှင်များ၊ မီနီမားကက်/ စူပါမားကက်များမှ တာဝန်ရှိသူများ၊ အကင်/ဟော့ပေါ့ဆိုင်ပိုင်ရှင်များ၊ မုန့်လုပ်ငန်းလုပ်ကိုင်နေသူများ၊ အချိုရည်စက်ရုံလုပ်ကိုင်နေသူများအစရှိသည့် စီးပွားရေး လုပ်ငန်းရှင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ အခြေခံပညာ



ဦးစီးဌာနစသည့် ဌာနတို့မှ တာဝန်ရှိသူများ၊ အခြားစီးပွားရေးလုပ်ငန်းရှင်များ/ စားသုံးသူကိုယ်စားလှယ်များ၊ လေ့လာလိုသူများနှင့် သတင်းမီဒီယာများ၊ စုစုပေါင်း ၉၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်မင်းသန်းက စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်း၍ ဌာနမှဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ စီးပွားရေးလုပ်ငန်း ရှင်များ လိုက်နာရမည့် တားမြစ်ချက်များနှင့် တာဝန်များ၊ ဈေးဆိုင်များတွင် ရောင်းချလျက်ရှိသော အစားအသောက် ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ပြည်ပမှတင်သွင်းလာသော စားသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင်ရှိရမည့် လိုင်စင်/ ထောက်ခံချက်များ၊ ပြည်တွင်းမှထုတ်လုပ်သော အစားအသောက်/ကုန်ပစ္စည်းများတွင် ရှိရမည့် လိုင်စင်/ ထောက်ခံချက်များ၊ အစားအသောက်/ကုန်ပစ္စည်းများတွင် ပါရှိရမည့်အချက်အလက်များ၊ FDA ထောက်ခံချက်အမှတ်များ စသည်တို့ကို ရရှိရန်နှင့် လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်သွားမည့် နည်းလမ်းများ စသည်တို့ကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေါက်တာ ပိုင်စိုးမိုးက FDA ထောက်ခံချက်နှင့် ပတ်သက်၍လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာ စိုးနိုင်ဝင်းက ပြည်ပမှတင်သွင်းသည့် အေးခဲအသားများနှင့် ပတ်သက်၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်က အကောက်ခွန်မဲ့ ပစ္စည်းများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ရမည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ စက်မှု/ ကြီးကြပ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးက ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ပြုလုပ်ရမည့် စက်များအကြောင်းနှင့် မှတ်ပုံတင်ရန်ပျက်ကွက်ပါက အရေးယူဆောင်ရွက်နိုင်သည့် ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်သူက စည်ပင်သာယာရေး ဥပဒေနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပူစ်ပါးဒေဝီက ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာရောင်းချသူများ လိုက်နာရမည့် အချက်များ၊ ဥပဒေချိုးဖောက်ပါက အရေးယူဆောင်ရွက်မည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည်ဖြင့် အသီးသီး ပညာပေးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော စီးပွားရေး လုပ်ငန်းရှင်များမှ သိရှိလိုသည့် အချက်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဌာနများမှ ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့်၊ (လားရှိုး)**

# မန္တလေးခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) ကျင်းပ



မန္တလေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) ကို မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၂ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်း အဝေးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှု မရှိသလောက် လျော့နည်းနိုင်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျင့်ဝတ်သိက္ခာရှိပြီး စားသုံးသူအကျိုးစီးပွားကို အလေးထားသည့် စီးပွားရေး လုပ်ငန်းရှင်များ ဖြစ်ကြစေရေးတို့အတွက် စားသုံး သူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကလည်း ထိန်းကျောင်းကြပ်မတ်သွားရမှာဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးခရိုင် ဦးစီးမှူး ဒေါ်မျိုးသီတာက စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်သည့်ဥပဒေများ၊ ပြစ်မှု ပြစ်ဒဏ်များ၊ တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့ ဖွဲ့စည်းထားရှိမှု အခြေအနေ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်း ထားရှိမှုအခြေအနေ၊ စားသုံးသူများ ထိခိုက်နစ်နာ ဆုံးရှုံးမှုများ ရှိလာလျှင် တိုင်ကြားနိုင်သည့်နေရာနှင့် နည်းလမ်းများ၊ မန္တလေးခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ မိတ်ဖက် ဆက်စပ်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ (၁/၂၀၁၆) လုပ်ငန်း ညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းရှင်များနဲ့ တွေ့ဆုံခြင်း၊ စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့ ဖွဲ့စည်းထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြခဲ့ပါတယ်။ ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ အနေနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ထိရောက် အောင်မြင်နိုင်ရေးအတွက် ဝိုင်းဝန်း ဆွေးနွေး အကြံပြုပေးကြပါရန် ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆက်လက်၍ တက်ရောက်လာသော ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ဥပဒေချုပ်ရုံး၊ ခရိုင်ပညာရေးမှူးရုံး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(သန့်ရှင်းရေးဌာန)၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတို့မှ စားသုံးသူ အကာအကွယ်ပေးရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ရှေ့ဆက်လက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြကြောင်း သိရှိရပါတယ်။

**သီတာအေး စားသုံးသူ(မန္တလေး)**

# တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ



ရှမ်းပြည်နယ် (တောင်ပိုင်း) စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှ လက်ထောက်ညွှန် ကြားရေးမှူး ဦးအောင်ကျော် ဦးဆောင်သော ဝန်ထမ်းများသည် ဇန်နဝါရီ ၆ ရက်က တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်က ဝန်ကြီးဌာန၏ လုပ်ငန်းများ၊ ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အာဆီယံနိုင်ငံများ၏ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အကြောင်းကို ရှင်းလင်းဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်စောယုထွေးက စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေပါ ရည်ရွယ်ချက်များ၊ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်းများ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ရွေးချယ် ဝယ်ယူနိုင်ရေးနှင့် ဝန်ဆောင်မှုအကြောင်းများ၊ ဆိုးဆေး၊ အချိုမှုန့်နှင့် ကင်ဆာဖြစ်စေတတ်သော အစားအသောက်များကြောင်းကို ရှင်းလင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

အခမ်းအနားသို့ သူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းနည်းပြဆရာ/ဆရာမများ၊ သင်တန်းသား /သင်တန်းသူများ စုစုပေါင်း ၁၈၇ ဦး တက်ရောက်ခဲ့ကြပြီး၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဥပဒေစာအုပ်ပေးအပ်ခြင်းနှင့် သိရှိလိုသည်များကို အပြန်အလှန်မေးမြန်း ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**ဇော်ဇော်လတ်(တောင်ကြီး)**

# မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်



မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်တွင် ချမ်းမြသာစည်မြို့နယ်၊ အ. ထ. က (၁၀)၊ ပုသိမ်ကြီး မြို့နယ်၊ အ. ထ. က၊ မဟာအောင်မြေမြို့နယ်၊ အ. ထ. က (၁၃) ကျောင်းများတွင် မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ/ ဆရာမကြီးများ၊ ကျောင်းမုန့်ဈေးတန်း ကြီးကြပ်မှုအဖွဲ့၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများအား စုစည်း၍ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲအခမ်းအနားများတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ အချက်အလက်များအား စားသုံးသူများ သိရှိအောင် စာသင်ကျောင်းများ၊ ဈေးများ၊ ရပ်ကွက်/ ကျေးရွာများတွင် အသေးစိတ်ဟောပြောခဲ့ပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲတိုင်းတွင် နောက်ဆုံး မေးလေ့မေးထရှိတဲ့ မေးခွန်းမှာ စားသုံးသူများ၏ နစ်နာမှုကို တိုင်ကြားမှ ဆောင်ရွက်ပေးတာလား၊ စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့က သိလျက်နဲ့ ဆောင်ရွက် တာမျိုး မရှိခဲ့ဘူးလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဆိုပါမေးခွန်းနဲ့ ပတ်သက်ပြီး ပြောကြားရာမှာ ဈေး၊ ကျောင်း၊ ကျေးရွာရပ်ကွက်များရှိ ဈေးဆိုင်များကိုစားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့မှ ဖွဲ့စည်းထားသည့် စည်ပင်သာယာရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန NGO များ စသည့်အဖွဲ့ဝင်များ စုံလင်စွာဖြင့် စားသောက်ကုန် သန့်ရှင်းစင်ကြယ်ရေးနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှု ရှိစေရေးအတွက် စာသင်ကျောင်းများရှိကျောင်းမုန့်ဈေးတန်းများနှင့် ဈေးများသို့ သွားရောက်၍ နမူနာ ကောက်ယူစစ်ဆေးခြင်း၊ သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနဲ့ စားသုံးသူ ပြည်သူများက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို လေးလေးစားစား လိုက်နာပြီး စားသုံးသူ မိဘပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

**တင်တင်ခိုင်၊ စားသုံးသူ(မန္တလေး)**

## မန္တလေးမြို့ပေါ်ရှိ စားသောက်ကုန်အရောင်းဆိုင်များအား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ ရှောင်တခင် ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဌာနခွဲမှ တာဝန်ရှိသူများသည် မန္တလေးမြို့ပေါ် ဈေးချိုတော်ရှိပင်ရင်းအရောင်းဆိုင်များအပါအဝင် ဈေးဆိုင်ပေါင်း၄၀ ကျော်မှ ကုန်ပစ္စည်းများအား နမူနာကောက်ယူစစ်ဆေးခြင်းတို့ကို ဇန်နဝါရီလ ၁၁ ရက်က ပြုလုပ်ခဲ့ပါတယ်။

ဈေးကွက် ကုန်ပစ္စည်းနမူနာကောက်ယူစစ်ဆေးမှုအနေဖြင့် စားသောက်ကုန် ပစ္စည်းရောင်းချသောဈေးဆိုင် ၄၀ကျော်မှ အရောင်ဆိုးဆေးများပါရှိသည့် စားသောက်ကုန်ပစ္စည်း အမယ်မျိုးစုံမှ ကုန်ပစ္စည်းနမူနာပေါင်း ၇၈ မျိုးအား ဝယ်ယူ၍ ဆိုင်အမည်၊ အမှတ်တံဆိပ်၊ ကုတ်နံပါတ်များရေးမှတ်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသွားမှာ ဖြစ်ပါတယ်။

ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ အဖြေထွက်ရှိပါက မန္တလေးတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီအစီအစဉ်ဖြင့် ပင်ရင်းထုတ်လုပ်တဲ့လုပ်ငန်းများ၊ တစ်ဆင့်ပြန်လည်ရောင်းချတဲ့ ဈေးဆိုင်များအား ကာလ အကန့်အသတ်ဖြင့် ယာယီပိတ်သိမ်းခြင်း၊ လုပ်ငန်းအားအပြီး ပိတ်သိမ်းခြင်း၊ ထပ်မံ၍ ပြစ်မှုကျူးလွန်ပါကကော်မတီအဖွဲ့ဝင်ပါ ဌာနများ၏ ဥပဒေများအရ တရားစွဲဆိုအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပူးပေါင်းကွင်းဆင်း စစ်ဆေးရေးအဖွဲ့မှ ဆက်လက်၍ ဈေးကွက်အတွင်းရှိ အစားအသောက်များ၊ ဆေးဝါးများ၊ အလှကုန်ပစ္စည်းများကိုလည်း ရှောင်တခင် စစ်ဆေးမှုအနေဖြင့် ဆက်တိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

မျိုးထွန်း (မန္တလေး)

## ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲများကို နေရာအနှံ့ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း) စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးမြသန်း၏ ဦးဆောင်မှုဖြင့် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးမှုများကို နေရာအနှံ့တွင် ကျင်းပ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်အတွင်း ညောင်ရွှေမြို့နယ်၊ အင်းပေါ်ခုံရွာ၊ ယက်ကန်း အလုပ်သမများကို ဦးစီးမှူး ဦးသန်းတိုးဦးဆောင်သော အဖွဲ့ကလည်းကောင်း၊ တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း၊ ညောင်ရွှေမြို့ အ. ထ. က(၂)နှင့် အ. မ. က (၅) မူလွန် ကျောင်းများတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးဆောင်သောအဖွဲ့ကလည်းကောင်း၊ တောင်ကြီးမြို့နယ်၊ ထုံးဖိုအလက(ခွဲ)၊ အေးသာယာ မြို့၊ အ. မ. က(၃)မူလွန်၊ ကောင်းစုမွန် (အေးသာယာ) ကိုယ်ပိုင်အထက်တန်း ကျောင်း၊ အ. လ. က (ခွဲ) (သစ်ပင်ထောင်)ကျောင်းတို့တွင် ဦးစီးမှူး ဦးစောမောင် ဦးဆောင်သော အဖွဲ့ကလည်းကောင်း၊ အေးသာယာမြို့၊ အ. ထ. က(၂)တွင် ဦးစီးမှူး ဦးစောမောင်ဦးဆောင်သော အဖွဲ့တို့သည် စည်ပင်သာယာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနများနှင့် ပူးပေါင်း၍ ဟောပြောဆွေးနွေးမှုများ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါဟောပြောပွဲများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ ဓာတုဆိုးဆေးအန္တရာယ်များ အကြောင်း၊ ညံ့ဖျင်းသော ဝန်ဆောင်မှုများ အကြောင်း၊ ဟင်းသီးဟင်းရွက်များနဲ့ သစ်သီးဝလံများတွင်ပါဝင်တဲ့ ဓာတုဓာတ်ကြွင်းအန္တရာယ်များ အကြောင်း၊ စားသုံးရန်မသင့်သည့် ဆီများအကြောင်း၊ စံချိန်စံညွှန်းမမီတဲ့ လျှပ်စစ်ပစ္စည်းများ အကြောင်း၊ ကုန်စည် ဝယ်ယူရာတွင် သတိပြုဝယ်ယူရမည့်အချက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားရမည့်နေရာဌာနများနှင့် တိုင်ကြားရမည့်နည်းစနစ်များ၊ အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်သင့်ပုံနဲ့ ရေ၊ မြေ၊ သယံဇာတနဲ့ သစ်တောသစ်ပင်များကို ထိန်းသိမ်းသင့်ပုံအကြောင်း၊ စာဖတ်စွမ်းရည်မြင့်မားရေးတို့အတွက် အသိပညာပေး ဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

အသိပညာပေးအဖွဲ့ အသီးသီးတို့သည် သက်ဆိုင်ရာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများကို စစ်ဆေးခဲ့ကြပြီး အများစုမှာ ဆိုးဆေးပါသော အစားအသောက်များ ရောင်းချနေကြသည်ကို တွေ့ရသဖြင့် ကျန်းမာရေးအတွက် အာဟာရဖြစ်စေသည့် မြန်မာ့ရိုးရာအစားအစာများကို သန့်ရှင်းသပ်ရပ်စွာရောင်းချရေး ကျောင်းဈေးသည်များအား တိုက်တွန်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

**စောမောင်(တောင်ကြီး)**

## ဟားခါးမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၌စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်း ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ချင်း ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဦးသောင်းကြိုင်ဦးဆောင်သော ဝန်ထမ်းများသည် ဇန်နဝါရီလ ၁၂ ရက်က အ. ထ. က(၃)၊ ပြည်တော်သာ ရပ်ကွက်၊ ဟားခါးမြို့၌ စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါ သည်။

အဆိုပါအခမ်းအနားသို့ အ. ထ. က (၃)ဟားခါးမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၇၀ ဦး တက်ရောက်ခဲ့ပြီး၊ လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီး ဌာနမှ စားသုံးရန် မသင့်ဟုကြေညာထားသော အစားအသောက်များစာရင်း၊ စံမညီမြေပဲဆီစာရင်းများကို ဖြန့်ဝေခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် ဦးစီးအရာရှိဦးသောင်းကြိုင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် နေ့စဉ်စားသောက်နေသော အစားအစာများ၏ အန္တရာယ်ရှိမှုနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရေး ရွေးချယ်စားသောက်သင့်သော အကြောင်းများကို ဟောပြောခဲ့ပါသည်။

ထို့နောက် တာဝန်ရှိသူများသည် ကျောင်းမုန့်ဈေးတန်းများသို့ ကျန်းမာရေးဝန်ကြီးဌာနမှစားသောက်ရန် မသင့်ကြေညာထားသော ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိကို ကွင်းဆင်း စစ်ဆေးကာ သက်တမ်းလွန်သော မုန့်များအား ရောင်းချခြင်းမပြုရေး၊ မြန်မာ့



ရိုးရာ မုန့်များကိုသာ ရောင်းချရေး၊ သန့်ရှင်းစင်ကြယ်စွာ ရောင်းချရေးတို့ကို မုန့်ဆိုင်ပိုင်ရှင်များအား ဆွေးနွေး ဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**ဒေါ်ကြယ်(ဟားခါးမြို့)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (ပထမမူကြမ်း)ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုပြီး အကြံဉာဏ်များ ပေးနိုင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ၎င်းနှင့်ဆက်နွယ်နေသည့် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ(ပထမမူကြမ်း)ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အဲဒါနဲ့ဆက်နွယ်နေတဲ့ နည်းဥပဒေ (First Draft) ပထမမူကြမ်းကို ဒီတစ်ပတ်ထဲမှာ အပြီးသတ်ပါမယ်။ အပြီးသတ်ပြီးရင် နည်းဥပဒေ ပထမမူကြမ်းကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ ကျွန်တော်တို့ရဲ့ဝက်ဘ်ဆိုက်မှာတင်ပေးထားပါမယ်။ စိတ်ဝင်စားသူအားလုံး အဲဒီဝက်ဘ်ဆိုက်မှာ ဝင်ရောက်ကြည့်ရှုနိုင်ကြပါတယ်။ အဲဒီနောက် နှစ်ပတ်ဒါမှမဟုတ် သုံးပတ်ခန့်အကြာမှာ တာဝန်ရှိသူတွေ တွေ့ဆုံကြပြီး နည်းဥပဒေနဲ့ ပတ်သက်တဲ့ လိုအပ်ချက်တွေ၊ ပြင်ဆင်ဖြည့်စွက်ချက်တွေ၊ အများပြည်သူနဲ့ လိုက်လျောညီထွေဖြစ်မယ့်အကြောင်းတွေကို နိုင်ငံတော်ရဲ့မူဝါဒနဲ့အညီ ပြင်ဆင်ဖြည့်စွက်သွားမှာဖြစ်ပါတယ်။ အဲဒါ ပြီးရင်တော့ Second Draft ကို ပြင်ဆင်ရေးဆွဲသွားမှာဖြစ်ပါတယ်။ First Draft ကို ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်မှာ ဝင်ရောက်ဖတ်ရှုပြီး ဝေဖန်အကြံပြုချက်တွေ ပေးနိုင်ကြပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

ယခုရေးဆွဲခဲ့သည့်နည်းဥပဒေသည် ယခင်က ရေးဆွဲခဲ့သည့် နည်းဥပဒေနဲ့မတူဘဲ ကွဲပြားခြားနားမှုများရှိကြောင်း၊ ယခင်က ထုတ်ပြန်ခဲ့တဲ့နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံဥပဒေနှစ်ခုကို ပေါင်း ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိစေမည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာစေရန် အဓိကထားစဉ်းစား ပြီး ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ယခုရေးဆွဲခဲ့သည့် နည်းဥပဒေသည် ရင်းနှီးမြှုပ်နှံမည့်သူအားလုံး လုပ်သာကိုင်သာရှိစေ မည့်၊ လွယ်လွယ်ကူကူရင်းနှီးမြှုပ်နှံနိုင်မည့်၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေနိုင်မည့် အခြေအနေများကို လျှော့ချပေးထားသည့် နည်းဥပဒေပင် ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

## မြန်မာနိုင်ငံပို့ကုန်အားလုံး၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများမှ တင်ပို့ခဲ့ခြင်းဖြစ်သည်ဟု ဆို

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည့်ပို့ကုန်ကဏ္ဍအားလုံး၏ ၅၈ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများမှ တင်ပို့ခဲ့ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ဆိုသည်။

"ပို့ကုန်နဲ့ပတ်သက်ပြီး ဟုတ်တိပတ်တိ တက်မလာဘူးလို့ ပြောနေကြတယ်။ ကျွန်တော့်မှာရှိတဲ့ Data တွေကို ကိုးကားပြီးပြောရရင် ပြီးခဲ့တဲ့ငါးနှစ်တာကာလ ၂၀၁၁-၁၂ ကနေ ၂၀၁၅-၁၆ ကာလကို ခြုံပြီးသုံးသပ်ကြည့်မယ်ဆိုရင် ပို့ ကုန်ကဏ္ဍမှာ မြန်မာနိုင်ငံက ပြည်ပကို တင်ပို့နေတဲ့ ပို့ကုန်အားလုံးရဲ့ ၅၈ ရာခိုင်နှုန်းဟာ MIC ရဲ့ခွင့်ပြုချက်နဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေက တင်ပို့နေတာဖြစ်ပါတယ်။ ဒါကြောင့် MIC ကခွင့်ပြုတဲ့လုပ်ငန်းတွေဟာ မြန်မာနိုင်ငံရဲ့ပို့ကုန်ကဏ္ဍကို အရေးပါတဲ့ကဏ္ဍက နေအထောက်အကူပေးနေတာဖြစ်ပါတယ်"ဟု ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့သည့်လုပ်ငန်းများမှ ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့သည့် ပို့ကုန်ပမာဏမှာ ၂၀၁၁-၁၂ဘဏ္ဍာနှစ်တွင် ပြည်တွင်းရှိပို့ကုန်အားလုံး၏ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ပြည်တွင်းရှိ ပို့ကုန်အားလုံး၏ ၆၀ ရာခိုင်နှုန်း၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ပြည်တွင်းရှိ ပို့ကုန်အားလုံး၏ ၆၃ ရာခိုင်နှုန်း၊ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ပြည်တွင်းရှိပို့ကုန်အားလုံး၏ ၆၇ ရာခိုင်နှုန်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်းရှိ ပို့ကုန်အားလုံး၏ ၄၆ ရာခိုင်နှုန်းရှိခဲ့သဖြင့် ငါးနှစ်တာကာလအတွင်း ပြည်တွင်းရှိပို့ကုန်အားလုံး၏ပျမ်းမျှ ၅၈ ရာခိုင်နှုန်းသည် MIC က ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တင်ပို့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# MPT ၏ လိုတရကမ်းလက်များ စာမျက်နှာထက်မှနေ၍ လှူဒါန်းမှုများ ပြုလုပ်နိုင်မည်




MPT သည် ၎င်း၏ဆက်သွယ်ရေးကွန်ရက်ကို သုံးစွဲသူများအနေဖြင့် ပရဟိတလူမှုအဖွဲ့အစည်းများထံသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်မည့် ဝက်ဘ်ဆိုက်စာမျက်နှာသစ်ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

MPT သုံးစွဲသူများအနေဖြင့် အဆိုပါဝက်ဘ်ဆိုက်မှတစ်ဆင့် မိမိလှူဒါန်းလိုသည့်အဖွဲ့အစည်းများအား ရွေးချယ်၍ လှူဒါန်းနိုင်ကြမည်ဖြစ်သည်။

အဆိုပါစာမျက်နှာတွင် လူမှုအဖွဲ့အစည်း ၁၀ ဖွဲ့ကို ဖော်ပြထားရှိသည်။ ၎င်းလူမှုအဖွဲ့အစည်း ၁၀ ဖွဲ့မှာ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၊ ဆည်းဆာရိပ်ဂိလာနဘိုးဘွားများရိပ်သာ၊ ပြည်ကြီးခင်လူမှုရေးအသင်း၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ လမ်းသစ်ဖောင်ဒေးရှင်း၊ သဘာဝတရားရိပ်သာ (သန်လျင်)၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ဂျပန်ငြိမ်းချမ်းရေးလေညင်းလေးများ (PeaceWind)တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ လူမှုအဖွဲ့အစည်း ၁၀ ခု အနက်မှ မိမိကြိုက်နှစ်သက်ရာအဖွဲ့အစည်းသို့ မိမိလှူဒါန်းလိုသည့် ငွေပမာဏကို ထည့်ဝင်လှူဒါန်းနိုင်ကြပြီဖြစ်သည်။

MPT-KSGM Joint Operations ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာတိုရှိတကဲ အာမာမီယာက "မြန်မာလူမျိုးတို့ဟာ အလှူအတန်းနဲ့ ပတ်သက်ပြီး ဂုဏ်သတင်းကျော်ဇောကြတယ်။ လိုအပ်နေတဲ့သူတွေကိုလည်း အမြဲကူညီတတ်ကြတယ်။ ဒီလိုထူးခြားတဲ့ ဝက်ဘ်ဆိုက်စာမျက်နှာကတစ်ဆင့် အမျိုးမျိုးသော ပရဟိတလူမှုအကျိုးပြုလုပ်ငန်းတွေကိုနိုင်ငံတစ်ဝန်းမှာ ဆောင်ရွက်နေကြတဲ့အဖွဲ့အစည်းတွေနဲ့ MPT သုံးစွဲသူတွေကို ချိတ်ဆက်ပေးမှာဖြစ်တဲ့အတွက် သုံးစွဲသူတွေဟာ အခုဆိုရင် မိုဘိုင်းဖုန်းတွေပေါ်ကနေ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ လှူဒါန်းနိုင်ကြမှာဖြစ်ပါတယ်။ ရန်ပုံငွေအားလုံးဟာ MPT သုံးစွဲသူတွေဆီက လှူဒါန်းတာဖြစ်တဲ့အတွက် မြန်မာလူမျိုးတို့ရဲ့ အလှူအတန်းရက်ရောမှုကို ဖော်ပြနေသလိုပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

MPT အသုံးပြုသူများအနေဖြင့် အဆိုပါစာမျက်နှာကို အသုံးပြု၍ ပရဟိတ လုပ်ဆောင်နေသည့်အဖွဲ့အစည်းများထံသို့ အလှူငွေများ လှူဒါန်းလိုပါက http://helpinghands.foc.lotayamm.com/ သို့ဝင်ကာ လှူဒါန်းနိုင်မည်ဖြစ်သည်။

မိမိ၏လှူဒါန်းမှု အောင်မြင်ခဲ့ပါက MPT အနေဖြင့် မိမိ၏ဖုန်းအတွင်းသို့ စာတိုတစ်စောင်ပေးပို့ပေးသွားမည်ဖြစ်သည်။ အကယ်၍ လက်ကျန်ငွေမလုံလောက်ပါက လှူဒါန်းမှုမအောင်မြင်ကြောင်း စာတန်းပေါ်လာမည်ဖြစ်သည်။

အဆိုပါ လှူဒါန်းမှုနှင့်ပတ်သက်၍ လိုတရ စေတနာကမ်းလက်များ စာမျက် နှာသို့ ဝင်ရောက်ခြင်းအတွက် အင်တာ နက်ဖိုးကုန်ကျမည်မဟုတ်ဘဲ အခမဲ့ ဝင်ရောက်လှူဒါန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

# လပွတ္တာမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် စားသုံးသူအသိပညာပေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ လပွတ္တာမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးဦးအောင်မြင့်ဦးနှင့် ဝန်ထမ်းများသည် ဆက်စပ်ဌာနများဖြစ်သော ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးဌာန၊ မွေး/ကုဦးစီးဌာန၊ မီးသတ် ဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်လျက် ဇန်နဝါရီလ ၉ ရက်က လပွတ္တာမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပပြုလုပ်ရာ မြို့နယ်ဦးစီးမှူးက စားသုံးရန်မသင့်သော အစားအစာများနှင့် ဓာတုဆေးဝါးများပါဝင်သော အစားအစာများ FDA မှ တားမြစ်ထားသော အစားအသောက်နှင့် အလှကုန်ပစ္စည်းများ၊ စားသုံးသူများ၏ အခွင့်အရေးများ၊ လုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသောက်ကုန်စည်များကို ဘေးအန္တရာယ်ကင်းစွာ စားသောက်နိုင်ရေးအတွက် စားသုံးသူရေးရာနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများကို ဟောပြောဆွေးနွေးခဲ့ရာ အဆိုပါကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းသို့သွားရောက်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသောမုန့်များ၊ တားမြစ်ထားသော အစားအစာများ ရောင်းချခြင်းမပြုရန် ကျောင်းသားအရွယ်မှစ၍ အစားအသောက်များကို စနစ်တကျ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေး၊ မုန့်ဈေးတန်းရောင်းချသူများကိုလည်း စားသုံးသူရေးရာနှင့် ပတ်သက်၍ အသိပညာဗဟုသုတများရှိဖို့ လိုအပ်ကြောင်း မြို့နယ်ဦးစီးမှူးက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**စောမိုက်ကယ်**

## ဖိလစ်ပိုင်နိုင်ငံ၏ အရန် သိုလှောင်ဆန် ၉၈ ရက်စာရှိ

ဖိလစ်ပိုင်နိုင်ငံ၏ အဓိကစားသုံးသော အစားအစာဖြစ်သည့် ဆန်သိုလှောင်လက်ကျန်မှာ ၉၈ ရက်အတွက် အလုံအလောက် ရှိနေသေးကြောင်း ဖိလစ်ပင်းစတား ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းအာဏာပိုင်အဖွဲ့(Philippine Statistics Authority) က နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်များအရ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန် စာရင်းအရ ပြည်တွင်းဆန်သိုလှောင်လက်ကျန်မှာ မက်ထရစ်တန် ၃ ဒသမ ၃၄ သန်းရှိသည့်အတွက် နှစ်အလိုက် နှိုင်းယှဉ်ပါက သုံးရာခိုင်နှုန်းကျဆင်းပြီး နိုဝင်ဘာကရှိခဲ့သော သိုလှောင်လက်ကျန် မက်ထရစ်တန် ၃ ဒသမ ၃ သန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ်မြင့်တက်ခဲ့သည်ကို တွေ့ရသည်။

အိမ်ထောင်စုများတွင် ရှိသော သိုလှောင်လက်ကျန်မှာ ၄၉ ရက်အတွက် အလုံအလောက်ရှိပြီး ကူးသန်းရောင်းဝယ်ရေးသိုလှောင်ရုံများရှိ ဆန်သိုလှောင်လက်ကျန်မှာ ၃၂ ရက်အတွက် ကောင်းစွာလုံလောက်သည်။ အမျိုးသားအစားအစာ အာဏာပိုင်အဖွဲ့တွင် အပ်နှံထားသော ဆန်ပမာဏမှာ ၁၇ ရက်စာရှိသည်။

ဖိလစ်ပိုင် မိသားစုများ၏ သိုလှောင်လက်ကျန်မှာ စုစုပေါင်း သိုလှောင်လက်ကျန်၏ ထက်ဝက်ခန့်ရှိပြီး ကူးသန်းရောင်းဝယ်ရေး သိုလှောင်ရုံများရှိ လက်ကျန်ဆန်မှာ စုစုပေါင်းလက်ကျန်၏ ၁၂ ရာခိုင်နှုန်းရှိသည်။ အမျိုးသား အစားအစာ အာဏာပိုင်အဖွဲ့ရှိလက်ကျန်ပမာဏမှာ ၃၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။

တစ်ချိန်တည်းမှာ ဒီဇင်ဘာလကုန်စာရင်းအရ ပြောင်းသိုလှောင်လက်ကျန်မှာ မက်ထရစ်တန် ၃၆၉၉၈၀ ရှိခဲ့ရာ နှစ်အလိုက် နှိုင်းယှဉ်ပါက ၄၀ ရာခိုင်နှုန်း နီးပါး ကျဆင်းခဲ့သည်။ စုစုပေါင်းလက်ကျန်အနက် ကူးသန်းရောင်းဝယ်ရေး သိုလှောင်ရုံများတွင် ၅၉ ဒသမ ၀၄ ရာခိုင်နှုန်း၊ အိမ်ထောင်စုများရှိ သိုလှောင်လက်ကျန်က ၄၀ ဒသမ ၆၈ ရာခိုင်နှုန်းနှင့် NFA တွင် အပ်နှံသော လက်ကျန်မှာ သုညဒသမ ၂၈ ရာခိုင်နှုန်း ဖြစ်သည်။

## အိန္ဒိယပဲရက်သတ္တပတ်

ဇန်နဝါရီ ၉ ရက်က ထုတ်ပြန်ခဲ့သော အဂရီဝပ်ချ် ရက်သတ္တပတ် အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ ဆောင်းရာသီပဲမျိုးစုံ စိုက်ပျိုးမှုအခြေအနေနှင့် မွမ်ဘိုင်းဈေးကွက်တွင် ဖြစ်ပေါ်လျက်ရှိသော ပြည်တွင်းပဲဈေးနှုန်း၊ မြန်မာပဲမျိုးစုံနှင့် ပြည်ပမှဝင်ရောက်လာသော ပဲမျိုးစုံတို့၏ ဈေးနှုန်းများကို ဖော်ပြထားသည်။

**ပဲမျိုးစုံဆောင်းရာသီစိုက်ပျိုးမှု**

ဆောင်းရာသီပဲမျိုးစုံ စိုက်ပျိုးမှု အခြေအနေမှာ ၂၀၁၇ ခုနှစ်ဇန်နဝါရီ ၆ ရက်အထိ ဟက်တာ ၁၅၂ ဒသမ ၆၃ သိန်းထိရှိခဲ့ရာ ပုံမှန်စိုက်ပျိုးဧရိယာဖြစ်သော ဟက်တာ ၁၅၀ ဒသမ ၆၇ သိန်းထက် ၈ ဒသမ ၅၀ ရာခိုင်နှုန်း၊ ယခင်နှစ်ကာလတူက စိုက်ပျိုးခဲ့သော ဧရိယာဖြစ်သည့် ဟတ်တာ ၁၃၄ ဒသမ ၅၄ သိန်းထက် ၁၃ ဒသမ ၄၃ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးခဲ့သည်ကို တွေ့ရသည်။ ဆောင်းစိုက်ပဲမျိုးစုံတွင် အဓိကသီးနှံဖြစ်သော ကုလားပဲသီးနှံစိုက်ပျိုးမှုမှာ ဟက်တာ ၉၆ ဒသမ ၈၆ သိန်းရှိခဲ့ရာ ယခင်နှစ်ကာလတူက စိုက်ပျိုးမှုထက်သာလွန်ခဲ့သည်။ ရာသီဥတုအခြေအနေက ကောင်းမွန်လျက်ရှိသဖြင့် ပုံမှန်စိုက်ပျိုးမှုဧရိယာဖြစ်သော ဟက်တာ ၈၈ ဒသမ ၃၇ သိန်းကိုလည်း ကျော်လွန် စိုက်ပျိုးနိုင်သည်ကိုတွေ့ရသည်။ အနိမ့်ဆုံးထောက်ပံ့ ဈေးနှုန်း (MSP) မှာလည်း ဘောနပ်အပါအဝင် တစ်ကွင်တယ်ကို ရူပီး ၄၀၀၀ အထိ ရှိခဲ့သည့်အတွက်ကြောင့်လည်းကောင်း၊ ဈေးကွက်ဈေးနှုန်းများ၏ ဆွဲဆောင်မှုကြောင့်လည်းကောင်း ပဲတောင်သူတို့က ကုလားပဲကို တိုးချဲ့စိုက်ပျိုးလာကြသည်။ သို့သော်လည်း အန္ဒရာပရာဒေ့ရှ်နှင့် ကာနာတာကာ ဒေသတို့တွင် စိုက်ပျိုးမှုမှာ ၂၁ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့သည်။

ဆောင်းရာသီပဲမျိုးစုံ စုစုပေါင်း စိုက်ပျိုးမှုဧရိယာအနက် ယခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ပဲနီလေး စိုက်ပျိုးမှု အခြေအနေမှာ ဟက်တာ ၁၆ ဒသမ ၃၇ သိန်းရှိသည့်အတွက် ယခင်နှစ်ကာလတူ စိုက်ပျိုးခဲ့သော ဟက်တာ ၁၃ ဒသမ ၈၆ သိန်းထက် ၁၈ ဒသမ ၁၁ ရာခိုင်နှုန်း၊ ပဲစိမ်းလုံးက ယခင်နှစ်က စိုက်ပျိုးခဲ့သော ဟက်တာ ၁၁ ဒသမ ၀၇ သိန်းထက် ၁၉ ဒသမ ၅၅ ရာခိုင်နှုန်း ပိုမိုပြီး ဟက်တာ ၉ ဒသမ ၂၆ သိန်းထိ စိုက်ပျိုးနိုင်ခဲ့သည်။ ပဲတီစိမ်းကို ဇန်နဝါရီလကုန်အထိ ဆက်လက်စိုက်ပျိုးဦးမည်ဖြစ်သည့်အတွက် ပုံမှန်စိုက်ပျိုးဧရိယာကို ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဟု ခန့်မှန်းထားသည်။ မတ်ပဲစိုက်ပျိုးမှုမှာလည်း ယခင်ရက်သတ္တပတ် စိုက်ပျိုးမှုနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၅၉ ရာခိုင်နှုန်းပိုမိုပြီး ဟက်တာ ၇ ဒသမ ၆ သိန်းထိ စိုက်ပျိုးနိုင်ခဲ့သည်။ မိုးရာသီစိုက်ပျိုးမှုကလည်း အထွက်ကောင်းခဲ့သည့်အပြင် ဆောင်းရာသီစိုက်ပျိုးမှုကလည်း အလားအလာကောင်းမည့် အခြေအနေဖြစ်သည့်အတွက် ဈေးနှုန်းအပေါ်တွင် အကျိုးသက်ရောက်မှုရှိခဲ့သည်။

**အစိုးရဝယ်ယူဖြည့်တင်းမှု**

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ အိန္ဒိယအမျိုးသားလယ်ယာစိုက်ပျိုးရေး ကျေးလက်သမဝါယမဈေးကွက် ရှာဖွေရေးဖက်ဒရေးရှင်း (NAFED) က ပဲမျိုးစုံ တန်ချိန် ၁၅၆၄၃၄ တန်ကို အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း (MSP) ဖြင့်ဝယ်ယူဖြည့်တင်းခဲ့သည်။ စုစုပေါင်းဝယ်ယူခဲ့သော ပဲမျိုးစုံအနက် ပဲတီစိမ်း ၁၀၃၀၁၁ တန်၊ မတ်ပဲ ၄၆၁၆၀ တန်၊ ပဲစင်းငုံ ၇၂၆၃ တန်ကို ဝယ်ယူဖြည့်တင်းခဲ့သည်။ မတ်ပဲကို ဝယ်ယူရာတွင် ဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူခဲ့သည်။

**ပဲမျိုးစုံဈေးကွက် ဝင်ရောက်မှု**

အိန္ဒိယတောင်ပိုင်းရှိပဲမျိုးစုံတင်သွင်းသူများက ဒီဇင်ဘာ နောက်ဆုံးရက်သတ္တပတ်မှာ ပဲမျိုးစုံကုန်သေတ္တာ ၃၂၆ လုံး တင်သွင်းခဲ့သည်။ စုစုပေါင်းတင်သွင်းခဲ့သော ကုန်သေတ္တာများအနက် ပဲနီလေးက ကုန်သေတ္တာ ၁၇၁ လုံး၊ မတ်ပဲက ၈၆ လုံးနှင့် ကုလားပဲက ၆၅ လုံးရှိသည်။ ပဲတီစိမ်းနှင့် ပဲစင်းငုံက ၂၅ လုံးနှင့် ၁၈ လုံး အသီးသီးရှိခဲ့သည်။

ထို့ပြင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဩစတြေးလျမှ ကုန်သေတ္တာ ၂၃၇ လုံး နာဗာရှီဗာဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ ရောက်ရှိခဲ့သော ပဲမျိုးစုံအနက် မတ်ပဲက ကုန်သေတ္တာ ၁၄ လုံးနှင့် ပဲတီစိမ်း ၂ လုံးပါရှိကြောင်း သိရသည်။

ရာသီဥတုကောင်းမွန်မှုကို အခြေခံ၍ ၂၀၁၇-၁၈ ခုနှစ် ပဏာမခန့်မှန်းချက်အရ ၂၀၁၇-၁၈ သီးနှံရာသီတွင် ကုလားပဲထွက်ရှိမှုမှာ တန်ချိန် သိန်း ၉၀ ရှိမည့်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်ရာ ယခင်နှစ်ထွက်ရှိမှုနှင့် နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။ ရာသီအစတွင် ကုလားပဲအဝင်မှာ တန် ၁ ဒသမ ၆ သိန်းရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၇-၁၈ သီးနှံရာသီတွင် ကုလားပဲတင်သွင်းမှုကို တန်ချိန် ၁၀ သိန်းမှ ၅ သိန်းထိ ၅၀ ရာခိုင်နှုန်း လျှော့ချတင်သွင်းမည်ဟု ခန့်မှန်းထားသည်။

**ပဲမျိုးစုံဈေးနှုန်း**

လက်လီဈေးကွက်များမှ ဝယ်လိုအားကျဆင်းမှုနှင့် လက်ကားဝယ်ယူမှုများတွင်လည်း အကန့်အသတ်ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် လက်ငင်းဝယ်ယူသော ဈေးကွက်တွင် ဈေးနှုန်းကျဆင်းလျက်ရှိသည်။ သွင်းကုန်စီးဝင်မှုများပြားသည့်အတွက် ရောင်းလိုအားက မြင့်မားခဲ့သည်။ မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံနီဈေးက တစ်ကွင်တယ်ကို ရူပီး ၄၃၀၀နှုန်းရှိခဲ့သည့်အတွက် ယခင်ရက်သတ္တပတ်ဈေးအောက် ရူပီး ၃၀၀ နှုန်းကျဆင်းခဲ့သည်။ မတ်ပဲ FAQ ဈေးမှာ ရူပီး ၅၀၀ ကျဆင်းပြီး တစ်ကွင်တယ်ကို ရူပီး ၄၃၀၀ နှုန်းရှိခဲ့သည်။ အခြားပဲဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသဖြင့် ဈေးနှုန်းဆက်လက်ကျဆင်းမည့် လက္ခဏာရှိသည်။ မတ်ပဲ SQ က တစ်ကွင်တယ်ကို ရူပီး ၆၅၀၀ နှုန်းရှိသည်။

မြန်မာပဲစင်းငုံဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၆၀ ပေါက်ဈေးရှိသည်။ ပဲဟောင်းဈေးမှာ မွမ်ဘိုင်းဈေးကွက်တွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၅၀ ပေါက်ဈေးရှိသည်။ မတ်ပဲ FAQ ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၉၀ နှင့် SQ က ၉၆၅ ဒေါ်လာနှုန်းရှိသည်။ ပခုက္ကူပဲတီစိမ်းဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၃၀ နှုန်းရှိခဲ့သည်။

မွမ်ဘိုင်းဈေးကွက်တွင် ကုလားပဲဈေးမှာ ရူပီး ၃၀၀ ကျဆင်းပြီး တစ်ကွင်တယ်ကို ရူပီး ၆၂၀၀ နှုန်းရှိခဲ့သည်။ အီသီယိုးပီးယားနှင့် တန်ဇန်နီးယားမှ လာသော ကုလားပဲဈေးမှာ မွမ်ဘိုင်းဈေးကွက်တွင် တစ်ကွင်တယ်ကို ရူပီး ၆၅၀၀ နှင့် ၆၃၀၀ ဈေး အသီးသီးရှိခဲ့သည်။ ကုလားပဲစိုက်ပျိုးဧရိယာမှာ မြင့်တက်လျက်ရှိသဖြင့် ဈေးကျနိုင်သည့် အလားအလာရှိနေသည်။ ဖေဖော်ဝါရီလတွင် ပဲသစ်များဝင်ရောက်လာမည်ဖြစ်သည့်အတွက် လောလောဆယ်တွင် ဈေးတက်မည့် လက္ခဏာမရှိသေးပါ။ ဒေလီဈေးကွက်တွင် ရာဂျက်စသန် ကုလားပဲဈေးက တစ်ကွင်တယ်ကို ရူပီး ၆၉၀၀၊ မဒ္ဒယာပရာဒေ့ရှ် ကုလားပဲက ရူပီး ၆၄၀၀ နှုန်းရှိခဲ့သည်။ အားလုံးခြုံကြည့်မည်ဆိုပါက ကာလတိုနှင့် ကာလလတ်တွင် ဈေးနှုန်းကျဆင်းနေဦးမည် ဖြစ်သည်။ ကုလားပဲဈေးကို အခြေပြုလျက် မွမ်ဘိုင်းဈေးကွက်တွင် ပဲစိမ်းလုံးဈေးမှာ တစ်ကွင်တယ်ကို ၂၃၇၁ ရူပီးနှုန်းရှိခဲ့ပြီး ဈေးတက်ဦးမည့် လက္ခဏာမတွေ့ရပေ။မွမ်ဘိုင်းဈေးကွက်တွင် ရုရှားနှင့် ဟာဝီရာ ပဲစိမ်းလုံးပေါက်ဈေးမှာ တစ်ကွင်တယ်ကို ၂၃၅၁ ရူပီးနှင့် ၂၄၂၁ ရူပီးနှုန်း အသီးသီးရှိခဲ့သည်။ ပြည်တွင်းဈေးကွက်တွင် ပဲသစ်များ ဇန်နဝါရီမှ စတင်ဝင်ရောက်လာတော့မည် ဖြစ်သဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ မတ်လတို့တွင် ပဲစိမ်းလုံးဈေးမှာ ရူပီး ၂၀၀၀ ဝန်းကျင်သာရှိနိုင်သည်။

ပဲနီလေးဈေးကွက်တွင်လည်း ထုတ်လုပ်မှုမြင့်တက်မည့် အလားအလာ၊ ကနေဒါနှင့် ဩစတြေးလျ ပဲနီလေးတင်သွင်းမှု မြင့်တက်မည့် အခြေအနေတို့ကြောင့် ဈေးနှုန်းအခြေအနေမှာ ကျဈေးဘက်သို့ အလေးသာနေသည်။ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးရှိ ဈေးကွက်အများစုတွင် ပဲနီလေးဈေးက တစ်ကွင်တယ်ကို ရူပီး ၄၆၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိနေပြီး မွမ်ဘိုင်းဈေးကွက်တွင် ကနေဒါပဲနီလေးဈေးက တစ်ကွင်တယ်ကို ရူပီး ၄၃၀၀ နှုန်းနှင့် ဩစတေးလျ ပဲနီလေးက တစ်ကွင်တယ်ကို ရူပီး ၄၆၅၀ နှုန်းရှိခဲ့သည်။ ငွေစက္ကူတရားမဝင်ကြေညာမှုကြောင့် ပုံမှန်အရောင်းအဝယ်လုပ်ငန်းကို ထိခိုက်မှုရှိခဲ့ပြီး ဝယ်လိုအားကျဆင်းနေဦးမည့် အခြေအနေရှိသည်။

## ငွေစက္ကူ တရားမဝင်ကြေညာပြီးနောက် အိန္ဒိယနိုင်ငံ၏ စပါးဝယ်ယူဖြည့်တင်းမှု အရှိန်ရလာ

အိန္ဒိယနိုင်ငံ၏ စပါးဝယ်ယူဖြည့်တင်းမှုသည် ငွေစက္ကူတရားမဝင် ကြေညာမှုကြောင့် ဆိုးရွားစွာ ထိခိုက်မှုမရှိဘဲ ဆက်လက်အရှိန်ရနေကြောင်း ကွန်မိုဒီတီအွန်လိုင်းသတင်းတွင် ဖော်ပြသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ စာရင်းများအရ အိန္ဒိယအစားအစာ ကော်ပိုရေးရှင်း (Food Corporation of India) နှင့် အခြားဝယ်ယူဖြည့်တင်းရေး ကုမ္ပဏီများသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ပိုမိုဝယ်ယူနိုင်ခဲ့ကြောင်းသတင်းတွင် ဖော်ပြသည်။

ဝယ်ယူဖြည့်တင်းရေး အေဂျင်စီများသည် ၂၀၁၆-၁၇ ဝယ်ယူဖြည့်တင်းရေး ရာသီအတွက် ဝယ်ယူစုဆောင်းမှုများကို အောက်တိုဘာ ၁ ရက်မှစတင် ဆောင်ရွက်ခဲ့ပြီး အချို့သော ပြည်နယ်များတွင် ဝယ်ယူစုဆောင်းရေးလုပ်ငန်းများ ပြီးဆုံးနေပြီဖြစ်သည်။ ယခုလက်ရှိအချိန်ထိ ဝယ်ယူစုဆောင်းခဲ့ပြီးသော စပါးပမာဏမှာ မတ်ထရစ်တန် ၂၂ သန်းရှိပြီး ယခုနှစ်အတွင်း ပိုမိုဝယ်ယူစုဆောင်းနိုင်ခဲ့ကြောင်း ပြည်နယ်အတော်များများမှ အစီရင်ခံတင်ပြကြ သည်။

ဝယ်ယူစုဆောင်းမှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကကျသော ပြည်နယ်များဖြစ်သည့် ပန်ဂျပ်၊ ဟာယာနာနှင့် ချပ်တစ်ဂတ်ပြည်နယ်တို့တွင် တန် ၁၁ သန်း၊ ၃ ဒသမ ၅သန်းနှင့် ၃ ဒသမ ၀၃ သန်း အသီးသီးဝယ်ယူစုဆောင်းထားပြီးဖြစ်သည်။ တယ်လင်ဒါဂါနာပြည်နယ်မှလည်း တန် တစ်သန်းနှင့် ဥတ္တရာပရာဒေ့ရှ်မှလည်း လွန်ခဲ့သောသီတင်းပတ်အနည်းငယ်မှစ၍ ပြန်လည်ဝယ်ယူလျက်ရှိရာ လယ်သမားများထံမှ သုည ဒသမ ၆ သန်း ဝယ်ယူထားပြီးဖြစ်သည်။

ဆန်စပါး ဝယ်ယူမည့်ငွေများကို ပန်ဂျပ်နှင့် ဟာယာနာပြည်နယ်တို့မှအပ ကျန်ဒေသများတွင် MSP ဈေးနှင့်ညီမျှသော ငွေကြေးကို ဘဏ်များသို့ တိုက်ရိုက်လွှဲပြောင်းထားပြီးဖြစ်သဖြင့် ငွေစက္ကူတရားမဝင်ကြေညာမှုကြောင့် စပါးဝယ်ယူစုဆောင်းမှုကို ထိခိုက်မှုမရှိကြောင်း သိရသည်။ ပန်ဂျပ်နှင့် ဟာယာနပြည်နယ်တို့တွင် ကော်မရှင်အေးဂျင့်များသို့ တိုက်ရိုက်လွှဲပေးခဲ့သည်။

အစိုးရသည် ၂၀၁၆-၁၇ ရာသီအတွက် စပါးအနိမ့်ဆုံး ထောက်ပံ့ကြေးဈေးနှုန်း (MSP) ကို ရူပီး ၆၀ တိုးမြှင့်ကာ တစ်ကွင်တယ်ကို ရူပီး ၁၄၇၀ နှုန်းသို့ တိုးမြှင့်ပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ ခု စပါးရာသီကမူ အစိုးရအေဂျင်စီများက လယ်သမားများထံမှ စပါး တန် ၃၄ သန်း ဝယ်ယူခဲ့သည်။ ယခုရာသီအတွက် အစိုးရ၏ရည်မှန်းချက်မှာ တန် ၃၃ သန်းဖြစ်သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ကုန်သွယ်ရေးစာချုပ်နှင့် ပတ်သက်သောရပ်တည်ချက်ကို ထရမ့်က ပြန်လည်သုံးသပ်လိမ့်မည်ဟု ယုံကြည်ကြောင်း မလေးရှားဝန်ကြီးပြော

လွတ်လပ်စွာကုန်သွယ်ရေးသဘောတူ စာချုပ်များ (အက်ဖ်တီအေ) ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုက သူ၏တံခါးပေါက်များကို ပိတ်ထားရန် ရွေးချယ်မည်ဆိုပါက ဆုံးရှုံးမှုများနှင့် ရင်ဆိုင်တွေ့ကြုံလိမ့်မည် ဖြစ်ကြောင်း မလေးရှားနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဒါထိုဆယ်ရီ အွန်းကာချွန်၏ ပြောကြားချက်ကို စတားအွန်လိုင်း သတင်းတွင် ဖော်ပြသည်။

ဤအချက်ကို အခြေခံစဉ်းစားမည်ဆိုပါက အခြားနိုင်ငံများနှင့် ချုပ်ဆိုထားသော ကုန်သွယ်ရေးသဘောတူစာချုပ်များနှင့် ပတ်သက်၍ အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်တော့မည့် ဒေါ်နယ်ထရမ့်က သူ၏ရပ်တည်ချက်ကို ပြန်လည်သုံးသပ်လိမ့်မည်ဟုယုံကြည်ကြောင်း သူကပြောသည်။

"လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များချုပ်ဆိုရေးက လက်ရှိကမ္ဘာက ရှေ့ရှုနေတဲ့ လားရာတစ်ခု ဖြစ်ပါတယ်။ ဒါကို သမ္မတသစ်က ဂရုမစိုက်ဘူး၊ ကုန်သွယ်မှုတံခါးကို ပိတ်ထားမယ်ဆိုရင် သူ့နိုင်ငံစီးပွားရေးကို ထိခိုက်စေမှာ ဖြစ်ပါတယ်။ လွတ်လပ်စွာ ကုန်သွယ်မှုကို မလိုလားဘူးလို့ ရွေးချယ်ခံသမ္မတက ပြောပါတယ်။ ဒါပေမဲ့ သူတို့ ဒီကိစ္စကို ပြန်လည် သုံးသပ်ကြမယ်လို့ ကျွန်တော် ထင်ပါတယ်" ဟု အွန်းက ဇန်နဝါရီ ၈ ရက်က ပြောသည်။

ထရမ့်သည် ဇန်နဝါရီ ၂၀ ရက်တွင် ၄၅ ဦးမြောက် အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ မလေးရှားအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံက လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့စီးပွားရေး၏ ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုထားသော ပစိဖိတ် ဖြတ် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (တီပီပီ) ကို ဒေါ်နယ် ထရမ့်က ဆန့်ကျင်လျက်ရှိသည်။ စာချုပ်၏ ရည်ရွယ်ချက်မှာ အခွန်နှုန်းများ လျှော့ချခြင်း အပါအဝင် စီးပွားရေး ဆက်ဆံမှုများကို တိုးမြှင့်ပြီး စီးပွားရေး ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ချုပ်ဆိုထားသော လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူ စာချုပ် ၆၂၀ ရှိကြောင်း သူကပြောသည်။

ထရမ့်က မည်သည့်လမ်းကို ရွေးချယ်သည်ဖြစ်စေ ထွက်ပေါ်လာသော ရလဒ်ကို လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသူကပြောသည်။

တီပီပီ သဘောတူစာချုပ်ကို အမေရိကန် ပြည်ထောင်စုမပါဘဲ ဆက်လက်ဆောင်ရွက်သွားနိုင်သော်လည်း ထိရောက်မှုမရှိနိုင်ကြောင်း သူက ပြောသည်။ တီပီပီ သဘောတူစာချုပ်အပြင် အခြား နိုင်ငံများနှင့် သဘောတူစာချုပ်သစ်များ ချုပ်ဆိုနိုင်မည့် နည်းလမ်းများကို မလေးရှားနိုင်ငံက ရှာဖွေလျက်ရှိကြောင်းသူက ပြောသည်။

# ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ၂၀၁၆ ခုနှစ်အတွင်း ဗီယက်နမ်၌ ဆုံးရှုံးမှုမြင့်တက်



ကွန်ပျူတာ ဗိုင်းရပ်စ်များကြောင့် ဖြစ်ပေါ်ရသော ဆုံးရှုံးမှုမှာ ၂၀၁၆ ခုနှစ်တွင် ဗီယက်နမ်ဒေါင် ၁၀ ဒသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာသန်း ၄၇၀) အထိရှိခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်က ဆုံးရှုံးခဲ့သော ဗီယက်နမ်ဒေါင် ၈ ဒသမ ၇ ထရီလီယံနှင့် နှိုင်းယှဉ် ပါက ဆုံးရှုံးမှု ပိုမိုခဲ့သည်ဟု BKAV Technology Group ကနောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ယူအက်စ်ဘီမှတစ်ဆင့် ဗိုင်းရပ်စ်ကူးစက်သော Ransomware ဗိုင်းရပ်စ်က Message များကိုပေးပို့ပြီး ဆိုက်ဘာတိုက်ခိုက်မှုများကိုပြုလုပ်ခဲ့ရာ ၂၀၁၆ ခုနှစ်အတွင်း ဤပြဿနာမှာ အဓိက ပြဿနာဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

Ransomware သည် ကွန်ပျူတာ ဗိုင်းရပ်စ်တစ်မျိုးဖြစ်ပြီး ကူးစက်ခံရသော ကွန်ပျူတာကို တိုက်ခိုက်ကာ ငွေများကို ခိုးယူသော ဗိုင်းရပ်စ်တစ်မျိုးဖြစ်သည်။ ၂၀၁၆ ခုနှစ်က Ransomware ပျံ့နှံ့မှု အဆမတန် ဖြစ်ပွားခဲ့ရာ ပေးပို့သော အီးမေးလ် စုစုပေါင်း ၁၆ ရာခိုင်နှုန်းမှာ Ransomwsare များဖြစ်ပြီး ၂၀၁၅ ခုနှစ်က ပြန့်ပွားမှုနှင့် နှိုင်းယှဉ်ပါက အဆ ၂၀ ခန့် ပိုမိုခဲ့သည်ကို တွေ့ရသည်။

မိုက်ခရိုဆော့ဖ်က Auto run ဖန်ရှင်ဖြင့် နှိမ်နင်း ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ယူအက်စ်ဘီမှတစ်ဆင့် ဗိုင်းရပ်စ်ပြန့်ပွားမှုမှာ မြင့်တက်ခဲ့ပြီး ယူအက်စ်ဘီအားလုံး အနက် ၈၃ ရာခိုင်နှုန်းမှာ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည်။

ယူအက်စ်ဘီမှတစ်ဆင့် ဗိုင်းရပ်စ်ကူးစက်ခံရသော ကွန်ပျူတာအရေအတွက် ၁၆ သန်းရှိခဲ့သည်။ ၂၀၁၅ ခုနှစ်က ကဲ့သို့ပင် ၂၀၁၆ ခုနှစ်တွင်လည်း ကွန်ပျူတာ အသုံးပြုသူများသည် အီးမေးလ်တွင်ပါသော File Attachment များကို တိုက်ရိုက်ဖွင့်သော အလေ့အကျင့်ရှိခဲ့သည်။ သို့ရာတွင် ဖေ့စ်ဘုတ်နှင့် မိုဘိုင်းဖုန်း ဝန်ဆောင်မှုလုပ်ငန်းများက သတင်းမှား ပေးပို့မှုများကို ထိန်းချုပ်နိုင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အခြားဗိုင်းရပ်စ်တစ်ခုမှာ APT ဗိုင်းရပ်စ်ဖြစ်ပြီး ဇူလိုင်လအတွင်းက ဗီယက်နမ်လေကြောင်းလိုင်းများကို အောင်မြင်စွာ တိုက်ခိုက်ခဲ့သော ဗိုင်းရပ်ဖြစ်သည်။ ဤ ဗိုင်းရပ်စ်ပိုးကို ၂၀၁၂ ခုနှစ်က စတင်တွေ့ရှိခဲ့ခြင်း ဖြစ်၍ ဟက်ကာများ ဤ ဗိုင်းရပ်စ်ကို ဖြန့်ပြီး မကြာမီမှာပင် BKAV Technology Group က ထောက်လှမ်းတွေ့ရှိခဲ့သည်။

၂၀၁၇ ခုနှစ်တွင်လည်း စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများကို APT က တိုက်ခိုက်မှုများ ပိုမိုဆောင်ရွက်လာနိုင်ကြောင်း BKAV က ခန့်မှန်းထားသည်။

# စီးပွားရေးအကျပ်အတည်းအတွင်း တောင်ကိုရီးယားနိုင်ငံ ကျရောက်ရန်ဦးတည်နေ

တောင်ကိုရီးယားနိုင်ငံသည် သမိုင်းတွင် မကြုံဖူးအောင် ဆိုးရွားသော စီးပွားရေး ကသောင်းကနင်း အဖြစ်မျိုးကြုံတွေ့စေနိုင်မည့် အခြေအနေမျိုးရှိနေကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ဤကဲ့သို့ အခက်အခဲများနှင့် ကြုံတွေ့နိုင်ဖွယ် ရှိသည့်အတွက် ဘဏ္ဍာရေးသုံးစွဲမှုကို တိုးမြှင့်သုံးစွဲရာတွင် တောင်ကိုရီးယားအစိုးရက လောလောဆယ် ချမှတ်ထားသော ပမာဏထက် ပိုမိုသုံးစွဲရန်လိုမည်ဖြစ်ကြောင်း တောင်ကိုရီးယား အတိုင်ပင်ခံ အဖွဲ့တစ်ဖွဲ့၏ အကြီးအကဲက ပြောသည်။

တောင်ကိုရီးယားနိုင်ငံသည် ပြည့်ဝသော မုန်တိုင်း (Perfect Storm) ဟုခေါ်သော မုန်တိုင်းထန်သည့် အခက်အခဲများ မကြာမီကြုံတွေ့စေနိုင်ကြောင်းနှင့် ထိုသို့ကြုံတွေ့ရပါက ရင်းနှီးမြှုပ်နှံမှု အပါအဝင် ဖွံ့ဖြိုးရေးမဏ္ဍိုင်သုံးရပ်၏ အင်အားချိနဲ့သွားစေနိုင်ကြောင်း ကိုရီးယားစီးပွားရေး သုတေသန သိပ္ပံ (Korea Economic Research Institute) ၏ အကြီးအကဲက ပြောသည်။

"တောင်ကိုရီးယားနိုင်ငံ ရင်ဆိုင်တွေ့ကြုံနေရတဲ့ အကျပ်အတည်းက အပြင်းထန်ဆုံး မုန်တိုင်းသဖွယ်ဖြစ်ပြီး စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ပို့ကုန် လုပ်ငန်းတွေ ပြိုကွဲနိုင်ပါတယ်။ ဒီအခြေအနေအရဆိုပါက အစိုးရကဆောင်ရွက်နေတဲ့ ဘဏ္ဍာငွေသုံးစွဲမှုနဲ့ စီးပွားရေးကို အားပေးတဲ့လုပ်ငန်း အကျိုးသက်ရောက်မှုမရှိသေးတာကို ပြသနေပါတယ်"ဟု ချီကာဂိုမြို့တွင် ပြုလုပ်သော ကိုရီးယား-အမေရိက စီးပွားရေးအသင်း၏ နံနက်စာ စားပွဲတွင် သုတေသီ အကြီးအကဲက ပြောသည်။

၂၀၁၆ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ နှစ်အလိုက် နှိုင်းယှဉ်ပါက ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၄၉၅ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ဒုတိယမြောက်နှစ်အဖြစ် ဆက်တိုက် ကျဆင်းခဲ့သည်။

အိမ်ထောင်စုကြွေးမြီ မြင့်မားလာမှုကြောင့် ယခင်နှစ်တစ်နှစ်လုံးမှာ စားသုံးသူသုံးစွဲမှု ဆက်တိုက် ကျဆင်းခဲ့သည်။ စက်တင်ဘာလကုန်အထိ စာရင်းအရ တောင်ကိုရီးယားနိုင်ငံ၏ အိမ်ထောင်စု ကြွေးမြီ ပမာဏ စံချိန်တင်မြင့်တက်လာကာ ဝမ် ၁၂၉၅ ဒသမ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀၇၆ ဘီလီယံ) ရှိခဲ့ကြောင်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ်က ပြောသည်။

# ဒီဇင်ဘာ ပို့ကုန်တင်ပို့မှု နှစ်အလိုက် မြင့်တက်ခဲ့သော်လည်း စင်ကာပူနိုင်ငံ၏ ရှေ့အလားအလာ မှေးမှိန်

စင်ကာပူနိုင်ငံ၏ ရေနံမဟုတ်သော ပို့ကုန်လုပ်ငန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဒီဇင်ဘာအတွင်း မြင့်တက်ခဲ့သော်လည်း ရှေ့အလားအလာမှာ မရေမရာ ဖြစ်ကြောင်း ရိုက်တာ သတင်းဌာနမှ ကောက်ယူထားသော သဘောထား စစ်တမ်းအရ သိရကြောင်း ဇန်နဝါရီ ၁၃ ရက်က ရိုက်တာ သတင်းတွင် ဖော်ပြသည်။

ရေနံစိမ်းမဟုတ်သော ပို့ကုန်မှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် ၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက စီးပွားရေးပညာရှင် ၁၀ ဦးကို ကောက်ခံခဲ့သော စစ်တမ်းအရ သိရသည်။

နိုဝင်ဘာတွင် ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံသို့ တင်ပို့မှုမြင့်တက်ခဲ့သည့်အတွက် စင်ကာပူ ပို့ကုန်လုပ်ငန်းမှာ ၁၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

"ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာတဲ့အတွက် စင်ကာပူရဲ့ အီလက်ထရွန်းနစ် ထုတ်လုပ်မှုကို အထောက်အကူဖြစ်ခဲ့ပါတယ်" ဟု Moody's Analytics မှ လေ့လာဆန်းစစ်ရေးမှူးတို့က ပြောသည်။ စင်ကာပူပို့ကုန်လုပ်ငန်းရှင်များ၏ အခြေအနေမှာလည်း တိုးတက်ကောင်းမွန်နေကြောင်း သူတို့ကပြောသည်။

သို့သော်လည်း ၂၀၁၆ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့် ပတ်သက်၍ အခြားလေ့လာ ဆန်းစစ်သူတို့က သံသယရှိကြသည်။

"တရုတ်နိုင်ငံ အပါအဝင် ဒေသတွင်း ပို့ကုန်လုပ်ငန်းတွေကို ယခင်နဲ့နှိုင်းယှဉ်ရင် အခြေအနေ ကောင်းလာတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ရေရှည်တည်တံ့မယ့် သဘော မရှိသေးပါဘူး"ဟု မီဇူဟိုဘဏ်မှ အကြီးတန်း စီးပွားရေးပညာရှင် ဗစ်ရှနူး ဗာရာသန်က ပြောသည်။

ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း ကိုယ်ကျိုးစီးပွား ကာကွယ်မှုမူဝါဒဘက်က ရပ်တည်ခဲ့သူ အမေရိကန်ရွေးချယ်ခံ သမ္မတ ဒေါ်နယ်ထရမ့်ကိုလည်း ကုန်သွယ်မှုကို မှီခိုအားထားနေရသည့် စင်ကာပူနိုင်ငံက အန္တရာယ်တစ်ခုအဖြစ် ရှုမြင်ထားကြောင်း လေ့လာဆန်းစစ်သူတို့က ပြောသည်။

လအလိုက်နှင့် ရာသီအလိုက် ညှိနှိုင်းမှုအခြေခံဖြင့် တွက်ချက်မည်ဆိုပါက ရေနံ စိမ်းမဟုတ်သော စင်ကာပူပို့ကုန်များသည် ၅ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု သဘောထား စစ်တမ်းအရ သိရသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စု ရွေးချယ်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ သတင်းစာရှင်းလင်းပွဲပြီးနောက် ဇန်နဝါရီ ၁၂ ရက်မှာ အာရှငွေကြေး အများစု၏တန်ဖိုးများ မြင့်တက်လာသည်ကို တွေ့ရသည်။ အမေရိကန်သမ္မတတာဝန်ကို လွှဲပြောင်းယူတော့မည့် ထရမ့်သည် ဇန်နဝါရီ ၁၁ ရက်တွင် သတင်းစာရှင်းလင်းပွဲကို ကျင်းပရာတွင် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အသေးစိတ်ပြောကြားခြင်း၊ အခွန်လျှော့ချမှုနှင့် အခြေခံအဆောက်အအုံ အသုံးစရိတ်နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခြင်း မရှိသည့်အတွက် ရင်းနှီးမြှုပ်နှံသူတို့ စိတ်ပျက်စရာဖြစ်ခဲ့သည်။

အမေရိကန်ဒေါ်လာကို ထိန်းထားသူတို့က ငွေပြန်ဖော်မည့် အနေအထားရှိနေသည့်အတွက် ကာလတိုအတွင်း ထွန်းသစ်စ အာရှငွေကြေးများ၏ တန်ဖိုးမှာ ဆက်လက် မြင့်တက်နေဦးမည်ဖြစ်ကြောင်း စင်ကာပူအခြေစိုက် ဆူမိတိုမိုမစ်ဆူအီ ဘဏ်လုပ်ငန်းကော်ပိုရေးရှင်းမှ အကြီးတန်း ကမ္ဘာ့ဈေးကွက် လေ့လာဆန်းစစ်ရေးမှူး ဆာတိုရှိအို ကာဂါဝါက ပြောသည်။ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက အာရှငွေကြေးအများစု၏ အတိုးနှုန်းမှာ ပိုမိုမြင့်မားသည့်အတွက် အမေရိကန်ဒေါ်လာကို အကြာကြီးကိုင်စွဲထားခြင်းဖြင့် အကျိုးမရှိနိုင်ကြောင်း အိုကာဂါဝါက ပြောသည်။

### တရုတ်ယွမ်

ထရမ့်၏ ပထမဆုံး သတင်းစာရှင်းလင်းပွဲပြီးနောက် ဇန်နဝါရီ ၁၂ ရက်တွင် တရုတ်ယွမ်ငွေကြေး တန်ဖိုးမြင့်တက်ခဲ့သည်။

ဟောင်ကောင်တွင် ရောင်းချသော Offshore ယွမ်သည် ဇန်နဝါရီ ၁၂ ရက် နေ့လယ်တွင် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၄၄၅ ယွမ်နှုန်းသို့ ရောက်ရှိကာ ရက်သတ္တပတ်တစ်ပတ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ ရှန်ဟဲတွင် ရောင်းချသော Onshore ယွမ်တန်ဖိုးမှာ သုညဒသမ ၅၄ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၉၇၇ ယွမ်နှုန်းရှိခဲ့သည်။ နေ့လယ်ဘက်တွင်မူ တစ်ဒေါ်လာကို ၆ ဒသမ ၈၉၁၇ နှုန်းသို့ ရောက်ရှိကာ တစ်ပတ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ ဗဟိုဘဏ် ရည်ညွှန်းဖလှယ်နှုန်းကိုမူ ယခင်နေ့ကထက် သုည ဒသမ ၀၈၅ ရာခိုင်နှုန်း မြင့်တင်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၉၁၄၁ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။

### အိန္ဒိယရူပီး

တိုင်းပြည်စီးပွားရေး ကိန်းဂဏန်းများ၏ အခြေအနေမှာ တိုးတက်ကောင်းမွန်မှုရှိသော်လည်း ဘဏ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ဝယ်လိုအားမြင့်မားလာတဲ့အတွက် ဇန်နဝါရီ ၁၃ ရက်မှာ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် သုညဒသမ ၁၁ ရူပီးနှုန်း ကျဆင်းခဲ့ပြီး တစ်ဒေါ်လာကို ၆၈ ဒသမ ၁၉ ရူပီးနှုန်း ရှိခဲ့သည်။ သွင်းကုန် လုပ်ငန်းရှင်များ၏ အမေရိကန်ဒေါ်လာ ဝယ်လိုအားကြောင့် ရူပီးတန်ဖိုး ကျဆင်းခဲ့သော်လည်း ပင်လယ်ရပ်ခြားဒေသ၌ အခြားငွေကြေးများနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုး ကျဆင်းမှုနှင့် ပြည်တွင်း ရှယ်ယာဈေးကွက်တွင် အိန္ဒိယရှယ်ယာတန်ဖိုး မြင့်တက်မှုကြောင့် ကျဆင်းမှု သက်သာခဲ့ကြောင်း ဝယ်ရောင်းသမားတို့က ပြောသည်။

### ဂျပန်ယန်း

တိုကျိုဈေးကွက်တွင် ဇန်နဝါရီ ၁၃ ရက်က အမေရိကန်ဒေါ်လာနှင့် ယန်းငွေ ဖလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာကို ၁၁၄ ဒသမ ၅ ယန်း အထက်တွင် ရှိခဲ့သည်။

ဇန်နဝါရီ ၁၂ ရက် ညနေ ၅ နာရီက နယူးယောက်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၄ ဒသမ ၇၀ ယန်းနှင့် တိုကျိုတွင် ၁၁၄ ဒသမ ၃၀ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီတွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၄ ဒသမ ၆၇ ယန်းနှုန်း ရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာ ဇန်နဝါရီ ၁၂ ရက် ညနေက နယူးယောက်တွင် တစ်ယူရိုကို ၁ ဒသမ ၀၆၀၉ ဒေါ်လာနှင့် ၁၂၁ ဒသမ ၇၄ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်တွင် တစ်ယူရိုကို ၁ ဒသမ ၀၆၃၀ ဒေါ်လာနှင့် ၁၂၁ ဒသမ ၅၀ ယန်းနှုန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို ၁ ဒသမ ၀၆၁၆ ဒေါ်လာနှင့် ၁၂၁ ဒသမ ၇၅ ယန်းနှုန်းရှိခဲ့သည်။

### မလေးရှားရင်းဂစ်

ရက်သတ္တပတ် မကုန်ဆုံးမီ ပြည်တွင်းရင်းဂစ်ငွေကြေးကို ဝယ်လိုအား ကျဆင်းလာသည့်အတွက် ဇန်နဝါရီ ၁၃ ရက်ဈေးဖွင့်ချိန်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ရင်းဂစ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောသည်။

ဇန်နဝါရီ ၁၂ ရက်က အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းမှာ တစ်ဒေါ်လာကို ၄ဒသမ ၄၅၆၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီတွင် တစ်ဒေါ်လာကို ၄ ဒသမ ၄၆၀၀ ရင်းဂစ်နှုန်းရှိခဲ့သည်။

အခြားသော ငွေကြေးများနှင့် ဖလှယ်ရာတွင်မူ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့သည်။

### ကိုရီးယားဝမ်

တောင်ကိုရီးယား ရှယ်ယာများ မြင့်တက်လာချိန်တွင် နိုင်ငံခြားနှင့် လက်လီရင်းနှီးမြှုပ်နှံသူတို့က ပြန်လည်ရောင်းချမှုမြင့်တက်လာသည့်အတွက် ဇန်နဝါရီ ၁၃ ရက်တွင် တောင်ကိုရီးယား ရှယ်ယာများ တန်ဖိုးကျဆင်းခဲ့သည်။ သို့သော်လည်း ဝမ်ငွေကြေးတန်ဖိုးမှာမူ ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ၁၀ ဝမ်နှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၇၄ ဒသမ ၇၀ ဝမ်နှုန်းဖြစ်ခဲ့သည်။

### ထိုင်းဘတ်

အမေရိကန်ဒေါ်လာကို ဝယ်ယူထားသူများက ပြန်လည်ရောင်းချခြင်းနှင့် ထိုင်းအီကွိတီရှယ်ယာဈေးကွက်အတွင်းသို့ ငွေကြေးများစီးဝင်လာသည့်အတွက် ထိုင်းဘတ်တန်ဖိုး မြင့်တက်လာကြောင်း ကုန်သည်များက ပြောသည်။ ထိုင်းဘတ်ငွေသည် အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၃၀ ဘတ်နှုန်းထိ ရောက်ရှိခဲ့ရာ နိုဝင်ဘာလလယ်နောက်ပိုင်း ဘတ်တန်ဖိုးအမြင့်ဆုံးဖြစ်ခဲ့သည်။

ဘဏ်တင်-စုစည်းတင်ပြသည်

## အမေရိကန်ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်မှုကြောင့် မလေးရှားနိုင်ငံ အများဆုံး ထိခိုက်နိုင်

မလေးရှားနိုင်ငံသည် အာရှပစိဖိတ်ဒေသတွင် ဘဏ္ဍာရေးအရ ပေါင်းစည်းမှုအများဆုံး သုံးနိုင်ငံအနက် တစ်ခုအဖြစ်ပါဝင်နေသည့်အတွက် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကိုမြှင့်တင်သောအချိန်တွင်ဖြစ်စေ ကမ္ဘာ့စီးပွားရေးနှေးကွေးမှုအတွက် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်သည့်အချိန်တွင်ဖြစ်စေ ဖြစ်ပေါ်လာသော ရိုက်ခတ်မှုများကို အများဆုံးခံရသည့် ဒေသဖြစ်နိုင်ကြောင်း ဇန်နဝါရီ ၁၁ ရက်က ကမ္ဘာ့ဗဟိုဘဏ်၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး မလေးရှားဝက်ဘ်ဆိုက် the edge market သတင်းတွင် ဖော်ပြသည်။

မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သည် ဘဏ္ဍာရေးအရ ပေါင်းစည်းမှုမြင့်မားပြီး နိုင်ငံခြားငွေကြေး အသုံးပြုဆောင်ရွက်သော အချိန်တိုချေးငွေများ များပြားကြောင်း ကမ္ဘာ့ဘဏ်က ထပ်လောင်းဖော်ပြသည်။ မလေးရှားအပါအဝင် ကုန်စည်ပို့ကုန်လုပ်ငန်း ဆောင်ရွက်သော နိုင်ငံများသည် ၂၀၁၆ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအားနည်းခဲ့ကြောင်းနှင့် ထိုသို့အားနည်းမှုကြောင့် ပြန်လည်ချိန်သားကိုက်ညှိမှုများ ထူးထူးခြားခြား ဆောင်ရွက်ရန်လိုအပ်ကြောင်း ဇန်နဝါရီ ၁၁ ရက်က ထုတ်ပြန်သော ကမ္ဘာ့ စီးပွားရေးအလားအလာ အစီရင်ခံစာတွင် ဖော်ပြသည်။

ယခုနှစ်တွင် အာရှဒေသတွင်းရှိ ကုန်စည်တင်ပို့သော နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှု မြင့်တက်မည်ဟု ခန့်မှန်းကြောင်း၊ စွမ်းအင်ဈေးနှုန်း ကျဆင်းမှု သက်သာပြီး ကုန်စည်ဈေးနှုန်းများ တည်ငြိမ်လာသည့်အတွက် မလေးရှားဂျီဒီပီ တိုးတက်နှုန်းသည် ၂၀၁၆ ခုနှစ်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။

## အေတီအမ်စက်များတွင် ငွေသားပိုမိုထည့်ပေးရန် အိန္ဒိယအစိုးရနှင့်အိန္ဒိယဗဟိုဘဏ်က တိုက်တွန်း




အေတီအမ်စက်များ အပြည့်အဝ လုပ်ငန်းဆောင်ရွက်စေနိုင်ရန် အေတီအမ်စက်များနှင့် ကျေးလက်ဒေသများသို့ ငွေသားများ ပိုမိုလွှဲပြောင်းပေးရန် အိန္ဒိယအစိုးရနှင့် အိန္ဒိယဗဟိုဘဏ်တို့က ဘဏ်များကို တိုက်တွန်းထားကြောင်း တိုင်းမ်အော့ အိန္ဒိယသတင်းတွင် ဖော်ပြသည်။

ငွေစက္ကူအချို့ကို တရားမဝင်ကြောင်း နိုဝင်ဘာ ၈ ရက်က ကြေညာခဲ့ရာ နှစ်လနီးပါး ကြာမြင့်ခဲ့ပြီးနောက်ပိုင်း ဘဏ်များက အချိန်ပိုဆင်း၍ ဆောင်ရွက်လျက်ရှိသည့်တိုင်အောင် နိုင်ငံတစ်ဝန်းရှိ အလိုအလျောက် ငွေထုတ်စက် (အေတီအမ်) များတွင် ငွေကြေးပြတ်လပ်လျက်ရှိပြီး အချို့ကို ပိတ်ထားရသည်။ အေတီအမ်စက်များတွင် ငွေသားပြတ်လပ်နေသည့်အတွက် နိုင်ငံတစ်ဝန်းလုံးမှ ကန့်ကွက်ပြောဆိုလျက်ရှိကြသည်။

"အေတီအမ်စက်တွေမှာ ငွေသားတွေထည့်ပေးဖို့နဲ့ ကျေးလက်ဒေသနဲ့ ဝေးလံခေါင်ပါးဒေသတွေမှာ ငွေကြေးတွေကို အလုံအလောက်ထားရှိပေးဖို့ ဘဏ်တွေကို ပြောထားပါတယ်" ဟု အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောသည်။

လာမည့်ရက်သတ္တပတ်ကစပြီး အေတီအမ်စက်များ၏ အခြေအနေအဆမတန် ပိုမို ကောင်းမွန်လာမည်ဖြစ်ကြောင်းနှင့် လွန်ခဲ့သောရက်အနည်းငယ်မှစပြီး အေတီအမ်စက်များမှ ငွေသားရရှိနိုင်မှုအခြေအနေမှာ ထူးထူးခြားခြား ကောင်းမွန်လာကြောင်း သူကပြောသည်။ တစ်နိုင်ငံလုံးတွင် အေတီအမ်စက်အလုံးပေါင်း ၂ ဒသမ ၁၂ သိန်းအနက် ၆၆ ရာခိုင်နှုန်းမှာ အပြည့်အဝ လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း သူကပြောသည်။

နောက်တစ်ဆင့်တွင် အေတီအမ်စက်များ ရာနှုန်းပြည့် အပြည့်အဝ လည်ပတ်နိုင်အောင် အဓိကထား ဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် ဇန်နဝါရီလကုန် သို့မဟုတ် ဖေဖော်ဝါရီလဆန်းတွင် အေတီအမ်စက်များ အပြည့်အဝ လည်ပတ်နိုင်မည်ဟု ခန့်မှန်းကြောင်း သူကပြောသည်။



# AYAR MYAT PYAY

## Engineering & Construction Service Co., Ltd

## အောက်ဖော်ပြပါ လုပ်ငန်းများကို လူကြီးမင်းတို့ စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါသည်။





» စက်ရုံ၊ အထပ်မြင့်ဟိုတယ်၊ အထပ်မြင့်လူနေအိမ်၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းနှင့် ဌာနဆိုင်ရာ အဆောက်အဦများ၊ ဆိုင်ခန်းများ၊ တည်ဆောက်ခြင်း ( Steel Structure & RCC ) နှင့် General Renovation လုပ်ကိုင်ပေးခြင်း။

» အဆောက်အဦများအား Estimate, Archi-tech, Structure Design Drawing ( 2D, 3D & Sketchup ) ရေးဆွဲတွက်ချက်ပေးခြင်း။

» အဆောက်အဦမျိုးစုံအား P.A.E (ပုတ်ပြတ်စနစ်ဖြင့် ဆောက်လုပ်ပေးခြင်း)။

» Labour ကန်ထရိုက်/ ကြီးကြပ်ခတို့ဖြင့် ဆောက်လုပ်ပေးခြင်း။

» M & E လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။

» Survey လုပ်ငန်းများကို မြန်ဆန်တိကျစွာ ဆောင်ရွက်ပေးခြင်း။

























Contect Us: Bld No.Da-91, Dau Noe Kuu Quarter, Dau Noe Kuu Street, Loikaw Township, Kayah State.
Fax: 95-083-240040, Tel; 083240040, 09-8614179, 09-5108530, Email: amp8614179@gmail.com, Website: www.ampengg.com

# New Day Energy Co.,Ltd

အရည်အသွေး မှန်ကန်သော စက်သုံးဆီများကို အခြင်အတွယ် အပြည့်အဂဖြင့်
ရောင်းချပေးလျက်ရှိသည့် **New Day** စက်သုံးဆီအရောင်းဆိုင်များမှ ကြိုဆိုပါသည်။

Member Card, Prepaid Card များဖြင့် အရောင်းဆိုင်အားလုံးတွင် Discount Point များ ရယူ၍
ဝယ်ယူအားပေးနိုင်ပါသည်။




**ဝယ်ယူနိုင်သောစက်သုံးဆီများ**

- အဆင့်မြင့်ဓာတ်ဆီ 92 Octane
- အဆင့်မြင့်ဓာတ်ဆီ 95 Octane
- အဆင့်မြင့်ဓာတ်ဆီ 97 Octane
- ဒီဇယ်ဆီ (0.05% Sulphur)
- အဆင့်မြင့်ဒီဇယ်ဆီ (0.005% Sulphur)

## စက်သုံးဆီအရောင်းဆိုင်များ၏ တည်နေရာ

➡ ND-001
ဘားကရာလမ်းနှင့်ဗဟိုလမ်းထောင့်၊ ရန်ကုန်မြို့။

➡ ND-002
မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။

➡ ND-003
ဝေဇယန္တာလမ်းထောင့်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။

➡ ND-004
အောက်ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

➡ ND-005
ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

➡ ND-006
စစ်ကိုင်း-မန္တလေးလမ်း၊ တမ္ပဝတီရပ်၊ မန္တလေးမြို့။

➡ ND-007
ရန်ကုန်-မန္တလေးလမ်း၊ မြစ်ငယ်၊ မန္တလေးမြို့။

➡ ND-008
ရန်ကုန်-မန္တလေးလမ်း၊ ရှမ်းတဲကျေးရွာအနီး၊ မိတ္ထီလာမြို့။

➡ ND-009
မုံရွာ-မန္တလေးလမ်း၊ နတ်လှူထိပ်ပန်ရပ်ကွက်၊ မုံရွာမြို့။

➡ ND-010
မောင်ငံရပ်၊ မော်လမြိုင်မြို့။

➡ ND-011
မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့။

➡ ND-012
ဗိုလ်ချုပ်လမ်း၊ မူယာပင်ရပ်ကွက်၊ ပြည်မြို့။

➡ ND-014
ဝွေးချိုလမ်းဆုံ၊ ဝွေးချိုမြို့။

➡ ND-015
အမှတ် (၁) ရပ်ကွက်၊ မြို့မလမ်း၊ ပခုက္ကူမြို့။

➡ ND-016
အမှတ် (၉) ရပ်ကွက်၊ အုတ်ကျုတ်တန်း၊ တောင်ငူမြို့။

➡ ND-017
ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့။

➡ ND-018
မကွေး-ပြည်လမ်းဆုံ၊ တောင်တွင်းကြီးမြို့။

➡ ND-019
ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ ညောင်ဦးမြို့။

Email : headoffice@newdayenergymm.com

COMMERCE INTERNATIONAL

# ဒေါ်နယ်ထရမ့်၏ မူဝါဒများကြောင့် အိန္ဒိယဆေးဝါးလုပ်ငန်းကို မထိခိုက်

အမေရိကန် ပြည်ထောင်စုတွင် အဆိုပြုထားသော ကျန်းမာရေးစောင့်ရှောက်မှု မူဝါဒအပြောင်းအလဲများကြောင့် အိန္ဒိယကုမ္ပဏီများအပေါ်တွင် ဂယက်ရိုက်ခတ်မှုအနည်းငယ်သာ ရှိလာနိုင်မည်ဟု အိန္ဒိယဆေးဝါးထုတ်လုပ်သူများနှင့် ဆေးဝါးတင်ပို့သူများက ဇန်နဝါရီ ၁၂ ရက်က ပြောကြားကြောင်း ဘိဇနက်စတန်းဒတ်သတင်းတွင် ဖော်ပြသည်။

အိုဘားမား ကျန်းမာရေးစောင့်ရှောက်မှု အက်ဥပဒေ (Obamacare Act) ကို ပြန်လည်ရုပ်သိမ်း၍ အစားထိုးပြဌာန်းမည်ဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများကို အမေရိကန်နိုင်ငံသို့ ပြန်လည် ရွှေ့ပြောင်းမည်ဖြစ်ကြောင်းနှင့် ဆေးဝါးစောင့်ရှောက်မှုအတွက် အစိုးရက ကတိပြုထားသော လူမှုအာမခံအစီအစဉ်အတွက် လေလံခေါ်ယူရာတွင် စနစ်သစ်ဖြင့် ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်တွင် ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၂ ရက် စတော့ဈေးကွက်များဖွင့်ချိန်တွင် ဆေးဝါးကုမ္ပဏီများ၏



ရှယ်ယာများ ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ သို့သော်လည်း ဈေးနှုန်းများ ကျဆင်းခြင်းမှာ လွန်ကဲလွန်းကြောင်း ကျွမ်းကျင်သူတို့ ဝေဖန်ပြောကြားပြီးနောက်ပိုင်း ရှယ်ယာဈေးများ ပြန်လည်ဦးမော့လာသည်။

"အိန္ဒိယ ဆေးဝါးလုပ်ငန်းတွေက အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းသက်သာတဲ့ ဆေးဝါးတွေပေးသွင်းပြီး အမေရိကန်ပြည်ထောင်စုရဲ့ ကျန်းမာရေးကုန်ကျစရိတ်သက်သာအောင် ဆယ်စုနှစ်တစ်စုလောက် အထောက်အကူပေးထားခဲ့ပါတယ်။ အမေရိကန်သမ္မတက ဈေးနှုန်းသတ်မှတ်တဲ့ ပုံစံသစ်တွေကို ချမှတ်ပေးပြီး တန်ဖိုးကြီးတဲ့ ဆေးဝါးတွေကို သက်သာတဲ့ဈေးနှုန်းရအောင် အလေးပေးဆောင်ရွက်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အိန္ဒိယနိုင်ငံထုတ် ကုန်အမှတ်တံဆိပ်မပါတဲ့ ဆေးဝါး (Generic Drug) တွေက အမေရိကနပြည်ထောင်စုမှာ နာမည်ကြီးတံဆိပ်နဲ့ရောင်းနေတဲ့ ဆေးဝါးနဲ့နှိုင်းယှဉ်ရင် ဆယ်ပုံတစ်ပုံလောက် သက်သာပါတယ်။ မူဝါဒပြောင်းလဲတဲ့ ဂယက်ကြောင့် အိန္ဒိယဆေးကုမ္ပဏီတွေကို မဆိုသလောက်သာ ထိခိုက်မှုရှိနိုင်ပါတယ်"ဟု Biocom ကုမ္ပဏီ၏ဥက္ကဋ္ဌ ကီရန်မာစွမ်ဒါက ပြောသည်။

ထရမ့်၏ ဝေဖန်ပြောကြားချက်သည် မက္ကဆီကိုနှင့် ပွာတိုရီကိုမှာ ဆေးဝါးများထုတ်လုပ်ပြီး အမေရိကန်ပြည်ထောင်စုတွင် ပြန်လည်ရောင်းချသော အမေရိကန်ကုမ္ပဏီများကိုသာ ရည်ရွယ်ကြောင်း၊ အိန္ဒိယဆေးဝါးကုမ္ပဏီများကို မရည်ရွယ်ကြောင်း အိန္ဒိယ ဆေးဝါးထုတ်လုပ်ရေးမဟာမိတ်အဖွဲ့ အထွေထွေအတွင်းရေးမှူး ဒီဂျီရှားက ပြောသည်။

ဉာဏ်တင် စုစည်းတင်ပြသည်

# Memory Chip ဈေးနှုန်းမြင့်တက်မှုကြောင့် ဆမ်ဆောင်းရှယ်ယာများမြင့်တက်

ဆမ်ဆောင်း အီလက်ရွန်းနစ် ရှယ်ယာများ၏ တန်ဖိုးသည် ဇန်နဝါရီ ၈ ရက်က အမြင့်ဆုံးထိ ရောက်ရှိခဲ့ကြောင်းနှင့် ဤသို့မြင့် တက်ခဲ့ရခြင်းမှာ Memory Chip ဈေးနှုန်းမှာ မကြုံစဖူး မြင့်တက်လာသည့်အတွက် ဆမ်ဆောင်း၏ဝင်ငွေမြင့်တက်လာမည်ဟု ခန့်မှန်းချက်ကြောင့်ဖြစ်ကြောင်း ကိုရီးယားတိုင်းမ်သတင်းတွင် ဖော်ပြသည်။

ဆိုးလ်မြို့ စတော့ဈေးကွက်တွင် ဆိုလ်းမြို့အခြေစိုက် ဆမ်ဆောင်း အီလက်ထရွန်းနစ်၏ ရှယ်ယာတစ်ခုလျှင် ဝမ် ၁ ဒသမ ၈၇၅ သန်းအထိ ရောက်ရှိခဲ့သည်။ ယခင်က ဆမ်ဆောင်းရှယ်ယာတစ်ခု၏ စံချိန်တင်ဈေးနှုန်းမှာ ၁ ဒသမ ၈၃၁ သန်းအထိသာ ရောက်ရှိခဲ့သည်။

ဆမ်ဆောင်း၏ စတော့ရှယ်ယာများ မြင့်တက်ခဲ့ရခြင်းမှာ Memory Chip ၏ အလားအလာများ ကောင်းမွန်လာခြင်းကြောင့်ဖြစ်ကြောင်း အထူးသဖြင့် DRAM နှင့် NAND Chip များမှာ ကွန်ပျူတာများနှင့် စမတ်ဖုန်းသို့မဟုတ် တက်ဘလက်ကဲ့သို့ မိုဘိုင်းကိရိယာများတွင် အသုံးပြုသောအခါ သိုလှောင်နိုင်မှုစွမ်းအား မြင့်မားမှုကို အကြောင်းပြုပြီး ဝယ်လိုအား မြင့်တက်လာသောကြောင့်ဖြစ်သည်။

အထူးသဖြင့် ဒေတာသိုလှောင်မှုကို ထုထည်ကြီးမားစွာ သိုလှောင်နိုင်မှုကြောင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြသည့်အတွက် လောလောဆယ်တွင် NAND Chip များ၏ ရောင်းချမှု ဖွံ့ဖြိုးတိုးတက်မည့် အလားအလာများ မြင့်မားနေဆဲဖြစ်သည်။

"ဒီနှစ်ထဲမှာ ဆမ်ဆောင်းရဲ့ ဝင်ငွေမြင့်တက်လာမယ်လို့ ခန့်မှန်းကြတဲ့အတွက် ဆမ်ဆောင်းအီလက်ထရွန်းနစ်ရဲ့ ရှယ်ယာဈေးကို မူလက ရှယ်ယာတစ်ခုကို ဝမ် ၂ ဒသမ ၃ သန်းရှိမယ်လို့ ခန့်မှန်းထားရာမှ ဝမ် ၂ ဒသမ ၅ သန်းထိ တိုးမြှင့်ခန့်မှန်းထားပါတယ်။ ဆမ်ဆောင်းရဲ့ ဒီနှစ်ဝင်ငွေက စံချိန်တင်မြင့်တက်မယ်လို့ ခန့်မှန်းရပါတယ်။ ဒီလိုခန့်မှန်းရတာကလည်း 3D NAND Chip များနှင့် OLED စတဲ့ ပစ္စည်းများရဲ့ နည်းပညာတိုးတက်မှုကြောင့်ဖြစ်ပါတယ်"ဟု eBEST Investment & Securities မှ လေ့လာဆန်းစစ်ရေးမှူး အီးယိကျူဂျင်းက ပြောသည်။

ဆမ်ဆောင်းကုမ္ပဏီ၏ ၂၀၁၆ ခုနှစ် စတုတ္ထသုံးလပတ်အတွက် အကြမ်းအမြတ်မှာ ဝမ် ၉ ဒသမ ၂ ထရီလီယံရှိခဲ့တဲ့အတွက် ယခင်နှစ်က အကြမ်းအမြတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၈၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း ဇန်နဝါရီ ၆ ရက်က ထုတ်ပြန်သော ကုမ္ပဏီ၏ အစီရင်ခံစာတွင် ဖော်ပြသည်။ မကြာသေးမီက Galaxy Note 7 များကို ပြန်လည်သိမ်းယူခဲ့ရသဖြင့် ဆုံးရှုံးမှုကို Chip ထုတ်လုပ်မှုဖြင့် အစားထိုးနိုင်ခဲ့ကြောင်း လေ့လာဆန်းစစ်ရေးမှူးများက တစ်ညီတစ်ညွတ်တည်းပြောသည်။





# စင်ကာပူတွင် အလုပ်အကိုင် နေရာ လစ်လပ်မှု ခုနစ်ရာခိုင်နှုန်း ကျဆင်း

စင်ကာပူနိုင်ငံ၏ အလုပ်သမားဈေးကွက်တွင် စင်ကာပူနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်မရသေးတဲ့ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များအား အလုပ်အကိုင်ခန့်အပ်ခြင်းကို ကန့်သတ်ရန် အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် စင်ကာပူအလုပ်အကိုင် ဈေးကွက်အခြေအနေ ကျဆင်းခဲ့ကြောင်း စင်ကာပူဘိဇနက်ရီဗျူးသတင်းတွင် ဖော်ပြသည်။

ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ် စတုတ္ထသုံးလပတ်တွင် စင်ကာပူနိုင်ငံ၌ အလုပ်အကိုင် လစ်လပ်နေရာ ခုနစ်ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အလုပ်အကိုင်ရရှိရန် ရှာဖွေသူဦးရေ ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း မော်ဂန်မက်ကင်လေး၏ အစီရင်ခံစာတွင် ဖော်ပြသည်။ ယခုကဲ့သို့ ကျဆင်းရခြင်းမှာ စင်ကာပူနိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့်မရသေးသည့် နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များအား အလုပ်အကိုင်ခန့်အပ်ခြင်းကို ကန့်သတ်ခြင်းကြောင့်ဖြစ်ကြောင်း ပြစ်တင်ပြောကြားကြသည်။

အလုပ်အကိုင်ခန့်ထားမှုကို ကန့်သတ်ချက်များမှာ အလုပ်ရှင်နှင့် အလုပ်အကိုင်ရှာဖွေသူ နှစ်ဦးစလုံးအတွက် စိုးရိမ်ဖွယ်ဖြစ်စေသည့် အဓိကအကြောင်းရင်းဖြစ်ကြောင်း မော်ဂန်မက်ကင်လေးအေးရှပစိဖိတ်ကုမ္ပဏီမှ ရစ်ချီဟောလီးဒေးက ပြောသည်။ အလုပ်အကိုင်ခန့်အပ်မှုကို ကန့်သတ်လိုက်သည့်အတွက် စီးပွား ရေးလုပ်ငန်းတစ်ခုသည် သတ်မှတ်ထားသော ခွဲတမ်းသို့ ရောက်ရှိသွားပါက စီးပွားရေးလုပ်ငန်းအတွက် လိုအပ်ချက်လည်းရှိ၊ အရည်အသွေးပြည့်ဝသူကိုလည်း ရရှိနိုင်သည့် အနေအထားရှိသည့်တိုင်အောင် စင်ကာပူနိုင်ငံသားနှင့် အမြဲတမ်း နေထိုင်ခွင့်ရသူ (Permanent Resident) မဟုတ်ပါက ခန့်အပ်ခွင့်မရှိတော့သည့်သဘောဖြစ်နေကြောင်း သူကပြောသည်။

ထိုထက်ပိုဆိုးသည်မှာ စင်ကာပူတွင် လုပ်သားဈေးကွက်ရှားပါးပြီး အလုပ်ရှင်အများစုသည် ပြည်ပမှ အလုပ်သမားများကိုသာ မှီခိုနေရသည့်အတွက် အစိုးရ၏ အများကြိုက်မူဝါဒမှာ စီးပွားရေးဘဝလက်တွေ့နှင့် ကွာခြားနေကြောင်း သူကပြောသည်။

"အလုပ်အကိုင်ခန့်ထားရေး ခွဲတမ်းစနစ်ကြောင့် စင်ကာပူနိုင်ငံက စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် ဆွဲဆောင်မှု နည်းသောနိုင်ငံတစ်နိုင်ငံဖြစ်လာတယ်လို့ အလုပ်အကိုင်ရှာဖွေသူတွေနဲ့ အလုပ်ရှင်တွေ နှစ်ဦးစလုံးက ပြောလာကြပါတယ်"ဟု သူကပြောသည်။ စင်ကာပူနိုင်ငံ အလုပ်သမားဈေးကွက်တွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုမှာ ခွဲတမ်းစနစ်တစ်ခုတည်း မဟုတ်ဘဲ လူနေမှုကုန်ကျစရိတ် တဖြည်းဖြည်းကြီးထွားခြင်းနှင့် လုပ်ခလစာ ဖောင်းပွမှု မြင့်မားလာခြင်းတို့လည်း ပါဝင်ကြောင်း ဟောလီးဒေးက ထောက်ပြသည်။ "ဒီအကြောင်းတရား နှစ်ခုစလုံးက ဘဏ္ဍာရေးလုပ်ငန်းများရှိ အလုပ်အကိုင်များအတွက် စင်ကာပူနိုင်ငံကို အချက်အချာကျအောင် ဆောင်ရွက်ရာမှာ ဆွဲဆောင်မှု ကျဆင်းစေတဲ့ အချက်တွေဖြစ်ပါတယ်"ဟု သူကပြောသည်။